ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

## ဂျာနယ်

ဗမာပြည်ကွန်မြူနစ်ပါတီ

၁၉၃၉ ၇၀ ပြည့် အထိမ်းအမှတ် ၂၀၀၉


၁ ... စာတည်းအဖွဲ့အစီရင်ခံစာ

၃ ... ထုတ်ပြန်ချက်များ

၈ ... နှစ် (၇၀) ခရီး
အတွေ့အကြုံနှင့်သင်ခန်းစာများ

၁၄ ... ဗကပ နဲ့ အလုပ်သမား

၁၇ ... ဗကပ နဲ့
သမိုင်းဝင်လယ်သမားလှုပ်ရှားမှုများ

၂၈ ... ဗကပ နဲ့ ကျောင်းသားသမဂ္ဂ

ဗကပ နဲ့ လူမျိုးစုအင်အားစုများ ... ၃၀

ပါတီထဲရှိနေတဲ့
စည်းရုံးရေးပြဿနာများ ... ၃၅

ဒီမိုကရေစီဗဟိုချုပ်ကိုင်မှု ... ၄၀

ပါတီသမိုင်းပညာပေးကြမည်ဆိုလျှင် ... ၄၅

ရန်သူကိုမိတ်ဆွေဖြစ်အောင်လုပ်ရေး ... ၅၀

ဗမာပြည်ကွန်မြူနစ်ပါတီ
ဖြတ်သန်းခဲ့တဲ့ နှစ် (၇၀) ... ၅၂


အမှတ် (၃၁)

ဩဂုတ်၊ ၂၀၀၉ ခုနှစ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်

၁၉၃၉ ၇၀ ပြည့် အထိမ်းအမှတ် ၂၀၀၉

အမှတ် ( ၃၁)

ဩဂုတ်၊ ၂၀၀၉ ခုနှစ်။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်

# နှစ် (၇၀) ပြည့်အထိမ်းမှတ်

## စာတည်းအဖွဲ့၏ အစီရင်ခံစာ

(၁) နှစ် '၇၀' ပြည့်အထိမ်းအမှတ်အဖြစ် ထုတ်ဝေပါသည်။ အထူးထုတ် မဟုတ်ပါ။ အဓိကတင်ပြချင်သည့် အချက် (၂) ချက်ကိုပဲ ကွက်ပြီးတင်ပြမှာ ဖြစ်ပါသည်။

(၂) ပထမတင်ပြချင်သည့်အချက်မှာ ဗကပ ကို အသက်ရှည်စေသည့် ရေသောက်မြစ်များကို တင်ပြဖို့ ဖြစ်ပါသည်။ 'ဗကပ နဲ့ ဗကသ ကျောင်းသားများ' – 'ဗကပ နဲ့ အလုပ်သမားအရေးတော်ပုံတက်ကြွသူများ' – 'ဗကပ နဲ့ လယ်သမားအရေးတော်ပုံတပ်သားများ' စသဖြင့် ဆောင်းပါးများရေးပြီး တင်ပြထားပါသည်။

ကြိုတင်ပြီး ပြောထားလိုသည်မှာ အထောက်အထား သိပ်ပြည့်စုံမှာ မဟုတ်ပါ။ (သို့သော်) အချက်အလက် ခိုင်မာပါသည်။ ဗကပ သစ္စာဖောက်များက လိုသလို ဆွဲရေးသည့် 'သမိုင်းအဖြစ်မှန်' မျိုး မဟုတ်ပါ။

(၃) ဒုတိယ တင်ပြလိုသည့်အချက်မှာ – ဗကပ ၏ မိမိကိုယ်ကို ဝေဖန်ရေး လုပ်ဟန်ကို တင်ပြဖို့ ဖြစ်သည်။ 'ဖြုတ် – ထုတ် – သတ်' လမ်းစဉ်များအပေါ် နိဂုံးချုပ်ချက် လုပ်ထားသည့်ဆောင်းပါး (၂) ပုဒ် တင်ပြထားပါသည်။ ရန်သူအစိုးရက ဦးတည်ပြီး အတိုက်ခံရသော နိုင်ငံရေးအင်အားစုများအတွက် ဗကပ ၏ 'ကိုယ်တွေ့သင်ခန်းစာ' ကို ပြန့်စေလိုသည့်အကြောင်းကြောင့် တင်ပြခြင်း ဖြစ်ပါသည်။

(၄) နောက်ထပ်တင်ပြလိုသည်မှာ နှစ် ‘၇၀’ သက်တမ်းဆိုတာ နိုင်ငံတကာ့စံချိန်အရ ‘ချာတိတ်’ ဖြစ်ပါသည်။ ဗမာပြည်နိုင်ငံရေးစံချိန်အရတော့ ‘ဖိုးသက်ရှည်’ ပါ။ ဒါအတွက် ဂုဏ်ယူရသလို နှစ် (၈၀) နှစ် (၉၀) နှစ် (၁၀၀) အတွက်လည်း ကြိုတင်ပြင်ဆင်ထားပါသည်။ ဗကပ ၏ ပထမမျိုးဆက်ရဲ့ခေတ်က (စစ်နဲ့တော်လှန်ရေးခေတ်ကို ဖြတ်သန်းခဲ့သူများခေတ်က) ကုန်ဆုံးစပြုနေပါပြီ။ အခု – ဒုတိယမျိုးဆက်ရဲ့ခေတ်ကို ဖြတ်သန်းနေပါသည်။ သူတို့ရဲ့ခေတ်လွန်ကာလအတွက် အခုကတည်းက ပြင်ထားပါသည်။ ရန်သူဝိုင်းဝိုင်းလည်နေသည့် ပါတီတိုင်းသည် အခြေခံလုပ်တန်းစားရေသောက်မြစ်နဲ့ မကင်းကွာသမျှ၊ ဆန္ဒစွဲအမှားကင်းသမျှ အသက်ရှည်ပါလိမ့်မည်။

(၅) ပါတီက ဖြတ်သန်းနေရသည့် မျက်မှောက်ကာလသည် နှစ် ၇၀ သက်တမ်းတွင် အခက်ခဲဆုံးကာလ ဖြစ်သည်။ ကမ္ဘာတွင် မာ့က်စ်ဝါဒ ခေတ်မစားချိန် ဖြစ်သည်။ ခေတ်အဆက်ဆက်က မာ့က်စ်ဝါဒကို ဆန့်ကျင်ခဲ့ကြသော ပုဂ္ဂိုလ်များ၏ ဝါဒမျိုးစုံတစ္ဆေများ တစခန်းပြန်ထနေသည့်အချိန် ဖြစ်သည်။ ညီအစ်ကိုပါတီများသည်လည်း သူတို့တိုင်းပြည်၏ အခြေအနေများအရ ‘၂၁ မာ့က်စ်ဝါဒ’ ကို ရှာဖွေစမ်းသပ်နေကြရသည့်အချိန် ဖြစ်သည်။ ကျွန်တော်တို့ ရင်ဆိုင်နေရသော စစ်ဗျူရိုကရက်ခေနရှင်လုပ်တန်းစားကလည်း မာန်မာနအတက်ကြီး တက်နေချိန် ဖြစ်သည်။

ထို့ကြောင့် ပါတီအနေနဲ့ အမှားအယွင်း အတိမ်းအစောင်း မရှိအောင် သတိပြုရပါမည်။ ဟိုတုန်းကဆိုလျှင် အမှားအယွင်း အတိမ်းအစောင်းကို ခံနိုင်ရည်ရှိခဲ့ပါသည်။ ရောမအမှားကြီး မှားတာကိုပင် ခံနိုင်ရည်ရှိခဲ့ပါသည်။ ယခုတော့ အမှားအယွင်းအတိမ်းအစောင်းကလေးကိုပင် ခံနိုင်ရည်မရှိသည့်အခြေအနေ ဖြစ်ပါသည်။

တပါတီလုံးက နိုင်ငံတကာ့အခြေအနေ၊ ပြည်တွင်းအခြေအနေများကို စူးစမ်းလေ့လာတာ များများလုပ်ရပါမည်။ မပြောခင်၊ မလုပ်ခင် စူးစမ်းလေ့လာတာ လုပ်ထားပါက အမှားအယွင်းနည်းလိမ့်မည်။ ပြောပြီးလုပ်ပြီးလျှင်လည်း ပြန်လည်ဆန်းစစ်တာလုပ်လျှင် အမှားရှိက မြန်မြန်ပြင်နိုင်ပါလိမ့်မည်။

**စာတည်းအဖွဲ့**

**<u>သတင်းစာဆရာကြီးဦးဝင်းတင်အား</u>**
**<u>ထောင်မှလွှတ်ပေးခြင်းနှင့်ပတ်သက်၍</u>**
**<u>ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်</u>**
**အမှတ် (၅/၂၀၀၈)**
**(၂၄ - ၉ - ၂၀၀၈)**

သတင်းစာဆရာကြီးဦးဝင်းတင်ကို ဖမ်းထားပြီး ၁၉ နှစ်ကျော်အကြာမှာ နအဖ အစိုးရက လွှတ်လိုက်ပါပြီ။

ဤသည်မှာ ပြည်သူလူထုအတွက် အားကောင်းပြီး အရေးပါသည့် တိုက်အားတခု တိုးလာခြင်းပင် ဖြစ်သည်။ ယနေ့ နိုင်ငံရေးအခြေအနေအရ မျှော်လင့်တုန်းကြော့ဆုံးပေါ်လာသည်မျိုးဖြစ်သဖြင့် ပြည်သူတွေ အလွန်ပင် ရွှင်လန်းအားတက်ကြမည်မှာ သေချာပါသည်။

သို့သော် နအဖ အစိုးရက ဦးဝင်းတင်အား ၄၀၁ ဖြင့် လွှတ်ပေးသည် ဟူသည့်အဖြစ်မျိုးရောက်ရန် ယုတ်မာစွာကြံစည်ခဲ့ခြင်းကို ပြတ်ပြတ်သားသား ရှုတ်ချလိုက်ပါသည်။ နောင်တွင် နိုင်ငံရေးအကျဉ်းသားများအပေါ် ဤသို့ကောက်ကျစ်စွာ အမြတ်မထုတ်ရန် နအဖ အစိုးရကို သတိပေးလိုပါသည်။

နအဖ အနေဖြင့် သူတို့၏စိတ်ရင်းစေတနာနှင့် အခြေခံရိုးသားမှုကို ဖော်ပြလိုပါက အကျဉ်းထောင်များအတွင်းရှိ ပြစ်ဒဏ်ကျပြီးသူ၊ မကျသေးသူ၊ နိုင်ငံရေးအကျဉ်းသားမှန်သမျှနှင့် အိမ်ချုပ်ချထားသူတွေကို အမြန်ဆုံး လွှတ်ပေးရမည် ဖြစ်သည်။ ထို့ပြင် သူတို့အား မိမိတို့ယုံကြည်သောနိုင်ငံရေးအား လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးရမည် ဖြစ်ပါသည်။

## သမိုင်းကခြွင်းချန်ခဲ့တဲ့ ပြဿနာကို မှန်မှန်ကန်ကန် ကိုင်တွယ်ရေးနဲ့ ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက် အမှတ် ၁/၂၀၀၉
## (၁၈ – ၂ – ၂၀၀၉)

(၁) ဘင်္ဂလားဒေ့ရှ်နဲ့ ပင်လယ်ရေပြင်ပိုင်နက်ကိစ္စ အငြင်းပွားတာ မပြီးသေးဘူး။ ‘ရိုဟင်ဂျာကိစ္စ’ ပေါ်လာပြန်ပြီ။

ရေပြင်ပိုင်နက်ကိစ္စက ပိုပြီးရှုပ်ထွေးလိမ့်မယ်။ ရှင်းရတာလည်း ပိုခက်လိမ့်မယ်။ မှန်မှန်ကန်ကန် မကိုင်တွယ်တတ်ရင် ပြဿနာကြီးလာပြီး စစ်ဖြစ်နိုင်တယ်။ စစ်ဖြစ်ရင် တိုင်းပြည်နာလိမ့်မယ်။

(၂) မှန်မှန်ကန်ကန်ကိုင်တွယ်ရေးဆိုတာ တဖက်သတ်လျှော့ပေးရေး မဟုတ်ဘူး။ သူ့ဘက်ကိုယ့်ဘက် မျှမျှတတစဉ်းစားပြီး စေ့စပ်ဆွေးနွေးဖို့ပဲ။ တရုတ်နဲ့တုန်းကလည်း ဒီလိုပဲ ဖြေရှင်းခဲ့ရတာပါ။ ဘင်္ဂလားဒေ့ရှ်နဲ့လည်း ဒီလိုပဲ လုပ်ရမှာပဲ။ ရေပြင်ပိုင်နက်ကိစ္စနဲ့ လူမျိုးရေးကိစ္စပါနေတော့ တရုတ်နဲ့ဖြေရှင်းရတာလောက် လွယ်မှာ မဟုတ်ဘူး။ ၂ နိုင်ငံတည်း ကျိတ်ပြီးဖြေရှင်းလို့ရမယ့်ကိစ္စ မဟုတ်လို့ဘဲ။ နိုင်ငံတကာက အနည်းနဲ့အများ ပါလာရမှာပဲ။ ဒါကို ‘နအဖ’ လက်ခံရလိမ့်မယ်။

(၃) သီပေါလက်ထက် မန္တလေးနေပြည်တော်နန်းတွင်းမှာ ‘နယ်ချဲ့အင်္ဂလိပ်ဝင်လာရင် တိုက်ထုတ်ပစ်လိုက်တာပေါ့’ ပြောတဲ့သူနဲ့ နယ်ချဲ့တောင်းသမျှကို အလျှော့ပေးလိုက်ချင်တဲ့သူ ကွဲခဲ့ကြပြီး တိုင်းပြည်ပါသွားရတာမျိုး မဖြစ်စေဘဲ ပျဉ်းမနားနေပြည်တော်က စစ်ဗိုလ်ကြီးများ အမြော်အမြင်ရှိရှိ လုပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

## ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်စစ်ဆေးခြင်းနဲ့ ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက် အမှတ် ၂/၂၀၀၉ (၂၃ - ၅ - ၂၀၀၉)

နအဖ ဟာ ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်နိုင်တာဟာ သူတို့အချက်ပဲဆိုပြီး ဝမ်းသာအူမြူးနေကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ဒီအချက်ဟာ အခု သူတို့အတွက် အခက်ဖြစ်မှန်းမသိ ဖြစ်လာနေပါပြီ။

သူတို့က ဒေါ်အောင်ဆန်းစုကြည်ကို လူထုမျက်ကွယ် အင်းစိန်ထောင်ထဲမှာ တံခါးပိတ်ပြီး တရားစီရင်ဖို့ ကြံစည်ပေမယ့် အခုတော့ ဒါဟာ လူထုကို နှိုးဆွလိုက်သလိုဖြစ်ပြီး ဗမာပြည်တနံတလျားမှာ 'အများပြည်သူရှေ့မှာ (open court) စစ်ဆေးရမယ်' ဆိုတဲ့အသံတွေ မြည်ဟီးလာနေပါတယ်။ ထောင်ထဲမှာ တံခါးပိတ်ပြီးလုပ်တဲ့ တရားစီရင်မှုမျိုးဟာ ဘယ်နည်းနဲ့မှ တရားမျှတမှု မရှိနိုင်ဘူး ဆိုတာ လူတိုင်းသိပါတယ်။ ဒါကြောင့်မို့ အခုအခါ အင်းစိန်ထောင်တဝိုက်မှာ စုရုံး–စုရုံး၊ ဟိုနားမှာ စုရုံး–စုရုံး၊ ဒီနားမှာ စုရုံး–စုရုံးဆိုတာမျိုးတွေ စဖြစ်လာနေတာပါ။ တဆက်တည်း ရဲတွေ၊ စွမ်းအားရှင်တွေလည်း ၂၄ နာရီ စောင့်နေရပါပြီ။ နိုင်ငံတကာက အပြစ်တင်တာတွေလည်း ပိုတိုးများလာနေပါတယ်။

ပိုလ်သန်းရွှေတို့ တကယ်တမ်းသတ္တိရှိတယ်ဆိုရင် ပိုလ်နေဝင်းက သခင်စိုးကို စစ်သလိုမျိုးတောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို စစ်ဆေးကြည့်ပါလား၊ မဝံ့ပါဘူး။ (တကယ်က ပိုလ်နေဝင်းဟာ သခင်စိုးအပေါ် တရားစီရင်တာ မဟုတ်ပါဘူး၊ တကိုယ်တော် လက်နက်ချလာတဲ့ သခင်စိုးကို ကြံဖတ်ဖြစ်အောင် ကြိတ်တာပါ၊ 'ရာဇဂုမ္ဗတ္တက' ဖြစ်အောင် အပုပ်ချတာသာ ဖြစ်ပါတယ်။) အဲဒီတုန်းက သခင်စိုးအမှုကို လူထုရှေ့မှာ စစ်တာမဟုတ်ပေမယ့် သတင်းစာတွေထဲမှာ သတင်းကို မပြတ်ဖော်ပြ၊ လူတွေ အကန့်အသတ်နဲ့ တက်နားထောင်ခွင့်တွေ ပေးခဲ့ပါတယ်။ မီဒီယာတွေလည်း သွားနားထောင်ခွင့်ရပါတယ်။ မတူတာက သခင်စိုးဟာ ကိုယ့်ကိုယ်ကို ဘာမှမကာကွယ်တော့ဘဲ စိတ်လုံးလုံးလျှော့ထားပြီဖြစ်နေပြီး ဒေါ်အောင်ဆန်းစုကြည်ကတော့ ကိုယ့်မူပေါ်ကနေ တပြားသားမှ အလျှော့မပေးဘဲ တင်းတင်းရပ်ခံနေတာပဲ ဖြစ်ပါတယ်။ အခုကိုပဲ ဟန်ဆောင်ပန်ဆောင်သဘောမျိုးနဲ့ နိုင်ငံခြားသံတမန်တချို့ကို တရက်ဝင်ခွင့်ပေးလိုက်တော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မူပေါ်မှာ တည်ကြည်စွာ ရပ်တည်တယ်ဆိုတဲ့ လူထုမျှော်လင့်တဲ့အသံတွေ ကြားလိုက်ရတယ် မဟုတ်ပါလား။

အထက်မှာ ပြောခဲ့သလို ဟိုနားမှာ စုရုံး–စုရုံး၊ ဒီနားမှာ စုရုံး–စုရုံး ဆိုတာတွေဟာ တာစူမှုတခုလို့ ပြောရင်ရပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို ဒါလောက်နဲ့ တန့်မနေသင့်ပါဘူး။ အများပြည်သူ့ရှေ့မှောက်မှာ စစ်ဆေးရေးအတွက် အင်းစိန်ထောင် တဝိုက်မှာ စုရုံးတယ် ဆိုတာကနေ ရန်ကုန်မြို့နေရာအနှံ့မှာ၊ တခြားမြို့တွေ၊ ရွာတွေမှာလည်း လှုပ်ရှားကြတယ် ဆိုတာမျိုးဖြစ်အောင် လုပ်သင့်ပါတယ်။

အင်းစိန်ထောင် တဝိုက်မှာပဲ လှုပ်ရှားရတာဟာ စစ်သဘောပြောရရင် သူ့သတ်ကွင်းထဲမှာ လှုပ်ရှားရတာမျိုး ဖြစ်နေပါတယ်။ ဒီတော့ ကိုယ့်ဘက်က ပြောက်ကျားတိုက်သလို ရန်သူ မမျှော်လင့်တဲ့နေရာမှာ အလစ်ထွက်တိုက်တဲ့ နည်းမျိုးတွေကနေ အစချီရပါမယ်။ နောက်ပြီး တိုက်ပွဲသဏ္ဍာန်တွေ၊ နည်းနာတွေလည်း အမျိုးမျိုးဖြစ်အောင် လုပ်ရပါမယ်။ ပိုစတာကပ်တာ၊ လက်ကမ်းစာစောင်ဝေတာ၊ မေတ္တာပို့တာစတဲ့ ဘယ်တော့မှ မရိုးနိုင်တဲ့နည်းတွေကိုလည်း သုံးရမှာပါပဲ။ တပ်ရင်းတပ်ဖွဲ့တိုင်းကြံ့/ဖွံ့ဌာနတိုင်း၊ အုပ်ချုပ်ရေး ဌာနတိုင်းသို့ စာတိုက်ကိုသုံးပြီး စာတွေ၊ ပို့စကာဒ်တွေ ပို့နိုင်ပါတယ်။ ပို့စကာဒ်ကို ပြည်ပမှာရိုက်ပြီး ပြည်တွင်းစာတိုက်များက ဖြန့်ရင်ရပါတယ်။

လှုပ်ရှားမှုအစမှာ 'အများပြည်သူရှေ့မှာ (open court) စစ်ဆေးရေး' နဲ့ပဲ စသင့်ပါတယ်။

ပြောသင့်တဲ့ နောက်တချက်က ဒီတိုက်ပွဲကို ဦးဝင်းတင်လို ခေါင်းဆောင်ပုဂ္ဂိုလ်က နေ့တိုင်းရှေ့ကထွက်ပြီး ဦးဆောင်နေတာမျိုး မလုပ်သင့်ပါဘူး။ ပိုမိုကျယ်ပြန့်တဲ့လူထုကြီးကို သိမ်းသွင်းဖို့လိုပါတယ်။ မတူတဲ့လူအမျိုးအစားတွေကို မတူတဲ့နည်းတွေနဲ့သိမ်းသွင်းရပါမယ်။ ကျောင်းသားတွေကို သီးခြားပစ်မှတ်ထားပြီး စည်းရုံးတာလုပ်သလို သံဃာတော်များကိုလည်း လျှောက်ထားရှင်းပြတာ လုပ်ရပါမယ်။ အစိုးရယန္တရားထဲက အမြင်ကျယ်သူများကို စည်းရုံးဖို့လည်း လုပ်ရပါမယ်။ ရှေ့နေ – ဆရာဝန် – ကျောင်းဆရာစတဲ့ ပညာတတ်များအပြင် ကုန်သည်ပွဲစား စသူတွေကိုလည်း သူတို့ပါနိုင်တဲ့အဆင့်ကနေ ပါနိုင်သလောက်ပါဝင်လာအောင် ဆွေးနွေးရပါမယ်။ ဒ့ါအပြင် စစ်နဲ့တော်လှန်ရေးခေတ်ကို ဖြတ်သန်းခဲ့တဲ့ 'ဝါရင့်' ပုဂ္ဂိုလ်များကို 'စစ်ရေး၊ နိုင်ငံရေး' ပုဂ္ဂိုလ်မခွဲခြားဘဲ အကြံဉာဏ်တွေပေးကြဖို့ ပုဂ္ဂိုလ်အားလုံးဆီကို တင်ပြသင့်ပါတယ်။

နအဖ ရဲ့ မရိုးသားပုံကို ဖော်ပြတဲ့ နောက်အချက်တချက်ကတော့ အခု ဒီအမှုကို တက်သုတ်ရိုက်စစ်ဆေးနေတာပါပဲ။ အပစ်အခတ် ရပ်စဲထားတဲ့အဖွဲ့တွေကို နောက်ဆုံးအဖြေပေးဖို့ သတ်မှတ်ထားတဲ့ ရက်စွဲကိုကြည့်ရင် နအဖ မှာ စီမံကိန်းတွေ ရှိပြီးသားဆိုတာ ရှင်းနေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အမှုကို ပြတ်အောင်လုပ်ပြီး အဲဒါတွေကို အပြတ်ကိုင်မယ်လို့ သူတို့ရဲ့ ၂၀၁၀ ရွေးကောက်ပွဲသို့ ချီတက်ရာလမ်းကြောင်းကို ချမှတ်ထားတဲ့သဘောပါပဲ။

ဒီနေရာမှာ စစ်အစိုးရကို သတိပေးစရာအချက်တချက် ထောက်ပြလိုပါတယ်။ အဲဒါက ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ထဲ ထည့်လိုက်လို့ ကိစ္စတွေ ပြတ်မသွားဘူးဆိုတာပါပဲ။ ဗမာပြည်သူတွေရဲ့ ဂုဏ်ယူစရာကောင်းတဲ့ ဂျပန်ဖက်ဆစ်တော်လှန်ရေးကို ခေါင်းဆောင်တာဟာ ထောင်ထဲက ဖြစ်တယ်ဆိုတာ မမေ့သင့်ပါဘူး။ အဲဒီတုန်းက သခင်အောင်ဆန်းက ဂျပန်ကို သွားနေတာပါ။ နိုင်ငံရေးခေါင်းဆောင်တွေဟာ ထောင်ထဲကနေ *အင်းစိန်စစ်တမ်း*၊ *မြင်းခြံစစ်တမ်း* ဆိုတာတွေ ထုတ်၊ အပြင်မှာရှိတဲ့ မြေအောက်လုပ်ငန်း လုပ်သူတွေက အကောင်အထည်ဖော်၊ ဒီလိုနဲ့ တော်လှန်ရေးကြီးဖြစ်ပေါ်၊ အောင်ပွဲခံခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့ စနစ်ကျတဲ့ မြေအောက်လုပ်ငန်း ထူထောင်မထားရင်တော့ ဘာမှဖြစ်မလာပါဘူး။

ဗမာပြည်မှာ ပေါ်ပေါက်ခဲ့တဲ့ လူထုအုံကြွမှုတိုင်းဟာ အုပ်စိုးသူတွေဘက်က ဖန်တီးတာချည်း ဖြစ်တယ်ဆိုတာ အားလုံးကို ရှင်းပြရပါမယ်။ စက်တင်ဘာသံဃာ့အရေးအခင်းကြီး ဖြစ်ပေါ်လာပုံကို ထောက်ပြလိုက်ရင် အရှင်းဆုံးပါ။ အဲဒီတုန်းက ပခုက္ကူမှာ သံဃာတော်တွေကို ရိုက်နှက်တဲ့ကိစ္စ မပေါ်ခဲ့ရင် စက်တင်ဘာသံဃာ့အရေးအခင်းကြီး ဖြစ်ပေါ်မှာ မဟုတ်ပါဘူး။ အခုလည်း နအဖ စစ်အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည်ကို ဆက်ချုပ်ထားချင်တာနဲ့ သူ့ဘက်က စည်းမဲ့ကမ်းမဲ့တွေလုပ်လာတာ ဖြစ်ပါတယ်။ ဒီလိုလုပ်တာ ဆန့်ကျင်သူတွေကို လွှန်တယ်လို့ နည်းနည်းမှ မဆိုနိုင်ပါဘူး။ ။

# ဩစတြေးလျကွန်မြူနစ်ပါတီသို့ ပေးပို့သည့် ဝမ်းနည်းသဝဏ်လွှာ

သို့

ဗဟိုကော်မတီ

ဩစတြေးလျကွန်မြူနစ်ပါတီ

မှ

ဗဟိုစည်းရုံးရေးကော်မတီ

ဗမာပြည်ကွန်မြူနစ်ပါတီ

၂၀၀၉ခုနှစ်၊ ဇန်နဝါရီ ၂၁ရက်။

အကြောင်းအရာ။ ။ ဝမ်းနည်းသဝဏ်လွှာပေးပို့ခြင်း။

ချစ်လှစွာသောရဲဘော်များခင်ဗျား–

ဩစတြေးလျပြည် ကွန်မြူနစ်ပါတီ၏ဥက္ကဋ္ဌလည်းဖြစ်၊ နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှု၏ ထွန်းပြောင်သည့် ခေါင်းဆောင်တဦးလည်းဖြစ်သော ရဲဘော်ပီတာဆိုင်မွန် ကွယ်လွန်သွားသည့် သတင်းကိုကြားသိရသည့်အတွက် ကျွန်တော်တို့ လွန်စွာမှ ကြေကွဲဝမ်းနည်းရပါသည်။ ရဲဘော်တို့နှင့် သူ၏ကျန်ရစ်သောချစ်မိသားစုအား ကျွန်တော်တို့လည်း ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါသည်။

သူနှင့်ကျွန်တော်တို့ တကြိမ်တွေ့ဆုံခွင့်ရခဲ့၍ ကျွန်တော်တို့ပါတီမှ ဩစတြေးလျကွန်မြူနစ်ပါတီ ဌာနချုပ်သို့ သွားရောက်လည်ပတ်ရန်အစီအစဉ်မှာ ဗီဇာအခက်အခဲကြောင့် ပျက်ပြားသွားခဲ့ရပါသည်။ ကျွန်တော်တို့အတွက် အခွင့်အရေး ကောင်းတခုကို စိတ်မကောင်းစရာ လက်လွှတ်သွားခြင်းဖြစ်ပါသည်။ ဩစတြေးလျပြည်သူများနှင့် ကမ္ဘာ့ပြည်သူများ၏ အရေးတော်ပုံအတွက် ကြီးမားစွာ အလုပ်အကျွေးပြုခဲ့သည့် ရဲဘော်ဆိုင်မွန်ကို ဆုံးရှုံးရသည့်အတွက် ကျွန်တော်တို့အားလုံးက ဝမ်းနည်းကြေကွဲမိကြပါသည်။

ကြံ့ခိုင်သောကွန်မြူနစ်တဦးအနေဖြင့် ဆယ်စုနှစ်ပေါင်း (၇) ခုကျော်ဖြတ်သန်းခဲ့သည့် ဤပုဂ္ဂိုလ်၏ ခေါင်းဆောင်မှု အောက်တွင် ဩစတြေးလျကွန်မြူနစ်ပါတီသည် ပိုမိုစည်းလုံးအားကောင်းခဲ့ပြီး ဩစတြေးလျပြည်သူများနှင့်လည်း ခွဲမရအောင် ဂဟေဆက်နိုင်ခဲ့ကြပါသည်။ သို့သော် ဤသို့ခေါင်းဆောင်တဦးကျဆုံးခြင်းသည် ဩစတြေးလျပြည် ကွန်မြူနစ်ပါတီဝင်များ၏ ပန်းတိုင်သို့ ချီတက်သည့် ခြေလှမ်းများကိုတုံ့နှေးစေမည်မဟုတ်ဟု ကျွန်တော်တို့စွဲမြဲစွာ ယုံကြည်ပါသည်။ သူ့အကြောင်း ပြန်စဉ်းစာလိုက်တိုင်း သူတို့အဖို့သန္နိဋ္ဌာန်ပိုမို ခိုင်မာကာ ခြေလှမ်းများလည်း ပိုမိုအားရှိလာကြမည်သာ ဖြစ်ပါသည်။

ရဲဘော်ပီတာစိုင်မွန်ကွယ်လွန်သောသတင်းကို ကျွန်တော်တို့ပါတီ၏ ပါတီဝင်များအကြား ဤသဝဏ်လွှာနှင့်အတူ ဖြန့်လိုက်ပြီ ဖြစ်ပါသည်။ ရဲဘော်ပီတာဆိုင်မွန်အား ကျွန်တော်တို့နှလုံးသားနှင့် ဦးနှောက်ထဲတွင် ထာဝရသတိရနေကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဗဟိုစည်းရုံးရေးကော်မတီ

ဗမာပြည်ကွန်မြူနစ်ပါတီ



**တင်ပြသူရဲ့အမှာ**

နှစ် (၇၀) ပါတီသမိုင်းတခုလုံးကို ရေးမှာမဟုတ်ပါ။ မျက်မှောက်ဖြတ်သန်းနေရတဲ့ ခရီးစဉ်အတွင်း အသုံးဝင်မည့် သမိုင်းအတွေ့အကြုံများနှင့် သင်ခန်းစာများကို ခေါင်းစီးအမျိုးမျိုးနဲ့ ရေးပါမည်။ ရဲဘော်များမိတ်ဆွေများ စဉ်းစားသုံးသပ်ချင့်ချိန်နိုင်ရန်အတွက်သာရေးခြင်း ဖြစ်ပါသည်။ ပုဂ္ဂလိကမှတ်စုသာ ဖြစ်ပါသည်။

၁၉၈၀ ခုနှစ်များက 'ပါတီသမိုင်း' ပြုစုရန် ကော်မရှင်တခုကို ပါတီဗဟိုက ဖွဲ့စည်းတာဝန်ပေးဖူးပါသည်။ ပါတီတည်ထောင်စကစပြီး ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ဖူးသူများကို တာဝန်ပေးပြီး ရေးစေခဲ့တာ ဖြစ်ပါသည်။ 'ကော်မရှင်' က လအချို့ကြိုးစားပြီး (မူကြမ်း) ရေးကြည့်ပါသည်။ နောက်ဆုံးတော့ လက်လျှော့လိုက်ရပါသည်။ အကြောင်းမှာ သမိုင်းကိုဖန်တီးဖို့ တော်လှန်ရေးတရပ်ဆင်နွှဲနေရစဉ်တွင် သမိုင်းကိုရေးဖို့ မသင့်သေးဟု မြင်လာသောကြောင့် ဖြစ်ပါသည်။ ပါတီတွင် ထိန်းသိမ်းရမည့် လျှို့ဝှက်ချက်များ ရှိပါသည်။ ဒါတွေကို ဖွင့်ပြီးရေးလိုက်လျှင်

## နှစ် (၇၀) အတွင်း ကမ္ဘာ့စနစ် (World Order) အပြောင်းအလဲများ

(၁) ပါတီ၏ နှစ် (၇၀) ခရီးတွင် ကမ္ဘာ့စနစ် (World Order) (၂) ခု ကြုံခဲ့ရပါသည်။ ပါတီတည်ထောင်ခါစက (WO) မှာ နိုင်ငံပေါင်းချုပ်အဖွဲ့ကြီး [League of Nations (LN)] စနစ် ဖြစ်ပါသည်။ အဲဒီတုန်းက နိုင်ငံကြီးများရဲ့ အခင်းအကျင်းက 'LN စနစ်' ကို ထိန်းသိမ်း ကာကွယ်သည့် နိုင်ငံကြီးများ (အင်္ဂလိပ်၊ ပြင်သစ်နဲ့ ဆိုဗီယက်(ရုရှား) စသည်) တို့ ရှိသည်။ 'LN စနစ်' ကို စိန်ခေါ်သည့် သူများက ဖက်ဆစ်ဝင်ရိုးတန်းနိုင်ငံတွေ (ဂျာမဏီ၊ အီတလီ၊ ဂျပန်) တို့ ရှိသည်။ အမေရိကန်က LN ထဲ မပါခဲ့ပါ။ သီးခြား နေသည်။

'LN စနစ်' မှာ ပထမကမ္ဘာ စစ်တွင် စစ်နိုင်ခဲ့သူများက ချမှတ်ထားတာဖြစ်လို့ အင်္ဂလိပ်၊ ပြင်သစ်တို့က ကာကွယ်တာ မဆန်းပါ။ ဆိုဗီယက် (ရုရှား) ပါနေတာကတော့ ဇာဘုရင်ရုရှား က ပထမကမ္ဘာစစ်မှာ အင်္ဂလိပ်၊ ပြင်သစ်တို့နဲ့ တဖက်တည်း တိုက်ခဲ့လို့ ပါနိုင်တာ ဖြစ်သည်။ ဆိုဗီယက်က ဇာဘုရင်ကို ဖြုတ်ချပြီး ဆိုရှယ်လစ်တော်လှန်ရေး ဆင်နွှဲထားတာဖြစ်လို့ သူက

# နှစ် (၇၀) ခရီး

## အတွေ့အကြုံနှင့်သင်ခန်းစာများ

ရန်သူအကြိုက် ဖြစ်သွားပါလိမ့်မည်။ ဖုံးတဝက်ဖော်တဝက် ရေးလို့လည်း မဖြစ်ပါ။ ပါတီရဲ့ဥပဒေတွင်းပါတီဘဝကို (၃) နှစ် နီးပါးပဲ ရခဲ့တာ ဖြစ်သည်။ တချိန်လုံး မြေအောက်ပါတီဘဝနဲ့ ရပ်တည်ခဲ့ရတာ ဖြစ်သည်။ ဥပဒေတွင်းဥပဒေပ တိုက်ပွဲသဏ္ဍာန်မျိုးစုံကို ဆင်နွဲခဲ့ရတာ ဖြစ်သည်။ မြေပေါ် O/G ပါတီများနဲ့ နိုင်ငံခြားမှညီအစ်ကိုပါတီများကို လျှို့ဝှက်ဆက်ဆံခဲ့ရတာ ဖြစ်သည်။ ဒါတွေကို ရေးလို့မဖြစ်ပါ။ ရေးလျှင် ရန်သူ့အကြိုက် ဖြစ်သွားလိမ့်မည်။ ပြည်တွင်းပြည်ပက ရဲဘော်များနဲ့ မိတ်ဆွေများကို ထိခိုက်သွားလိမ့်မည်။

ဒါကြောင့် ရွေ့ဆိုင်းလိုက်ဖို့ ဆုံးဖြတ်လိုက်ရသည်။ နောင်မှ အခြေအနေပေးလျှင် ရေးနိုင်ဖို့ 'သမိုင်းအတွေ့အကြုံနှင့်သင်ခန်းစာများ' ကို အခုရေးလိုက်ပါသည်။ ရဲဘော်များ၊ မိတ်ဆွေများ ကိုးကားချင့်ချိန်ရန် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။

ပါတီကြုံခဲ့ရတဲ့ အတွေ့အကြုံတွေက များပါသည်။ ထို့အတူ သင်ခန်းစာကလည်း များပါသည်။ တိုးချဲ့ရန်နဲ့ ရှောင်ကျဉ်ရန်အတွက် ရည်ရွယ်ပြီး ရေးပါသည်။ အတွေ့အကြုံနှင့်သင်ခန်းစာ ရောထွေးနေပါလိမ့်မည်။ ။

(League of Nations) စဖွဲ့တုန်းကတော့ ပါခွင့် မရခဲ့ပါ။ ဝိုင်းပယ်ခံထားရသည်။ နောက်ပိုင်းကျမှ ပါရသည်။

အမေရိကန်ကတော့ တမျိုး ဖြစ်သည်။ ပထမကမ္ဘာစစ်အစမှာ 'ကြား နေသည်'။ '၂' ဘက်စလုံးကို ဆက်ဆံပြီး အရောင်းအဝယ်လုပ်သည်။ အကြီးအကျယ် အမြတ်ထုတ်သည်။ အနီးအနားက တိုင်းပြည်ကလေးတွေကို သိမ်းပိုက်သည်။ (၁၉၁၇) ခုနှစ်ကျမှ စစ်နိုင်တော့မည့်ဘက်ထဲ ဝင်ပါလိုက်သည်။ ၁၉၁၈ မှာ ဂျာမဏီ စစ်ရှုံးသည်။ ၁၉၂၀ မှာ (LN) ဖွဲ့သည်။ (LN) ဖွဲ့ရေးကို အမေရိကန်က စတင်ပြောခဲ့တာ ဖြစ်ပေမယ့် (LN) တကယ်ဖွဲ့တော့ မဝင်ခဲ့ပါ။ ဥရောပအရှုပ်ထဲ ဝင်မပါတာက အမေရိကန်အတွက် အကျိုးရှိမယ်ထင်လို့ပဲ ဖြစ်သည်။

အီတလီနဲ့ဂျပန်ကလည်း 'LN စနစ်' ကို အစကလက်ခံသည်။ နောက်ကျမှ အာခံသည်။ သူတို့က စစ်နိုင်တဲ့ဘက်က နိုင်ငံတွေဖြစ်ပေမယ့် ရတဲ့ဝေစုက နည်းသည်။ အင်္ဂလိပ် – ပြင်သစ်ကပဲ ဝေစုတွေ လက်ဝါးကြီးအုပ်ယူထားတယ်ဆိုပြီး မကျေနပ်လို့ ဆန့်ကျင်တာ ဖြစ်သည်။

ဒီကိစ္စကို အကျယ်ရေးရတာက ပါတီစတင်ထူထောင်တုန်းက နိုင်ငံတကာ့အခြေအနေနဲ့ အခင်းအကျင်းကို သိစေ

လိုလို့ ဖြစ်သည်။ ခေတ်သစ်မှာ ဘယ်တော့မဆို ပြည်တွင်းရေးနဲ့ ပြည်ပရေး အပြန်အလှန်ဆက်စပ် ပတ်သက်နေတယ် ဆိုတာကို သတိပြုမိကြစေဖို့ ဖြစ်သည်။

ပါတီထောင်ပြီး (၁၉ ရက်သား) အရွယ်မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သည်။ ပါတီက အစုငယ်ကလေးတွေကို စုစည်းပြီး ဖွဲ့ထားရတာဖြစ်လို့ အတွေးအခေါ်တွေ ရှုပ်ထွေးသည်။

ပါတီစတင်ထူထောင်တုန်းက ကွန်မြူနစ်နိုင်ငံတကာ့ အဖွဲ့ချုပ်ကြီး (Comintern) ရှိသည်။ ဖက်ဆစ်ဆန့်ကျင်ရေးဆုံးဖြတ်ချက် ရှိပြီးလည်း ဖြစ်သည်။ ဒ့ါကြောင့် နိုင်ငံတကာ့ (ခွင်)ဂွင်မှာ ရန်သူဘယ်သူလဲ – မိတ်ဆွေဘယ်သူလဲဆိုတာ ရှင်းသည်။ ဂျာမဏီ၊ အီတလီ၊ ဂျပန်တို့ကို ရန်သူအဖြစ်သတ်မှတ်ပြီး ဆန့်ကျင်တိုက်ပွဲဝင်ရမည်ဆိုတာ ရှင်းသည်။

ဒါပေမဲ့ ခက်တာက ဗမာပြည်ရဲ့ လက်တွေ့ဘဝက အင်္ဂလိပ်ရဲ့ကိုလိုနီ ဖြစ်နေသည်။ ၁၃၀၀ ပြည့်အရေးတော်ပုံမှာ နာနာကြည်းကြည်း ခံထားရတာလည်း ရှိသည်။ အခဲမကျေ လက်စားချေချင်သည်။ အင်္ဂလိပ်ကို မဟာမိတ်ပြုဖို့ဆိုတာကို လက်ခံရခက်နေသည်။ တဖက်ကလည်း ဂျပန်က 'ဗမာပြည်လွတ်လပ်ရေး' 'အင်္ဂလိပ်လက်အောက်က လွတ်ရေး' ကို ဝါဒဖြန့်နေတော့ မက်ချင်စရာကြီး ဖြစ်နေသည်။ 'အင်္ဂလိပ်အခက် ဗမာ့အချက်' ဆုံးဖြတ်ချက်ကလည်း ရှိသည်။

ဒီလိုအခြေအနေမှာ "၁၉ ရက်သားပါတီ" အဖို့ အတွေးအခေါ် ရှုပ်ထွေးတာ မဆန်းပါ။

ဘယ်လိုဖြစ်ခဲ့တယ် ဆိုတာတွေကိုတော့ အားလုံးသိပြီးဖြစ်လို့ မရေးတော့ပါ။

**သာမန်အေးချမ်း နေတဲ့ကာလမှာ နှစ်နဲ့ချီပြီး သင်ယူရမည့် အမှန်တရားကို စစ်ကြီးအတွင်းမှာ ရက်ပိုင်းလောက် သင်ယူရုံနဲ့ ရတတ်ပါသည်။**

ဂျပန်က ဗမာပြည်ကို သိမ်းမိတာဟာ အတွေးအခေါ်ရှုပ်ထွေးမှု မှန်သမျှကို ရှင်းပေးလိုက်သလို ဖြစ်သွားလို့ (ဒီဘက်ကကြည့်ရင်) ဂျပန်ကို ကျေးဇူးတင်ရလိမ့်မည်။ စစ်ကြီးအတွင်း ဖြစ်လို့လည်း အမှန်တရား မြန်မြန်ရတာ ဖြစ်သည်။ သာမန်အေးချမ်းနေတဲ့ကာလမှာ နှစ်နဲ့ချီပြီး သင်ယူရမည့် အမှန်တရားကို စစ်ကြီးအတွင်းမှာ ရက်ပိုင်းလောက် သင်ယူရုံနဲ့ ရတတ်ပါသည်။

ဖက်ဆစ်ဆန့်ကျင်ရေးလမ်းစဉ်ဟာ အမြန်အဆန်ဖွံ့ဖြိုးတိုးတက်အားကြီးလာသည်။ ၁၉၄၃ မှာ ကွန်မြူနစ်အင်တာနေရှင်နယ် ဖျက်သိမ်းတော့ ပါတီအဖို့ ဘာအရှုပ်ထွေးမှ မရှိခဲ့ပါ။ ကိုယ့်လမ်း ကိုယ်ထွင် ကိုယ့်လမ်းကိုယ်လျှောက်တတ်နေပါပြီ။

(၁၉၄၄) မှာ 'ဖတပလ' ရှောရှောရှူရှူဖွဲ့နိုင်တာဟာ အတွေးအခေါ် မရှုပ်လို့ ဖြစ်သည်။ (၁၉၄၅) မှာ ပြည်လုံးကျွတ် ဂျပန်ဖက်ဆစ် တော်လှန်ရေး လုပ်နိုင်ခဲ့တာ 'ဖတပလ' ၏ ခေါင်းဆောင်မှု မှန်ကန်လို့ ဖြစ်သည်။

၁၉၄၅ မှာ 'ဒုတိယ ကွန်ဂရက်' ကျင်းပနိုင်ခြင်းသည် 'ဗကပ' လူလားမြောက်လာတာကိုပြသည့် သမိုင်းဝင်မှတ်တိုင် ဖြစ်သည်။ ဖက်ဆစ် တော်လှန်ရေးသာမရှိလျှင် 'ဗကပ' ၏ နိုင်ငံရေး အဆင့်နေရာ မြင့်တက်လာမှာ မဟုတ်ပါ။

(၃) 'LN ကမ္ဘာ့စနစ်' ပြီးတော့ 'UN ကမ္ဘာ့စနစ်' ပေါ်လာသည်။ ဒါကို (WO) ၂ ခုဟု ပြောလိုက်ခြင်းဖြစ်သည်။ 'UN ကမ္ဘာ့စနစ်' က အခုအထိ ရှိနေသည်။ နှစ်ပေါင်း (၆၀) ကျော်ခဲ့ပြီ။

နှစ် (၆၀) ကျော်အတွင်း WO ကို ထိန်းညှိရတာတွေတော့ အများကြီး ရှိသည်။ သို့သော် အခြေခံကတော့ ပြောင်းမသွားပါ။

'LN စနစ်' နဲ့ 'UN စနစ်' မှာ ထင်ထင်ရှားရှားကွဲပြားတာက (LN) မှာတုန်းက Security Council (SC) လုံခြုံရေးကောင်စီ မရှိ။ (UN) မှာ ရှိသည်။ Security Council ဆိုတာ ပေါ်လာရတာကလည်း ဒုတိယကမ္ဘာစစ်တုန်းက အောင်ပွဲရခဲ့တဲ့ မဟာမိတ် အဖွဲ့ထဲမှာ ဆိုရှယ်လစ်စနစ်ကို ကိုယ်စားပြုတဲ့ ဆိုဗီယက် (ရုရှား) ပါနေလို့ ဖြစ်သည်။ (SC) ထဲက ဗီတိုအာဏာပိုင် (၅) နိုင်ငံမှာ (၁၉၄၅ ခုနှစ် UN ဖွဲ့တုန်းက) ဆိုဗီယက်ရုရှားတနိုင်ငံတည်းပဲ ဆိုရှယ်လစ်နိုင်ငံအဖြစ် ပါသည်။ တရုတ်ကို KMT အစိုးရက ကိုယ်စားပြုသည်။ ဒါလည်း UN ရဲ့ ထူးခြားချက်လို့ ပြောလို့ ရသည်။ (ကိုလိုနီတပိုင်း) တိုင်းပြည်က ကြီးတကြီး

အဖြစ် ပါဝင်ခွင့်ရနေတာ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မှာ တရုတ်တွေ သန်းပေါင်းများစွာ အသေခံပြီး တိုက်ခဲ့လို့ ဒီအဆင့်နေရာရတာ ဖြစ်သည်။ အမေရိကန်က ကျေးဇူးဆပ်တာ ဖြစ်သည်။ (ကိုလိုနီ) အိန္ဒိယကလည်း UN စတင်ဖွဲ့တုန်းက အဖွဲ့ဝင်နိုင်ငံအဖြစ် ပါခဲ့သည်။ ဒါလည်း ထူးခြားချက် ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ သူကလည်း သန်းနဲ့ချီပြီး အမေရိကန် – အင်္ဂလိပ်အတွက် အသေခံတိုက်ပေးခဲ့ရတာ ဖြစ်သည်။ UN စပြီးဖွဲ့တုန်းက စစ်ရှုံး နိုင်ငံတွေ လုံးဝမပါရပါ။ အီတလီက (၁၉၅၅) မှာ ဂျပန်က (၁၉၅၆) မှာ ဂျာမဏီက (၁၉၇၃) မှာကျမှ ပါကြရသည်။

(၄) UN ကမ္ဘာ့စနစ်ကို ဖျက်သိမ်းပြီး ကမ္ဘာ့စနစ်သစ် NWO ထူထောင်ဖို့ အခု အမေရိကန်ပြောနေသည်။ (၁၉၉၀) ကတည်းက ပြောခဲ့တာဖြစ်သည်။ ဆိုဗီယက်ဆိုရှယ်လစ် (ရုရှား) စတင်ပြိုကွဲတုန်းက စိတ်ဓာတ်တက်ကြွပြီး ပြောတာ ဖြစ်သည်။ နောက်တော့ NWO ပြောသံတွေ ညံလာသည်။ "'၂၁' ရာစုကို အမေရိကားရာစု ဖြစ်စေရမည်" ဆိုတာတို့၊ 'သမိုင်းနိဂုံး' တို့ ပေါ်လာသည်။ ၉/၁၁ အရေးအခင်း ပြီးတဲ့နောက်မှာတော့ တဆင့်တက်လာသည်။ တည်ရှိနေသော 'UN ကမ္ဘာ့ စနစ်' ကို ပြောင်ပြောင်တင်းတင်း တကိုယ်တော် စိန်ခေါ်လာသည်။ အီရတ် စစ်ပွဲကို သူ့သဘောနဲ့သူ ဝင်တိုက်သည်။ UN ကို ဘေးချိတ်လိုက်သည်။

ဟိုတုန်းကတော့ 'ကမ္ဘာ့ စနစ်ဟောင်း' ကို ဖျက်သိမ်းလိုလျှင် ကမ္ဘာစစ်တပွဲတိုက်ပြီး ဖျက်သိမ်းဖို့ ကြိုးပမ်းရသည်။ ကမ္ဘာစစ်တပွဲ စတိုက်သည့်သူကလည်း တခါက စစ်ရှုံးထားသူပဲ ဖြစ်တတ်သည်။ ဂျာမဏီ၊ အီတလီ၊ ဂျပန်တို့က 'LN ကမ္ဘာ့စနစ်' ကို ဖျက်သိမ်းပြီး 'ဖက်ဆစ်ကမ္ဘာ့စနစ်' နဲ့ အစားထိုးဖို့ စစ်စတိုက်ဖူးသည်။ သို့သော် သူတို့ စစ်ရှုံးသည်။ ဒါကြောင့် 'ဖက်ဆစ်ကမ္ဘာ့စနစ်' မပေါ်လာဘဲ 'UN ကမ္ဘာ့စနစ်' ပဲ ပေါ်လာတာ ဖြစ်သည်။

အခုတော့ NWO ပြောသူ UN ကမ္ဘာ့စနစ်ကို ဖျက်သိမ်းလိုသူက စစ်ရှုံးခဲ့သူ မဟုတ်ပါ။ အမေရိကား ဖြစ်နေသည်။ အမေရိကားသည် ကမ္ဘာစစ် မရှုံးဖူးပါ။ ကမ္ဘာစစ် (၂) ပွဲကြောင့်ပဲ ကမ္ဘာ့နံပါတ်ဝမ်း ဖြစ်ခဲ့သူပါ။ အခုထိ သူ့စီးပွားရေးကိုမီသူ မရှိသေးပါ။ သူ့စစ်ရေးအင်အားကိုလည်းမီသူ မရှိသေးပါ။ သမုဒ္ဒရာအားလုံးကို သူပဲအုပ်စီးထားသည်။ စစ်စခန်းတွေ ကမ္ဘာအနှံ့ ချထားသည်။ NATO ကို ဦးဆောင်နေသည်။ NATO ကို တိုးချဲ့နေသည်။ သူက အခုတော့ 'ကမ္ဘာ့စနစ်သစ်' ချချင်နေပါပြီ။

**ဟိုတုန်းကတော့ 'ကမ္ဘာ့စနစ်ဟောင်း' ကို ဖျက်သိမ်းလိုလျှင် ကမ္ဘာစစ် တပွဲတိုက်ပြီး ဖျက်သိမ်းဖို့ ကြိုးပမ်း ရသည်။**

သို့သော် သူဖြစ်ချင်တာကို တခြားအင်အားကြီးနိုင်ငံတွေက လက်မခံချင်ကြပါ။ 'UN ကမ္ဘာ့စနစ်' ကို ဖျက်သိမ်းမပစ်ဘဲ ပြုပြင်တာပဲ လုပ်ချင်ကြသည်။

အမေရိကားက ဝင်ရိုးတခုတည်း (သူ့) ကို ဗဟိုပြုလည်ပတ်ရသည့် ကမ္ဘာ့စနစ် ထူထောင်ချင်သည်။ တခြားအင်အားကြီးတွေက ဝင်ရိုးအများ (သူတို့) ကို ဗဟိုပြုလည်ပတ်သည့် ကမ္ဘာ့စနစ် ဖြစ်စေချင်သည်။ ဒီအမြင် (၂) ခု အားပြိုင်နေသည်။ လွန်ဆွဲနေသည်။ သံတမန်ရေး ကစားကွက်တွေ လုပ်နေသည်။

လွန်ပွဲက ကြာလိမ့်မည်။ ရှုပ်ထွေးလိမ့်မည်။ (၁၉၃၀ – ၄၀) တုန်းကလို မြန်မြန်ပြတ်မည် မဟုတ်ပါ။ ပါတီကလည်း အသက် (၇၀) ရှိပြီ။ ဟိုတုန်းကလို အတွေးအခေါ်ရှုပ်မည် မဟုတ်ပါ။ ရှုပ်ရင်လည်း ခေတ်နဲ့အညီ ရှုပ်ဖို့ပဲ ရှိသည်။ ဟိုတုန်းက နယ်ချဲ့စနစ်ဟောင်းခေတ်။ အခုက 'နယ်ချဲ့စနစ်သစ်' ခေတ် ဖြစ်သည်။ နယ်ချဲ့စနစ်ဟောင်းက ရှင်းသည်။ ပြတ်သည်။ ကြမ်းသည်။ 'ငါကသခင် မင်းက ကျွန်' ဆိုတဲ့ ဆက်ဆံရေး ဖြစ်သည်။ နယ်ချဲ့စနစ်သစ်ကတော့ 'လွတ်လပ်မှုနဲ့ ဒီမိုကရေစီ' ကို အာပေါက်အောင် ပြောဟောသည်။ 'လွတ်လပ်ရေး' ကိုလည်း ဖောဖောသီသီပေးသည်။ အီရတ် 'လွတ်လပ်' သွားပြီ။ ကိုဆိုဗို 'လွတ်လပ်' သွားပြီ။ 'တော်လှန်ရေး' တွေကိုလည်း တော်တော်ပြောသည်။ 'လိမ္မော်ရောင် တော်လှန်ရေး' 'သစ်ခွရောင် တော်လှန်ရေး' 'နှင်းဆီရောင်တော်လှန်ရေး' စသည်စသည်တို့ကို ပြောပြီးပြီ။ 'လွတ်လပ်ရေး' ပေးပြီးရင်၊ 'အရောင်တော်လှန်ရေး' လုပ်ပြီးရင်လည်း NATO ထဲ တန်းပြီးသွင်းပေးသည်။ အမေရိကားပြောတဲ့ NWO ဆိုတာက 'UN ကမ္ဘာ့စနစ်' ကို ချည့်နဲ့အားပျော့သွားအောင် လုပ်ဖို့နဲ့ 'NATO ကမ္ဘာ့စနစ်' ကို အားကြီးအောင်လုပ်ဖို့ဖြစ်ကြောင်း ရှင်းနေပြီ။ အမေရိကားက (UN) ရဲ့ အပြင်ဘက်ထွက်ပြီး တကိုယ်တော် (ရမ်း) လိုက် (UN) ကို ပြန်ပြီးအသုံးချလိုက် လုပ်နေ

တာဟာ ဟိုတုန်းကနဲ့ လုံးလုံးမတူတဲ့ လုပ်နည်းသစ်ဖြစ်သည်။ ဟိုတုန်းကတော့ (LN) ထဲ ပါနေတဲ့ အီတလီနဲ့ ဂျပန်တို့က (LN) ရဲ့အပြင် ဘက်ထွက်ပြီး တကိုယ်တော် (ရမ်း) ပြီးလျှင် (LN) ကို လုံးလုံး ဂရုမစိုက်ဘဲ နေလိုက်သည်။ (LN) ကို ပြန်လာတာ မလုပ်ပါ။

ရှုပ်ရှုပ်ထွေးထွေးဖြစ်နေတာကို ကိုယ်က ရိုးရိုးကြီးစဉ်းစားလို့ မဖြစ်ပါ။ တကြောင်းတိုက်စဉ်းစားလျှင် ရိုးအရာကျလိမ့်မည်။

အီရတ်ကို အမေရိကန်က (UN) ကို ဘေးချိတ်ပြီး စစ်တိုက်လိုက်တော့ ဗမာပြည်မှာလည်း အမေရိကန်က ဒီလိုပဲလုပ်လိမ့်မည် ထင်ခဲ့သူတွေ ရှိသည်။ သူတို့ထင်သလို အမေရိကန်က မလုပ်ပါ။ 'နာဂစ်' ကိစ္စဖြစ်တော့လည်း အမေရိကန်စစ်သင်္ဘောတွေ 'လူသားချင်းစာနာမှု အကူအညီ' ပေးဖို့ဆိုပြီး ပင်လယ်ပြင်က စောင့်နေသည်။ မိမိတို့ထဲက တချို့က R2P (ကာကွယ် ပေးရန်တာဝန်ရှိမှု) ကို ကိုင်ပြီး ဝင်လာ တော့မည်ထင်သည်။ ဒါပေမဲ့ မဝင်ပါ။ လှည့်ပြန်သွားသည်။

ဂျော်ဂျီယာမှာကျတော့ တမျိုး။ ပင်လယ်ပြင်က စောင့်နေတာ မလုပ်ပါ။ တိုက်ရိုက်ပဲ "လူသားချင်းစာနာသည့်အကူအညီတွေ" ပေးနေသည်။

ကျွန်တော်တို့သိထားသင့်တာက ကမ္ဘာပေါ်မှာ ဆားဗီးယား – အီရတ်လို နိုင်ငံချည်း ရှိတာမဟုတ်။ ကာလ၊ ဒေသ၊ ပယောဂ မတူတာတွေ ထည့်တွက်ရပါမည်။

ဗမာပြည်က စစ်အုပ်စုတိုင်းဟာ ဘယ်အချိန်မှာ ဘယ်သူ့ကို ကပ်ပေါင်းရမယ်၊ ဘယ်သူနဲ့ ခွာရမယ်ဆိုတာကို နားလည်ကြသည် ဆိုတာကို မမေ့သင့်ပါ။ (၁၉၅၉ – ၆၀) က အိမ်စောင့်စစ်အုပ်စု၊ (၁၉၆၂ – ၈၈) က မဆလ စစ်အုပ်စု၊ (၁၉၈၈ က အခုထိ) နဝတ/နအဖ စစ်အုပ်စုတို့သည် အဲဒီလိုပဲ ကပ်လိုက်ခွာလိုက် လုပ်ခဲ့ကြတာ ဖြစ်သည်။ နောင်မှာလည်း ကပ်လိုက် ခွာလိုက် လုပ်ကြဦးမည်ဆိုတာ မမေ့သင့်ပါ။

ရိုးအနေလျှင် ခံရလိမ့်မည်။ ကိုယ့်အရှုပ်ကို ကိုယ့်ဘာသာ ရှင်းရမည်။ သူများ ဝင်ရှင်းပေးမည် မဟုတ်ပါ။ သူများက ဗမာပြည်ကိစ္စကြောင့်တော့ ကြမ်းမှာ ရမ်းမှာ မဟုတ်ပါ။ ယိုးဒယားဝန်ကြီးချုပ်ဘာပြောသလဲ။ တောင်ဘက်က မူဆလင်ကိစ္စ (မလေးရှားနဲ့ ပတ်သက်တယ်) အရှေ့ဘက်က ကမ္ဘောဒီးယားကိစ္စ (ဗီယက်နမ်နဲ့ပတ်သက်တယ်) ဒီလိုဖြစ်နေချိန်မှာ ဗမာပြည်စစ်အစိုးရကို ရန်လုပ်နေမှာ မဟုတ်ပါ။ တရုတ်၊ အိန္ဒိယကတော့ ပြောစရာမလို။ နအဖ ကပ်ထားပြီး ဖြစ်သည်။

## ပါတီသမိုင်းကို ဘယ်လိုပညာပေးကြမလဲ

(၁) ပါတီသမိုင်းကို ပါတီဝင်အသစ်အဟောင်း အားလုံးကို ပညာပေးရလိမ့်မည်။ မပေးလို့ မဖြစ်ပါ။ ပါတီသမိုင်းကို အကျယ်အပြန့်၊ နှစ်အလိုက်၊ ဖြစ်စဉ်အလိုက်ရေးဖို့ မသင့်သေးဘူးဆိုတာကို အမှာတွင် တင်ပြထားပါသည်။

ဤသို့ဆိုသဖြင့် ပါတီသမိုင်းကို လုံးဝမရေးရဟု ဆိုလိုခြင်း မဟုတ်ပါ။ လိုအပ်ချက်အရ ရေးနေရပါမည်။

ဗကပ အကြောင်းကို မိတ်ဆက်ပေးဖို့ တောင်းဆိုသော နိုင်ငံခြားမှ ပါတီများရှိလျှင်၊ သူတို့သိဖို့ လိုအပ်သလောက်ကို မိတ်ဆက်စာစောင်ကလေး ရေးပေးရပါသည်။

မိမိပါတီဝင်များကို ပါတီ စိတ်ဓာတ်ရှိလာအောင်၊ ရင့်ကျက်လာအောင်၊ ပါတီအတွက် ဂုဏ်ယူတတ်အောင်၊ ပါတီရဲ့ဂုဏ်ရောင် မြှင့်တင်ပေးဖို့တာဝန်ရှိကြောင်း သိလာအောင် 'ပါတီသမိုင်းပညာပေးရေး' စာစောင်စာတမ်းများကို ရေးပေးရပါသည်။

(၂) နှစ် '၇၀' ပါတီသမိုင်းကို 'ပါတီစိတ်ဓာတ်' တည်ဆောက်သည့်သမိုင်းဟု ချုပ်ပြီးပြောနိုင်ပါသည်။

၁၉၃၉ ခုနှစ်က ပါတီတည်ထောင်တုန်းက ပါတီဝင် ဆယ်ဂဏန်းပဲ ရှိပါသည်။ ဒါကလည်း ခန့်မှန်းပြီး ပြောရသည့် ကိန်းဂဏန်းပါ။ ကျောင်းသားသမဂ္ဂ အနွယ်ဝင် အစု (၃) စု ရှိရာမှာ သူ့အစုနဲ့သူ နီးစပ်ရာကို သိမ်းသွင်းထားသော ပါတီဝင်များ ရှိပါသည်။ သခင်ဗဟိန်းအစုမှာ ဘယ်သူတွေရှိသည် ဆိုတာကို သူပဲသိပါသည်။ သခင်အောင်ဆန်း၊ သခင်လှဖေတို့ကလည်း ထိုအတိုင်းပင် သူ့သဘောနဲ့သူ သိမ်းသွင်းထားတာ ဖြစ်ပါသည်။ သခင်စိုး၊ သခင်ဗတင် (ဂိုရှယ်) တို့ကလည်း ထို့အတူ ဖြစ်ပါသည်။

စာရင်းချုပ်ရှိရအောင်လည်း အခြေအနေ မပေးပါ။ ဒါကြောင့် ပါတီဝင်တွေမှာ 'အစုစိတ်ဓာတ်' ပဲ ရှိကြသည်။ 'ပါတီစိတ်ဓာတ်' မရင့်ကျက်ပါ။ နုနယ်ပါသည်။

စစ်ကြီးအတွင်း ဖြတ်သန်းရတော့ 'အစုစိတ်ဓာတ်' က ပိုလို့သာ အားကောင်းလာသည်။ 'ပါတီစိတ်ဓာတ်' မည်မည်ရရမရှိပါ။ နောက်ပိုင်းကျမှ 'ပါတီစိတ်ဓာတ်' ရလာတာ ဖြစ်သည်။ ပထမက ကိုယ့်အစုကလေး အတွင်းမှာပဲ ယုံကြည်စိတ်ချသည်။ ကိုယ့်အစုခေါင်းဆောင်မှုကိုပဲ ဗဟိုပြုထားသည်။ 'ဖတပလ' ပေါ်လာပြီးမှ 'ပါတီစိတ်ဓာတ်' (နည်းနည်း) ရှိလာသည်။ ဖက်ဆစ်တော်လှန်ရေးအပြီး 'ဒုတိယကွန်ဂရက်' ကျင်းပနိုင်မှ 'ပါတီစိတ်ဓာတ်' အခြေခံရလာပါသည်။ အိန္ဒိယကွန်မြူနစ်ပါတီ၏ အတွေ့အကြုံရခဲ့သော ကိုသိန်းဖေ (မြင့်) ကို ဂုဏ်ပြုရပါမည်။ ပါတီစိတ်ဓာတ်၊ ပါတီဝင်တာဝန်ဝတ္တရား

သတ်သတ်မှတ်မှတ်ရှိအောင် သူလုပ်ပေးခဲ့လို့ ဖြစ်သည်။ ပါတီဝင်ကတ်ပြားတောင် ထုတ်ပေးခဲ့သေးသည်။ 'ဥပဒေတွင်း ရပ်တည်ခွင့်' ရသဖြင့်လည်း ဒီလိုလုပ်နိုင်တာ ဖြစ်သည်။ 'ဥပဒေတွင်းရပ်တည်မှု' ကို တန်ဖိုးထားလွန်းအားကြီးတာကြောင့်လည်း ကိုသိန်းဖေ (မြင့်) ကို အပြစ်ပြောနိုင်ပြန်သည်။ ထားပါတော့။

သခင်စိုးသည် 'အစုစိတ်ခေတ်' ကို 'ပါတီစိတ်ခေတ်' သို့ မြှင့်တင်မပေးနိုင်ခဲ့ပါ။ ဒါကြောင့် ဂိုဏ်းဂဏဝါဒလိုက်စားခြင်း ခံရသည်။ ဇာတ်သိမ်းမကောင်းခဲ့ပါ။ (၁၉၄၆) မှာ အလံနီဂိုဏ်းခွဲတော့ ပါတီဝင်အများစုကြီးသည် 'ဗကပ ဗဟို' နှင့်အတူ ရပ်တည်ခဲ့တာဟာ 'ပါတီစိတ်ခေတ်' (အခြေခံအားဖြင့်) ရှိနေကြလို့သာ ဖြစ်သည်။ သခင်စိုးပြောသည့် 'သိန်းသန်း အချောင်သမား' များကို 'အစုစိတ်ခေတ်' နဲ့ နာခံနေကြလို့ မဟုတ်ပါ။ 'ဒုတိယကွန်ဂရက်' ရဲ့ (ဗဟို) ကို နာခံနေကြတာ ဖြစ်သည်။ ဒါက 'အစုစိတ်ခေတ်' ကို 'ပါတီ စိတ်ခေတ်' နဲ့ အစား ထိုးနိုင်ခဲ့ကြလို့သာ ဖြစ်သည်။

'၁၉၄၈' နောက်ပိုင်းတွင် ပြည်တွင်းစစ်ကာလ ဖြတ်သန်းရသည်။ 'ဒုတိယကွန်ဂရက်' ၏ (ဗဟို) သည် 'တတိယကွန်ဂရက်' ကျင်းပနိုင်သည့် အခြေအနေရှိပါလျက်နဲ့ မကျင်းပနိုင်ခဲ့သည်မှာ ချို့ယွင်းပါသည်။ 'တတိယကွန်ဂရက်' ကို လက်နက်ကိုင်တိုက်ပွဲ တိုက်နေစဉ်မှာ ကျင်းပခဲ့သင့်သည်။

(၁၉၆၀) ခုနှစ်တွေ ရောက်တော့ 'တတိယကွန်ဂရက်' ကျင်းပဖို့ မပြောနဲ့ ဗဟိုကော်မတီစုံညီ စည်းဝေးဖို့ပင် ခက်သွားပြီ။

(၁၉၆၇) တွင် 'ပါတီတွင်း တော်လှန်ရေး' အမည်ခံပြီး 'ဂိုဏ်းအစုစိတ်ခေတ်' ကို (ပါတီဗဟို) က သွတ်သွင်းလာခြင်းသည် ရောမအမှား ဖြစ်သည်။ 'ပါတီစိတ်ခေတ်' ကို 'ဂိုဏ်းအစုစိတ်ခေတ်' ဖြင့် အစားထိုးလိုက်ခြင်း ဖြစ်လို့ မှားပါသည်။ မှားတာကလည်း ကြာရှည်သည်။ ပြင်ချိန်လည်း မရခဲ့ရှာကြပါ။ ဥက္ကဋ္ဌ (၂) ယောက် ကျဆုံး။ ခေါင်းဆောင်တွေ ကျဆုံး။ လက်နက်ချတွေပေါ်ပြီး ပဲခူးရိုးမ၊ မြစ်ဝကျွန်းပေါ်၊ အထက်ဗမာပြည်၊ မြစ်ဖျားဒေသ စတာတွေ ကျရှုံးသွားသည်။

'ပါတီတွင်း တော်လှန်ရေး' ဆိုတာကြီးကို မလုပ်ခဲ့သည့် ဒေသတွေပဲ ကျန်သည်။ တရုတ်ပြည်ကွန်မြူနစ်ပါတီ **(CPC)** ၏ အကူအညီရလို့ နယ်စပ်ဒေသတွေမှာ ကြီးထွားနိုင်ပြန်သည်။

သို့သော် 'ကိုယ့်အား ကိုယ်ကိုးအခြေခံ ပျက်ခဲ့ပါပြီ။' မှီခိုနေရပါပြီ။ အမှီပျောက်တဲ့ '၁၉၈၉' မှာကျတော့ အကျနာတော့သည်။ ဘယ်သူ့အပြစ်မှ မဟုတ်ပါ။ ပါတီဗဟို **(PB)** ရဲ့ အပြစ်ဖြစ်သည်။

'ကိုယ့်အားကိုယ်ကိုးရေး' လုပ်ဖို့ အချိန်အများကြီးရခဲ့လျက်နဲ့ 'ကိုယ့်အားကိုယ်ကိုးလုပ်ရေး' ကို **CPC** က အတွေးအခေါ်အရ၊ ရုပ်ဝတ္ထုအရ အကူအညီပေးခဲ့ပါလျက်နဲ့ သူတို့က စိတ်ရှည်ရှည်တာဝန်ရှိရှိ ကူညီခဲ့ပါလျက်နဲ့ မိမိတို့ခေါင်းဆောင်များ သန္နိဋ္ဌာန်မခိုင်မာလို့ ဖြစ်သည်။ စွန့်လွှတ်စွန့်စား လုပ်လျှင် အချိန်အများကြီးရသည်။ ကိုယ့်အားကိုယ်ကိုး အခြေခံဒေသ တခုနှစ်ခု ရောဝတီမြစ်ဝှမ်းအတွင်း ဖော်နိုင်ခဲ့သင့်သည်။

ဗကပ ၏ မွေးရပ်ဇာတိ၊ ဗကပ ၏ အောင်မြင်မှုရခဲ့ရာဒေသတွင် ပြန်လည်အခြေမချနိုင်ခြင်းသည် သေလောက်သောအမှားကို ကျူးလွန်မိခြင်း ဖြစ်သည်။

လက်နက်ကိုင်တိုက်ပွဲ ထိုးရပ်သွားခြင်း၊ ပါတီတခုလုံး မြေအောက်ဆင်းရခြင်းမှာ 'သေလောက်သောအမှား' ကြောင့် ဖြစ်သည်။

'ပါတီစိတ်ခေတ်' ရှိနေသော၊ ရင့်ကျက်နေသော ပါတီဝင်များ ရှိနေလို့သာ။ ဒါကလည်း တတိယကွန်ဂရက်ကို (၁၉၈၅) တွင် ကျင်းပနိုင်ခဲ့လို့သာ ရင့်ကျက်လာတာ ဖြစ်သည်။ (၁၉၈၈) လူထုအုံကြွမှုကြီးရှိခဲ့၍လည်း ခံသာသွားခြင်း ဖြစ်သည်။

(၃) 'ပါတီစိတ်ခေတ်' ကို မြှင့်တင်ပေးရေးသည် ယနေ့တွင် အကြီးဆုံးတာဝန် ဖြစ်သည်။ ရဲဘော်မော်စီတုန်းက 'ပြည်သူကို ယုံကြည်ရမယ်။ ပါတီကိုယုံကြည်ရမယ်။ ဒီ (၂) ခုဟာ အရင်းခံမူ (၂) ရပ် ဖြစ်တယ်။ ဒီ (၂) ခု မရှိရင် ဘာမှ အောင်မြင်မှာ မဟုတ်' လို့ သွန်သင်ခဲ့သလို မိမိတို့လည်း ပြည်သူကို ယုံကြည်ရမည်။ ပါတီကို ယုံကြည်တဲ့ 'ပါတီစိတ်ခေတ်' မြှင့်တင်ရမည်။

ဗဟိုစည်းရုံးရေး ကော်မတီ **(COC)** ၏ တာဝန်မှာ ပါတီစိတ်ခေတ် မြှင့်တင်ပေးဖို့နဲ့ နောင်မျိုးဆက်သို့ ပါတီအလံလွှဲခဲ့ဖို့ ဖြစ်သည်။ ပထမမျိုးဆက်မှာ သေသူသေကြပြီ။ ရှင်နေသူ အိုလှပြီ။ **COC** သည် ဒုတိယမျိုးဆက်ဖြစ်သည်။ သူတို့လည်း အသက်ကြီးကြပြီ။ (၆၀) ကျော် (၇၀) တန်း ဖြစ်သည်။ တတိယမျိုးဆက်ကို အလံလွှဲပေးရမည်။ ဖြစ်နိုင်လျှင် (ဖြစ်နိုင်လျှင်) 'စတုတ္ထကွန်ဂရက်' ကျင်းပဖို့ ကြိုးစားရမည်။ စတုတ္ထကွန်ဂရက်က 'ဗဟိုကော်မတီ' ကို ရွေးရမည်။ ဒီလိုလုပ်ပြီးမှ တတိယမျိုးဆက်သို့ အလံလွှဲနိုင်လျှင် ကောင်းပါသည်။ 'ပါတီစိတ်ခေတ်' ထက်သန်နေပါမှ ပါတီအသက်အရွှန့်ရှည်ပါလိမ့်မည်။ ။

# ဗကပ နဲ့ အလုပ်သမား

‘ဓနရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစားအကြား ရန်ဘက် အတိုက်အခံဖြစ်မှုနှင့် ပတ်သက်၍ ဖြစ်နိုင်မည့် ရှင်းလင်းပြတ်သားသော အသိကို အလုပ်သမားလူတန်းစားအတွင်းသို့ သွတ်သွင်းပေးရန် ကွန်မြူနစ်များသည် ခဏတာမျှပင် မရပ်နားခဲ့ပေ။’ (ကွန်မြူနစ်ကြေညာစာတမ်း)

<u>ကွန်မြူနစ်ဖြစ်ချင်သူတိုင်း ကြေညာစာတမ်းကို လေ့လာကြသည်။</u>

(၁၉၃၉) ခုနှစ်မှာ ဗကပ မထူထောင်မီကတည်းက ကျောင်းသားများ၊ ပညာတတ်များသည် ကွန်မြူနစ်ကြေညာစာတမ်းကို လေ့လာခဲ့ကြသည်။ လေ့လာအားကောင်းသောသူကို ဆရာတင်ပြီး လေ့လာရေးအစုများ ဖွဲ့ခဲ့ကြသည်။ ဤသို့ဖြင့် ‘လေ့လာရေးအစုများ’ ပေါ်လာသည်။ ဗကပ သည် ထို ‘လေ့လာရေးအစုများ’ ကို စုစည်းခြင်းဖြင့် ပေါ်လာတာ ဖြစ်သည်။ ဗကပ ဖွဲ့စည်းခါစက ခေါင်းဆောင်မှုအဖွဲ့ကိုကြည့်လျှင် ရှင်းပါသည်။ အများစုကြီးက တက္ကသိုလ်ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တွေချည်း ဖြစ်နေတာကို တွေ့နိုင်သည်။

ကွန်မြူနစ်ကြေညာစာတမ်းကို လေ့လာလျှင် ဓနရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစား၏ အတိုက်အခံဖြစ်မှုနှင့် အလုပ်သမားလူတန်းစားကို လူတန်းစားအသိ သွတ်သွင်းပေးရမည်ဆိုတာကို သိမြင်လာမြဲဖြစ်သည်။ ကွန်မြူနစ်တို့၏တာဝန်ဘာလဲဆိုတာကိုလည်း သိမြင်လာမြဲဖြစ်သည်။ အလုပ်သမားလူတန်းစားကို တော်လှန်ရေးအသိ သွတ်သွင်းပေးတဲ့အလုပ်ကို ခဏကလေးမျှ မရပ်နားရဟူသော သွန်သင်ချက်က ကိုဗဟိန်းကို ရေနံမြေအလုပ်သမားများဆီသို့ ပို့ပေးခဲ့တာ ဖြစ်သည်။ ရဲဘော်ဗိုလ်ပုတို့ ရေနံမြေကျောင်းသားများရဲ့ သပိတ်တိုက်ပွဲကိုလည်း ရှေ့ဆောင်ဖို့ ကိုဗဟိန်းသွားခဲ့တာ ဖြစ်သည်။ လေ့လာရေးအစုဝင်တိုင်းက နီးစပ်ရာ အလုပ်သမားထုအတွင်း ဝင်ပြီးစည်းရုံးကြသည်။

<u>ဗမာပြည်အလုပ်သမားလူတန်းစားရဲ့ ထူးခြားချက်။</u>

အင်္ဂလိပ်နယ်ချဲ့သမားက အိန္ဒိယကိုအခြေခံပြီး ဗမာပြည်ကို တိုးချဲ့ခဲ့တာရဲ့ အကျိုးဆက်အဖြစ် ဗမာပြည်တွင် စပေါ်သည့် ဓနရှင်လူတန်းစားသည် ကုလားများ ဖြစ်ကြသည်။ ဓနရှင် လူတန်းစားနှင့်အတူ ပေါ်မြဲဖြစ်သည့် အလုပ်သမားလူတန်းစားကလည်း ကုလားများပင် ဖြစ်သည်။

ခေတ်မီသယ်ယူ ပို့ဆောင်ရေး လုပ်ငန်းကြီးများဖြစ်သည့် သင်္ဘောနဲ့ မီးရထား လုပ်ငန်းများကိုကြည့်လျှင် ဓနရှင်က အင်္ဂလိပ်၊ အလုပ်သမားက ကုလားများ ဖြစ်နေတာကို တွေ့ရမည်။ သင်္ဘောကြီး ကုန်တင်ကုန်ချ လုပ်ငန်းကို ပင်လျှင်

ကုလားအလုပ်သမားများဖြင့် လုပ်ခဲ့တာဖြစ်သည်။ ကမ်းရိုးတန်းသွား စက်လှေလုပ်ငန်းနဲ့ ရာဘာလုပ်ငန်း၊ ပုဂ္ဂလိကဆန်နဲ့ဆားလုပ်ငန်း လုပ်ကြသည့်၊ ရောင်းဝယ်ရေး လုပ်ငန်းကလေးများ လုပ်ကြသည့် တရုတ်ခနေရှင်နဲ့ တရုတ် အလုပ်သမားတချို့ကို တွေ့နိုင်သည်။ သူတို့က သိပ်မများပါ။

***ဘယ်သူက ရန်သူလဲ၊ ဘယ်သူက မိတ်ဆွေလဲ၊ ဘယ်သူ့ကို မှီခိုရမလဲဆိုတဲ့ သေနင်္ဂဗျူဟာအမြင်မှာ ကြည်လင်ပြတ်သားနေဖို့***

ဗမာပြည် တိုင်းရင်းသား အလုပ်သမားလူတန်းစားက ဆားလုပ်ငန်း၊ ဆန်စက်လုပ်ငန်းလို ဝါကြိတ်စက်လုပ်ငန်းလို လုပ်ငန်းများမှာ ယာယီရာသီပေါ် အလုပ်သမားများအဖြစ် လုပ်ကြရသည်။

<u>ထူးခြားချက်ကြောင့် ပေါ်ရတဲ့ အားနည်းချက်။</u>

အင်္ဂလိပ်ခနေရှင်က ကုလားနဲ့ဗမာ၊ တရုတ်နဲ့ ဗမာကို အလွယ်တကူ သွေးခွဲပေးနိုင်သည်။ တခါတရံမှာ အဓိကရုဏ်းကိုပင် ဖန်တီးပေးနိုင်သည်။ ဗမာပြည်တွင် ဖြစ်ခဲ့သည့် လူမျိုးရေးအဓိကရုဏ်းများကိုကြည့်လျှင် ရှင်းပါသည်။

<u>အားနည်းချက်ကိုချေဖျက်သည့် အားသာချက်။</u>

တရုတ်ပြည် ကွန်မြူနစ်ပါတီနှင့် အိန္ဒိယပြည်ကွန်မြူနစ်ပါတီတို့ကို ၁၉၂၀ လွန်ကာလများကတည်းက ဖွဲ့စည်းထူထောင်ပြီးဖြစ်သည်။ တရုတ်ကွန်မြူနစ် (U/G) နဲ့ ကုလားကွန်မြူနစ် (U/G) များ ဗမာပြည်ရောက်လာသည်။ သူတို့က တရုတ်အလုပ်သမားနှင့် ကုလားအလုပ်သမားတို့ကို (ကွန်မြူနစ်တို့ရဲ့ တာဝန်အရ) လူတန်းစားအသိ သွတ်သွင်းပေးကြသဖြင့် ကုလား၊ တရုတ် အလုပ်သမားခေါင်းဆောင်များအတွင်းတွင် ‘တိုင်းပြည်အားလုံးရှိ အလုပ်သမားများ သွေးစည်းရေးစိတ်ဓာတ်’ ရှိနေကြသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ ထူထောင်ကြမည့် ရဲဘော်များနဲ့လည်း တဖက်က မိတ်ဆက်ပေးထားသဖြင့် အဆက်အစပ်ရှိနေကြသည်။ ထိုသို့သော အကြောင်းများကြောင့် ဗကပ သည် ဘယ်တုန်းကမျှ လူမျိုးရေးအဓိကရုဏ်း ထောင်ချောက်ထဲသို့ မကျရောက်ခဲ့တာ ဖြစ်သည်။

လူမျိုးရေးဆန့်ကျင်ဘက်ဖြစ်မှု၊ အဓိကရုဏ်းဖြစ်မှု ထောင်ချောက်ထဲသို့ မကျရောက်ဖို့ဆိုလျှင် ဘယ်သူက ရန်သူလဲ၊ ဘယ်သူက မိတ်ဆွေလဲ၊ ဘယ်သူ့ကို မှီခိုရမလဲဆိုတဲ့ သေနင်္ဂဗျူဟာအမြင်မှာ ကြည်လင်ပြတ်သားနေဖို့ အရေးကြီးပါသည်။

ရန်သူဆိုတာကလည်း တသမတ်တည်း မဟုတ်ပါ။ အပြောင်းအလဲ ရှိတတ်ပါသည်။ ဒါကတော့ ခေတ်နဲ့ ဆိုင်ပါသည်။ အင်္ဂလိပ်နယ်ချဲ့ကို အဓိကရန်သူလို့ သတ်မှတ်ရသည့်ခေတ် ရှိသလို၊ ဂျပန်ဖက်ဆစ်ကို အဓိကရန်သူလို့ သတ်မှတ်ရတဲ့ခေတ် ရှိသည်။ ပြည်ပကျူးကျော်မှုကို ရန်သူလို့ သတ်မှတ်ရချိန် ရှိသလို ပြည်တွင်းဖိနှိပ်မှုကို ရန်သူအဖြစ် သတ်မှတ်ရချိန် ရှိသည်။ ဒါကိုတော့ ခေတ်ကာလအလိုက် အသတ်မှတ်ရမှာ ဖြစ်သည်။

(စကားချပ်။ ‘ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ’ ဟု ကြွေးကြော်သံ ထုတ်ထားသည့် ‘စစ်အုပ်စု’ ကို မိမိတို့က ရန်သူဟု မသတ်မှတ်ဘဲ မိတ်ဆွေလို့ သတ်မှတ်လျှင် မိမိတို့လောက် မိုက်မဲသည့်သူ ကမ္ဘာမှာ ရှိမည်မဟုတ်ပါ။ စစ်အုပ်စုက ထိုကြွေးကြော်သံကို ရုပ်သိမ်းပြီး စေ့စပ်ဆွေးနွေးရေးစားပွဲမှာ လာထိုင်လျှင်ကား ‘ဆွေးနွေးဘက်’ ဟု သတ်မှတ်ရမှာ ဖြစ်သည်။ ‘ဆွေးနွေးဘက်’ သည် ရန်သူ မဟုတ်ပါ။ မိတ်ဆွေလည်း မဟုတ်ပါ။)

<u>ဥပဒေတွင်းကာလ (၃) နှစ်။</u>

ဗကပ အနေဖြင့် အသက်သာ (၇၀) ပြည့်သွားသည်။ U/G မလုပ်ရတဲ့ကာလက (၃) နှစ်သာ ရှိခဲ့သည်။ ထို (၃) နှစ်အတွင်းတွင် အလုပ်သမား လူတန်းစားနှင့် အကျယ်ပြန့်ဆုံး ဆက်သွယ်စည်းရုံးနိုင်ခဲ့သည်။ သို့သော် အပြိုင်အဆိုင်များလှသည်။ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော် စသဖြင့် ပါတီတိုင်းက အပြိုင်အဆိုင် စည်းရုံးကြသဖြင့် အလုပ်သမားများကို သွေးကွဲစေသည်။ ဂိုဏ်းဂဏစိတ် ပွားစေသည်။ ‘အမျိုးသားညီညွတ်ရေး’ ရှိနေလျှင် သာမန်ပြည်သူတွင်း ပဋိပက္ခမျှ ဖြစ်သော်လည်း ‘အမျိုးသားညီညွတ်မှု’ ပြိုကွဲလျှင်ကား အပြန်အလှန် အပြုတ်တိုက်ရေးဆီသို့၊ ရန်ဘက်

ပဋိပက္ခဆီသို့ တွန်းပို့တော့သည်။ (စကားချပ်။ နောင်တွင် ဤသို့မဖြစ်စေဖို့ အကြံပေးလိုသည်။ သမဂ္ဂ၊ အစည်းအရုံး၊ အဖွဲ့ချုပ် ဘယ်နာမည်ကိုပေးပေး ပေးချင်တဲ့နာမည်ပေးပါ။ အလုပ်သမားအဖွဲ့ အစည်းတခုတည်းသာ ရှိသင့်သည်။ ဒီမိုကရေစီအခြေခံပေါ်တွင် လုပ်ကြလျှင် ဖြစ်နိုင်ပါသည်။ 'တက္ကသိုလ်ကျောင်းသားများသမဂ္ဂ' ကို စံနမူယူပြီးလုပ်လျှင် ဖြစ်နိုင်ကောင်းပါသည်။ အတွေးအခေါ် အယူအဆ၊ တိမ်းညွတ်မှု မည်သို့ပင်ရှိပါစေ၊ ဒီမိုကရေစီနည်းကျလုပ်လျှင် ဖြစ်နိုင်ပါသည်။ စဉ်းစားချင့်ချိန်နိုင်ရန် အကြံပြုခြင်း ဖြစ်ပါသည်။)

<u>ဥပဒေပ (ဖ၇) နှစ်။</u>

ကွန်မြူနစ်ကြေညာ စာတမ်းပါ တာဝန်ကို ဆက်လက်ထမ်းဆောင်သည်။ တဖက်က မိမိရဲ့ တည်ရှိခွင့်အတွက် လက်နက်ကိုင်တိုက်ပွဲ တိုက်နေရသည်။ အလုပ်သမားတွေဆိုတာက မြို့ပြမှာသာ ရှိသည်။ ထို့ ကြောင့် မြို့ပြသို့ ကေဒါများပို့ပြီး စွန့်လွှတ်စွန့်စားပြီး လုပ်ခဲ့ရသည်။ ထိခိုက်နစ်နာမှုတွေ များလှသည်။ သို့သော် တာဝန်ကို မပျက်ကွက်စေခဲ့ပါ။ ဘာတွေကို ဘယ်လိုလုပ်ခဲ့သည် ဆိုတာများကို တော့ ကျွန်တော်တို့ ပြောရန်မရည်ရွယ်ပါ။ ရန်သူထောက်လှမ်းရေးနှင့် ထောက်လှမ်းရေးရဲ့ သစ္စာတော်ခံများ ရေးကြသည့် စာအုပ်စာတမ်းတွေမှာ တစွန်းတစ တွေ့နိုင်ပါသည်။ တခုပဲ ပြော လိုသည်။ သူတို့မသိတာတွေ အများကြီးရှိသည် ဆိုတာကိုပဲ ပြောလိုသည်။ ကွန်မြူနစ်ပါတီ ရှိနေသမျှ ကွန်မြူနစ်ကြေညာ စာတမ်းပါ တာဝန်များကို ထမ်းဆောင်နေပါမည်။

ဗကပ စွန့်စားရသလို အလုပ်သမားတွေကလည်း စွန့်စားကြရပါသည်။

<u>ရွေ့ခရီး။</u>

ဒီမိုကရေစီတော်လှန်ရေး ခရီးကား ဆက်ရန်ရှိသေးသည်။ ပန်းတိုင်က နီးလိုက်ဝေးလိုက်။ အခုတော့ အတော်လေး ဝေးနေသေးသည်ဟု ထင်ပါသည်။

စစ်အုပ်စုကိုယ်တိုင်က အခုခေတ်မှာ NLD ကိုပဲ ဦးတည်ရန်သူလို့ သတ်မှတ်ပြီး ထိုးနှက်တိုက်ခိုက်နေရသည်။ ဗကပ ကို ထိုးနှက်ဖို့တာဝန်ကို 'ဗကပ သစ္စာဖောက်များနှင့် ဗကပ ပျက်များ' ကို လွှဲပေးထားသည်ဟု ထင်ရသည်။ သူတို့ထဲက (တချို့က) အတွေးအခေါ်စစ်မျက်နှာဖွင့်ပြီး ထိုးနှက်နေတာ တွေ့ရသည်။ ဖူကူယားမား၊ ဟန်တင်တန် စသည့်စသည့် ပုဂ္ဂိုလ်များကို စစ်ကူယူပြီး ဗကပ ကို ထိုးနှက်တိုက်ခိုက်နေကြသည်။ သူတို့ရေးသမျှကို (တာဝန်အရ) ဗကပ ဖတ်ပါသည်။ တုံ့ပြန်လောက်သည်ဟု မထင်သဖြင့် မတုံ့ပြန်ပါ။

အလုပ်သမားလူတန်းစားကလည်း သူတို့ရဲ့ဘဝကို သူတို့သိကြသည်။ သူတို့ရေးတာကို (ဘဝပေးအသိအရ) လွှတ်ထားလိုက်ပါသည်။

ရေးနေသူတွေ ကိုယ်တိုင်ကလည်း သိကြပုံပေါ်ပါသည်။ သူတို့ရေးတာကို လူငယ်ပညာတတ်အနည်းစုကပဲ ဖတ်ကြတာ သူတို့သိသည်။ အသက် (၃၀) ဝန်းကျင်က လူတစုပဲ ဖတ်ပြီး သူတို့ထက်ငယ်သူက မဖတ်ကြ။ ကြီးသူတွေက မကြိုက်ဟု ဆိုပါသည်။ သူတို့ရေးတာကို ဖတ်တဲ့သူတချို့ကတော့ တယ်လီဖုန်းဆက်ပြီး ကန့်ကွက်ကြသည်ဟု ဆိုသည်။ တယ်လီဖုန်းအကြိမ် (၁၀၀) လာလျှင် (၉၉) ကြိမ်က ကန့်ကွက်တာဟု ဆိုပါသည်။

ကိစ္စမရှိပါ။ စစ်အုပ်စု စိတ်ဓာတ်စစ်ဆင်ရေးက ကြိုက်ပါသည်။ ဆက်ပြီး ရေးကြပါ။ စစ်အုပ်စုက '၂၀၁၀ ရွေးကောက်ပွဲ' ဘားတန်းကို ကျော်ပြီးလျှင်ကား မပြောတတ်ပါ။ သူတို့၏ အသုံးဝင်မှုအခန်း ကုန်ပြီဟု အထင်ခံရလျှင် မြဝတီမဂ္ဂဇင်းက 'အလင်းရောက်စာရေးဆရာ' များရဲ့ ကံကြမ္မာမျိုးပဲ တိုးပါလိမ့်မည်။ ဒါကြောင့် ရေးကြီးခွင်ကျယ် ဗကပ မလုပ်ပါ။ လူကြီးတွေဖြစ်သည့် အလုပ်သမားလူတန်းစားက မကြိုက်။ အလုပ်သမားလူငယ်တွေက မဖတ်ဆိုတော့ ဘယ်သူ့အတွက် ရေးတာလဲဆိုတာ ရှင်းနေပါပြီ။

**ကွန်မြူနစ်ပါတီ ရှိနေသမျှ**
**ကွန်မြူနစ်ကြေညာစာတမ်းပါ**
**တာဝန်များကို ထမ်းဆောင်နေပါမည်။**

# ဗကပ နဲ့

# သမိုင်းဝင်လယ်သမားလှုပ်ရှားမှုများ

## လယ်သမားလူတန်းစားကို မသိမ်းသွင်းနိုင်ရင် တော်လှန်ရေး မအောင်နိုင်

အရေအတွက်နဲ့ ရာခိုင်နှုန်းအရ အပြောင်းအလဲရှိပေမယ့် ဗမာပြည်မှာ လယ်သမားလူတန်းစားဟာ လူဦးရေအများဆုံးလူတန်းစား ဖြစ်တယ်ဆိုတဲ့အချက်ဟာ ဒီကနေ့အထိ မှန်ကန်နေဆဲပဲ။ နောက်ပြီး ဒီလူ တန်းစားအများစုဟာ ဘဝအရ ဆင်းရဲမွဲတေပြီး သူ့လူတန်းစားဗီဇအရ တော်လှန်ရေးကို လိုလားထောက်ခံကာ တက်တက်ကြွကြွ ပါဝင်နိုင်သူတွေ ဖြစ်ကြတယ်။ ဒါကြောင့် ဒီလူတန်းစားမပါဘဲ ဗမာပြည်နိုင်ငံရေးရဲ့ အရေးပါတဲ့ နိုင်ငံရေးအလှည့်အပြောင်းကြီးတွေကို လုပ်လို့ မရဘူး။ ဗမာပြည်မှာ ဘယ်လူတန်းစားက တော်လှန်ရေးကို ခေါင်းဆောင် – ခေါင်းဆောင် လယ်သမားလူတန်းစားကို အောင်အောင်မြင်မြင် စည်းရုံးသိမ်းသွင်းတာမလုပ်ဘဲ ဘယ်တော်လှန်ရေးမှ မအောင်နိုင်ဘူး။ ဒါဟာ ဗမာပြည်နိုင်ငံရေးရဲ့ က–ကြီး၊ ခ–ခွေး ပဲ။

## လယ်သမားလှုပ်ရှားမှုများဟာ<br>ကြောင်လိမ်လှေကားလို တဆင့်ချင်း ပြောင်းလဲမြင့်တက်လာခဲ့တယ်

ဗမာပြည်မှာ သက်တမ်းအရင့်ဆုံးပါတီဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ မမွေးဖွားမီကတည်းက လယ်သမား လှုပ်ရှားမှုတွေ ရှိခဲ့တာပါ။ ဒါပေမဲ့ ပါတီက သိမ်းသွင်းရှေ့ဆောင်ခဲ့တဲ့ လယ်သမားလှုပ်ရှားမှုများဟာ ပါတီ မမွေးဖွားခင်က လယ်သမားလှုပ်ရှားမှုများနဲ့ အနှစ်သာရနဲ့သွင်ပြင်လက္ခဏာအရ အခြားနားကြီး ခြားနားသွားပါပြီ။

ပါတီမပေါ်ပေါက်မီက လယ်သမားလှုပ်ရှားမှုအကြောင်း အကြမ်းဖျင်း ပြန်လည်ငဲ့စောင်း ကြည့်မြင်ပြီးမှ ပါတီရဲ့ အနှစ် ၇၀ သမိုင်းအတွင်းက လယ်သမားလှုပ်ရှားမှုတွေအကြောင်း လေ့လာရင် ဗမာပြည်လယ်သမား လူတန်းစား လှုပ်ရှားမှုတွေ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာမှုကို ပိုမိုနားလည်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။

မှန်ကန်စေရေးဆိုတဲ့ ပြုပြင်ရေးတွေ လောက်ကလွဲလို့ လယ်သမားလူတန်းစား ဘဝလွတ်မြောက်ရေးနဲ့ လယ်လုပ်သူ လယ်ပိုင်ရေးဆိုတာကို ဘယ်လိုမှ ရည်မှန်းချက်အဖြစ်ထားလို့ မရနိုင်တဲ့ ခေတ်ကာလတွေပါ။

## တရုတ်ပြည် ကွန်မြူနစ်ပါတီမှ ပစ္စည်းမဲ့အလံတော်ပေးပို့ပြီး ထောက်ခံဂုဏ်ပြုခဲ့တဲ့ ကိုလိုနီခေတ်က လယ်သမားသူပုန်

ပဒေသရာဇ် မင်းဆက်တွေမှာ မင်းမှုထမ်းစစ်သားတွေဆိုတာ တကယ်တမ်းကျတော့ လယ်သမားကလာသူ အများစုပါ။ ဒါကြောင့် အင်္ဂလိပ် – ဗမာ စစ်ပွဲတွေမှာ လယ်သမားလူတန်းစားဟာ အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်တော်လှန်တဲ့ အဓိကအင်အားစု ဖြစ်တယ်လို့ ဆိုရပါမယ်။ သီပေါဘုရင် ပါတော်မူသွားပြီး နောက်ပိုင်း အင်္ဂလိပ်ကို ဆက်လက်တိုက်ခိုက်ခဲ့ကြတဲ့ အင်အားစုများဟာ ကျေးလက်ကို အခြေခံကြပြီး လယ်သမားလူတန်းစားကို အဓိက မှီခိုအားကိုးပြီး ခုခံပုန်ကန်မှုလုပ်ခဲ့ကြတာပါ။ မင်းညီမင်းသားနဲ့ စော်ဘွားတွေအပါအဝင် နယ်ချဲ့ဆန့်ကျင်ရေး သူ့ရဲကောင်းအားလုံးဟာ လယ်သမားလူတန်းစားကို အခြေပြုခဲ့ရတာ ချည်းပါပဲ။

ကိုလိုနီနယ်ချဲ့သမားက ဗမာပြည်မှာ လုံးဝအခြေခိုင်ခိုင်အုပ်ချုပ်နိုင်တဲ့ အချိန်မှာတော့ လယ်သမား လူတန်းစားဟာ အရင်ကထက် ပိုမိုဆိုးဝါးစွာ အဖိနှိပ်ခံလာကြရပါတယ်။ ဗမာလယ်သမားတွေဟာ ဗမာမြေရှင်၊ချစ်တီး မြေရှင်၊ အင်္ဂလိပ်အစိုးရဆိုတဲ့ တောင်ကြီးသုံးလုံးရဲ့ ဖိနှိပ်မှုတွေကြောင့် မသေရုံ မြော့မြော့လေးသာ အသက်ရှင်နေရတဲ့ဘဝပါ။ ပဒေသရာဇ်ခေတ်ကလို မင်းလောင်းပေါ်တဲ့ ပုံ



နယ်ချဲ့အင်္ဂလိပ်ကိုတော်လှန်ခဲ့တဲ့ ဗိုလ်ချိုတို့သားအဖ

## ကိုလိုနီခေတ်မတိုင်မီ လယ်သမားလှုပ်ရှားမှုများ

သမိုင်းအရကြည့်ရင် ဗမာပြည်မှာ ရှေးဟောင်းခေတ် ဝမ်းကြာတိုက် အတွင်းကနေ မြေရှင်စနစ် စတင်ပေါ်ခဲ့တာပါ။ ပျူခေတ်မှာ မြေယာပိုင်ဆိုင်မှုနဲ့ မြေရှင်ပဒေသရာဇ်စနစ် တရွေ့ရွေ့ ထွန်းကားလာဟန် ရှိပါတယ်။ ပုဂံခေတ်ရောက်တဲ့အခါ မြေရှင်ပဒေသရာဇ်စနစ် သိသိသာသာ ထင်ထင်ရှားရှား ဖြစ်ပေါ်လာပါတယ်။ ရှေးဟောင်းခေတ်ကနေ ကိုလိုနီခေတ်အထိဖြစ်တဲ့ သက်ဦးဆံပိုင်ပဒေသရာဇ်ခေတ်ကာလများမှာ မြေရှင်ပဒေသရာဇ်များနဲ့ လယ်သမားလူတန်းစားများအကြား လူတန်းစား ပဋိပက္ခများ မုချပေါ်ပေါက်လိမ့်မယ်ဆိုတာ သံသယရှိစရာ မလိုပါဘူး။ ခေတ်ပြိုင် အိန္ဒိယနဲ့ တရုတ်ပြည်တို့မှာ လယ်သမားအုံကြွမှုများနဲ့ လယ်သမားသူပုန်များ အကြိမ်ကြိမ် ပေါ်ခဲ့ပါတယ်။ ကြီးကြီးမားမား ပေါ်ခဲ့ပါတယ်။ အထင်အရှားပေါ်ခဲ့ပါတယ်။ ဗမာပြည်မှာတော့ ပဒေသရာဇ်ရှင်ဘုရင်တွေအကြောင်း အဓိကထား ရေးသားတဲ့ 'ရာဇဝင်' ဆိုတာက လယ်သမားတိုက်ပွဲတွေ အကြောင်း အရေးတယူမှတ်တမ်းတင်ဖို့ ခဲယဉ်းပါတယ်။ မင်းလောင်းပေါ်လို့ ရှင်ဘုရင်တွေက သွားရောက်နှိမ်နင်းရတယ် ဆိုတာတွေကတော့ လယ်သမားပုန်ကန်မှုတွေပါပဲ။ တောင်သူကြီးမင်းတို့၊ မုဆိုးခြုံရွာက ဦးအောင်ဇေယျ ဆိုတာတို့ကိုကြည့်ရင် လယ်သမားနဲ့ လယ်သမားပုန်ကန်မှုက အာဏာရသွားတာလည်း ရှိတယ်ဆိုတာကိုတော့ သိမြင်နိုင်ပါတယ်။ ခေတ်ကာလ အများပိုင်းမှာ လယ်သမားတွေ နှစ်ပေါင်းရာချီပြီး မြေရှင်ပဒေသရာစနစ်၊ သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်ရဲ့ ဖိနှိပ်မှုကို ခံခဲ့ကြရမှာပါ။ ပဒေသရာဇ်မင်းအဆက်ဆက်ရဲ့ ခေတ်ကာလတွေဟာ လယ်သမားတွေဟာ ဆည်မြောင်းတာတမံ တည်ဆောက်ပေးတဲ့ ပြုပြင်ရေးနဲ့ အလေးတင်းတောင်း

သဏ္ဍာန်မျိုးနဲ့ ကိုလိုနီခေတ်မှာလည်း လယ်သမားလူ တန်းစားတွေရဲ့ ထကြွ ပုန်ကန်မှုကလေးတွေ ပေါ်ခဲ့ပါတယ်။ အများစုက ပဒေသရာဇ်ခေတ်ကလို မင်းလောင်းပေါ်တဲ့ ပုံသဏ္ဍာန်မျိုးနဲ့ ပေါ်ခဲ့တာပါ။ ကိုလိုနီခေတ်မှာ အထင်ရှားဆုံး တောင်သူလယ်သမားတွေရဲ့ ထကြွမှုကတော့ ဆရာစံလယ်သမားသူပုန်ပါပဲ။

၁၉၂၆–၂၇ ခုနှစ်က ဆရာတော်ဦးဝိစာရတို့၊ ဆရာတော်ဦးဥတ္တမတို့က လယ်သမားထုကြီးအား လူခွန်တော်မဆောင်ဖို့ လှည့်လည်ဟောပြောစည်းရုံးခဲ့တယ်ဆိုတာနဲ့ ၁၉၃၀ ခုနှစ် မေလ ၃၀ ရက်နေ့မှာ စတင်တည်ထောင်လိုက်တဲ့ တို့ဗမာအစည်းအရုံးနဲ့အတူ ဒီအဖွဲ့အစည်းရဲ့လက်အောက်မှာ လယ်သမားအစည်းအရုံးတရပ်ကို စတင် တည်ဆောက်နိုင်လိုက်တယ်ဆိုတာလည်း ထည့်သွင်းပြောဆိုဖို့ လိုအပ်ပါလိမ့်မယ်။

၁၉၃၀ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ စတင်လိုက်တဲ့ဆရာစံလယ်သမားသူပုန်ဟာ လက်နက်ကိုင်ပုန်ကန်မှုပါ။ နယ်ချဲ့တပ်သား ၂၀၀၀ ကျော် ကျဆုံးသည်အထိ တိုက်ခိုက်နိုင်ခဲ့ပြီး လယ်သမားသူပုန် ၂၀၀၀ ကျော် အသက်ပေးခဲ့ရပါတယ်။ ဆရာစံအပါအဝင် ကြိုးပေးအသတ်ခံရသူ လယ်သမားသူပုန် ၁၀၂ ယောက်၊ တသက်တကျွန်းအပို့ခံရတဲ့ လယ်သမားသူပုန် ၈၉၀ ဦး ရှိခဲ့ပါတယ်။ ဒီလို သွေးချွေးအသက်ပေါင်းများစွာ စွန့်လွှတ်စတေးခဲ့ရတဲ့ လယ်သမားသူပုန်ကြီး ဖြစ်ပွားနေစဉ်မှာ တရုတ်ပြည် ကွန်မြူနစ်ပါတီက ပစ္စည်းမဲ့လူတန်းစားအလံတော်ကို ပေးပို့ပြီး ထောက်ခံဂုဏ်ပြုခဲ့ပါတယ်။ ဒီပစ္စည်းမဲ့အလံတော်ကို သာယာဝတီရဲ့ အရှေ့ဘက်ရှိ ရန်ကင်းတောင်ကို အင်္ဂလိပ်တို့ တိုက်ခိုက်စီးနင်းစဉ် သိမ်းပိုက်ရရှိသွားပါတယ်။



လယ်သမားသူပုန်ခေါင်းဆောင် ဆရာစံ

ဆရာစံလယ်သမားသူပုန်ရဲ့ အဓိကကြွေးကြော်သံတွေကတော့ ... အခွန်တော်မပေးရေး၊ လယ်လုပ်သူ လယ်ပိုင်ရေးနဲ့ ကိုယ့်ဘုရင် ကိုယ့်သခင် ပေါ်ပေါက်ရေးကြွေးကြော်သံတို့ပါ။ ဒီသမိုင်းဝင်လယ်သမား သူပုန်ကြီးဟာ ကြီးမြတ်ပါတယ်။ ဒါပေမဲ့ သမိုင်းအခြေအနေအရ ချို့ယွင်းချက်တွေလည်း မရှောင်လွှဲနိုင်ခဲ့ပါဘူး။ ပဒေသရာဇ်သက်ဦးဆံပိုင်ဘုရင်စနစ်ကို ပြန်လည်တမ်းတပြီး ရည်မှန်းချက်ထဲ ထည့်သွင်းထားတာက အဓိကကျတဲ့ ချို့ယွင်းချက်ပါ။ အလုပ်သမား၊ ကျောင်းသားစတဲ့ အခြေခံလူတန်းစားတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် မဟာမိတ် မဖွဲ့နိုင်ခဲ့တာ၊ အင်း၊ အိုင်၊လက်ဖွဲ့၊ ဂါထာ၊ မန္တရားအပေါ်မှာ အားကိုးယုံကြည်တာစတဲ့ တခြားချို့ယွင်းချက်တွေလည်း ရှိပါသေးတယ်။

**လယ်သမားလူတန်းစားက အလုပ်သမား၊ ကျောင်းသား၊ တခြားအခြေခံလူတန်းစားများနဲ့ လက်တွဲတိုက်ပွဲဝင်လာခြင်း**

ဆရာစံ လယ်သမားသူပုန်ကြီး အရေးနိမ့်သွားပြီး ဆရာစံ ကြိုးပေးအသတ်ခံလိုက်ရတဲ့ ၁၉၃၁ ခုနှစ် နိုဝင်

ဘာလနောက်ပိုင်းမှာလည်း ဗမာပြည် နိုင်ငံရေးလှုပ်ရှားမှုတွေဟာ ရပ်စဲငြိမ်းအေးသွားတာ မဟုတ်ပါဘူး။ ၁၉၃၃ ခုနှစ်မှာ ရေနံမြေလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးကို ဖွဲ့စည်းတည်ထောင်ခဲ့တယ်။ ၁၉၃၆ ခုနှစ်မှာ ပြည်လုံးကျွတ်ကျောင်းသားသပိတ်ကြီး ပေါ်ထွန်းခဲ့တယ်။ ၁၉၃၉ ခုနှစ်မှာ နဂါးနီစာအုပ်အသင်းပေါ်ထွက်လာပြီး ဗမာပြည်ပြည်သူလူထုကို မျက်စိဖွင့်ပေးတဲ့ လက်ဝဲစာပေအပါအဝင် တိုးတက်တဲ့ စာပေတွေကို စတင်ဖြန့်ဖြူးလာနိုင်ခဲ့တယ်။

၁၉၃၈ ခုနှစ်ကတော့ ကြီးမားတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေ ပေါ်တဲ့နှစ်လို့ ဆိုရမှာပါ။ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ ကျောင်းသားထုက အတွင်းဝန်ရုံးကို ဝိုင်းတဲ့ လှုပ်ရှားမှုကြီး ပေါ်ခဲ့ပြီး ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကတော့ အဲဒီနှစ်မေလ ၁ ရက်နေ့က စတင်ခဲ့တာပါ။ ဗမာပြည်ရဲ့ ပထမဆုံးအလုပ်သမားနေ့ကို ရေနံချောင်းမြို့မှာ ကျင်းပခဲ့တယ်။ အဲဒီလှုပ်ရှားမှုကနေ ဆက်လက်ပြီး ရေနံချောင်း၊ ချောက်၊ ရေနံချပ်၊ လမ်းရွာတို့မှ အလုပ်သမား ၂၀၀၀ ကျော်တို့က စတင် သပိတ်မှောက်ကြတယ်။ ဒီရေနံမြေအလုပ်သမားသပိတ်ကြီးဟာ ကျယ်ပြန့်ကြီးထွားလာပြီး ကျောင်းသားတွေ၊ လယ်သမားတွေ၊ တခြားအခြေခံလူတန်းစားတွေ ပါဝင်ပူးပေါင်းပြီး နယ်ချဲ့အစိုးရရဲ့ တားဆီးမှုအမျိုးမျိုးကို ကျော်လွှားကာ ရန်ကုန်ရွှေတိဂုံကုန်းတော်အထိ ခြေလျင်ချီတက်တဲ့ အရေးတော်ပုံကြီး ဖြစ်လာခဲ့တယ်။

ဒီမှာ အဓိကဖော်ပြချင်တာကတော့ ဒီအရေးတော်ပုံကြီးမှာ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ ပြည်၊ သာယာဝတီ၊ အင်းစိန် အစရှိတဲ့ အနယ်နယ်အရပ်ရပ်က လယ်သမားတွေဟာ အလုပ်သမား၊ ကျောင်းသား၊ မြို့နေ ဆင်းရဲသားများ စတဲ့ လူတန်းစားတွေနဲ့ ရန်သူဆန့်ကျင်ရေးမှာ လက်တွဲပူးပေါင်းမိတဲ့အချက်ပဲ။ ခေတ်မီစက်မှု လုပ်ငန်းနဲ့ဆက်သွယ်နေတာမို့ ခေတ်မီတဲ့ လူတန်းစား၊ လုပ်ငန်းသဘာဝအရ ဗီဇအရ စည်းလုံးမှု စိတ်ဓာတ်ရှိတဲ့၊ စည်းကမ်းရှိတဲ့ အနာဂတ်ကို ကြိုတင်တွေးခေါ်နိုင်တဲ့ အမြော်အမြင်ရှိတဲ့ လူတန်းစား၊ ဗီဇအရ နှောင်ကြိုးကလွဲလို့ ပိုင်ဆိုင်မှု ဘာမှမရှိတဲ့အတွက် ကိုယ်ကျိုးအစွန့်နိုင်ဆုံး၊ အပြတ်သားဆုံး၊ တော်လှန်ရေးကို ကုန်စင်အောင် အဆင်နွှဲနိုင်ဆုံးလူတန်းစားဖြစ်တဲ့ အလုပ်သမားလူတန်းစားနဲ့ မဟာမိတ်ဖွဲ့နိုင်တာဟာ လယ်သမားလူတန်းစား လှုပ်ရှားမှုအတွက် တဆင့်တိုး မြင့်မားလာခြင်းပဲ။

**အလုပ်သမားလူတန်းစားနဲ့ မဟာမိတ်ဖွဲ့နိုင်တာဟာ လယ်သမားလူတန်းစား လှုပ်ရှားမှုအတွက် တဆင့်တိုး မြင့်မားလာခြင်းပဲ။**

အခြေခံလူတန်းစားများ ဒီလိုတော်လှန်ရေးမဟာမိတ် ဖွဲ့နိုင်ခဲ့တဲ့အတွက် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးဟာ အဓိက ရည်မှန်းချက်ဖြစ်တဲ့ အောင်ပွဲ ပန်းတိုင်ထိ မရောက်နိုင်သေးစေကာမူ ထိုခေတ်ထိုကာလက ဒေါက်တာဗမော်ရဲ့ ညွန့်ပေါင်းအစိုးရကို ပြုတ်ကျသွားစေခြင်းဆိုတဲ့ အောင်သီးအောင်ပွင့်ကိုတော့ ဆွတ်ခူးနိုင်ခဲ့ပါတယ်။

ထိုခေတ်ထိုကာလရဲ့ အနေအထားအရ လယ်သမားလှုပ်ရှားမှုပဲဖြစ်ဖြစ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးပဲဖြစ်ဖြစ် အဓိက အားနည်းချက်ကတော့ (ကွန်မြူနစ်ပါတီ မပေါ်ပေါက်သေးတဲ့အတွက် ကွန်မြူနစ်ပါတီမှတဆင့်) အလုပ်သမားလူတန်းစားရဲ့ ခေါင်းဆောင်မှုကို မရရှိသေးခြင်းပါပဲ။

## ဖက်ဆစ်ဂျပန်တော်လှန်ရေးနဲ့ လယ်သမားလူတန်းစား

သမိုင်းလိုအပ်ချက်၊ ခေတ်ကာလအခြေအနေရဲ့ တောင်းဆိုချက်တို့နဲ့ ကိုက်ညီစွာ ဗမာပြည်ကွန်မြူနစ်ပါတီကို ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ စတင်ဖွဲ့စည်းတော့ ပါတီဖွဲ့စည်းကြောင်း ကြေညာချက်နဲ့ စစ်တမ်းကို ထုတ်ပြန်ခဲ့တယ်။ ဒီစစ်တမ်းထဲမှာ ဗမာပြည်ဟာ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း နိုင်ငံဖြစ်တယ်ဆိုတဲ့ လက္ခဏာသတ်မှတ်ချက် ပါရှိသလို ပါတီကလာပ်စည်းများကို အလုပ်သမား၊ လယ်သမားနဲ့ ကျောင်းသားထုအတွင်း ဖွဲ့စည်းပြီး ဒီလူတန်းစားများကို စည်းရုံးသိမ်းသွင်းသွားရန် ဆုံးဖြတ်ချက်လည်း ပါရှိခဲ့တယ်။

သက်တမ်းနုနယ်သေးတဲ့ ပါတီအတွက် မိမိရဲ့စည်းရုံးရေးစွမ်းရည်ကို စမ်းသပ်စစ်ဆေးဖို့ အပူတပြင်း တောင်းဆိုလာတာကတော့ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းတာဝန်ကြီးပါ။ မြေအောက်ပါတီဘဝရောက်နေတဲ့ ပါတီဟာ ၁၉၄၂ ခုနှစ်မှာ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းကို မြစ်ဝ

ကျွန်းပေါ် ဒေးဒရဲ ကျေးလက်ဒေသမှာ မြေအောက်ဌာနချုပ်တခု၊ သခင်သန်းထွန်းရှိတဲ့ ရန်ကုန်မှာ ဌာနချုပ်တခု လုပ်ငန်းတာဝန်ခွဲပြီး ဆောင်ရွက်ခဲ့တယ်လို့ ဆိုရမှာပါ။ ပါတီရဲ့ မြေအောက် စည်းရုံးရေးလုပ်ငန်းဟာ အခြေခံ လူတန်းစားအသီးသီးကို စည်းရုံးခဲ့တာပါ။ ဒါပေမဲ့ အများစု စည်းရုံးခဲ့ရတာကတော့ ကျေးလက်နဲ့ လယ်သမားလူတန်းစားပါ။ ပါတီရဲ့ မြေအောက် ဌာနချုပ်အပါအဝင် ပါတီရဲ့ လုပ်ငန်းတာဝန်တွေနဲ့ ပါတီရဲဘော်တွေအများစုကိုလည်း လယ်သမားတွေက ကာကွယ်စောင့်ရှောက်ပေးခဲ့ကြလို့ ပါတီရဲ့ မြေအောက် စည်းရုံးရေး လုပ်ငန်းတွေ အောင်မြင်ခဲ့တာပါ။ ပါတီက BDA တပ်တွင်းမှာလည်း မြေအောက်ပုံသဏ္ဌာန်နဲ့ စည်းရုံးခဲ့ပါတယ်။ BDA တပ်ဆိုတာမှာလည်း တပ်သားတွေဟာ လယ်သမားတွေ၊ လယ်သမားသားသမီးတွေက အများစုပါ။

ကြီးကျယ်ခမ်းနားပြီး အောင်ပွဲဆွတ်ခူးနိုင်ခဲ့တဲ့ ဒီသမိုင်းဝင်ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ အင်အားစုအသီးသီး ပါဝင်ကြသော်လည်း အဓိက စည်းရုံးဖော်ဆောင်ခဲ့သူက ပါတီပါ။ ဖတပလ ဖွဲ့စည်းရေးမှာလည်း ပါတီက အဓိကအခန်းက ပါခဲ့ပါတယ်။ တမျိုးသားလုံး ပါဝင်တယ်လို့ ဆိုနိုင်တဲ့ ဖက်ဆစ်ဂျပန်တော်လှန်ရေးဟာ လူတန်းစားပါဝင်မှုဘက်ကကြည့်ရင်တော့ အရင်းစစ်လိုက်ရင် ကျေးလက်အခြေခံတဲ့ လယ်သမားစစ်ပွဲပါပဲ။

## ရခိုင်–ပျဉ်းမနား–နတ်မောက် လယ်သမားသူပုန်များ

ဖက်ဆစ်ဂျပန် တော်လှန်ရေးအပြီးမှာ မရှေးမနှောင်း တဆက်တည်းလိုလို ပေါ်ထွက်လာတဲ့ လယ်သမားလှုပ်ရှားမှုကတော့ ရခိုင်– ပျဉ်းမနား– နတ်မောက် လယ်သမားသူပုန်များပါ။

(ပျဉ်းမနား နတ်မောက် အရေးကို × တတိုင်းပြည်လုံးက ထောက်ခံစေဖွယ် × သူပုန် ဘာကြောင့်ထရတယ် × × × ဆင်းရဲလှတဲ့ လယ်မဲ့ယာမဲ့ ပစ္စည်းမဲ့ကို ချုပ်ချယ်လို့ရယ် သူပုန်ထတယ် × ရာဇဝင်မျှော်တွေးသွေးနဲ့ ရေးရမယ် × × ×) ဆိုတဲ့ လယ်သမားသူပုန် သီချင်းစာသားတွေကိုပဲ ကြည့်လိုက်ရင် လယ်သမားတွေ ဘာကြောင့် ပုန်ကန်ထကြွရတယ်ဆိုတာ ရှင်းပါတယ်။ (လယ်သမား သူပုန်သီချင်းကို သီးသန့် ဖော်ပြထားပါတယ်။) ဖက်ဆစ်ဂျပန် တော်လှန်ရေးအပြီးမှာ ဗြိတိသျှတို့ ဗမာနိုင်ငံကို ပြန်လည်ရောက်ရှိစိုးမိုးကြပါတယ်။ သူတို့သဘောထားကတော့ ဗမာနိုင်ငံကို ဗြိတိသျှနေသဟာရ စိုးမိုးမှုဘောင်အတွင်း ဆက်လက်ထားရှိရေးပါပဲ။ ဗမာ့လွတ်လပ်ရေးကို မစဉ်းစားသေးတဲ့ သဘောထားပါပဲ။ ဒီအချိန် ဗမာနိုင်ငံ လယ်သမားတွေဟာ လယ်ဆုံးမြေဆုံးပြီး လယ်သမားဘဝမှ သူရင်းငှားဘဝသို့ လျှောကျရောက်ရှိနေကြတယ်။ ဗြိတိသျှတို့ နိုင်ငံခြားမှ ခေါ်သွင်းလာတဲ့ ချစ်တီးများလက်သို့ ကျွဲနွားအိုးအိမ်မှအစ သမီးပျိုများအဆုံး ဗမာလယ်သမားတွေက ထိုးအပ်နေကြရတယ်။ ဆန်စပါးရောင်းဝယ်ရေးကအစ ဗမာနိုင်ငံရဲ့ စီးပွားရေးကို နိုင်ငံခြားသားများ ဝင်ရောက်သွေးစုပ်ခွင့်ပြုတဲ့ စနစ်တရပ်ကို ကျင့်သုံးနေတဲ့ အချိန်ပါ။

ပျဉ်းမနားလယ်သမား သူပုန်ဆိုတာ ခြုံငုံခေါ်တာပါ။ ပျဉ်းမနားတောင်ပိုင်း လယ်ဝေးနယ်မှာ “ဘုန်းကြီးခေါင်းအောင်ကြီး” ခေါင်းဆောင်တဲ့ လယ်သမားသူပုန်အဖွဲ့တဖွဲ့၊ “ရှားတောအေးမောင်” ခေါင်းဆောင်တဲ့ အစုကတစု၊ ဒီလယ်သမား သူပုန်အစုကတပ်ကုန်းမြို့နယ် အနောက်ခြမ်းမှာ ထကြွခဲ့ကြတာပါ။ ဒီလယ်သမားသူပုန်ထဲမှာ လယ်သမားတွေအပြင် ဂျပန်တော်လှန်ရေး ပြောက်ကျားတပ်သားဟောင်းတွေ၊ တပ်ဖျက်ခံလိုက်ရတဲ့ တပ်သားဟောင်းတွေလည်း ပါဝင်ပါတယ်။ တပ်ဖျက်ခံလိုက်ရတယ်ဆိုတာက အင်္ဂလိပ်နဲ့ ဖဆပလ ၁၁ ဦးပါ ကိုယ်စားလှယ် အဖွဲ့တဖွဲ့တို့ ချုပ်ဆိုလိုက်တဲ့ ‘ကန္ဒီ စာချုပ်” အရ ဗမာ့မျိုး ချစ်တပ်မတော်ကို ဖျက်သိမ်းလိုက်တာကို ဆိုလိုတာပါ။ လယ်ဝေးမြို့နယ်မှာဆိုရင် ဗိုလ်နဂါးခေါ် နဂါးထွန်းရှိန်တို့ရဲ့ တပ်မတော်သားဟောင်းများအဖွဲ့ဟာ ထင်ရှားကျော်ကြားပါတယ်။ ပါတီရဲဘော် (နောင်မှာ ပါတီရဲ့ ဗဟိုကော်မတီဝင် ဖြစ်လာပြီး ယခုကွယ်လွန်သွားသူ) ရဲဘော်ဦးရဲထွန်းဟာလည်း လယ်သမားသူပုန်တပ်သားတဦးပါ။ သူဟာ ပျဉ်းမနားခရိုင် ခရိုင်ကော်မတီဝင်တဦးပါ။ လွတ်လပ်ရေးမရမီကတည်းက ဖဆပလ ထဲက ဆိုရှယ်လစ်ဂိုဏ်းသားတွေနဲ့ ဖဆပလ လက်ယာဂိုဏ်းသားတွေက ပြည်သူဆန့်ကျင်ရေးမှာ လက်စောင်းထက်နေခဲ့ကြတာပါ။ ရဲဘော်ဦးရဲထွန်းကို ဆိုရှယ်လစ်ဂိုဏ်းက လုပ်ကြံဖို့ လုပ်ခဲ့တယ်။ ဒါကို ပုလိပ်က ပြန်ပြီး သတင်းပေးတဲ့အတွက် ရဲဘော်ဦးရဲထွန်း တောခိုရပါတယ်။ လက်နက်ကိုင် တိုက်ပွဲထဲဝင်ဖို့ သူနဲ့အတူ တပ်ကုန်းမြို့နယ်ကော်မတီဝင် ရဲဘော်စံညွန့်ကိုလည်း ပါတီက တပါတည်း ထည့်ပေးလိုက်ပါတယ်။ အလုပ်သမားနဲ့ လယ်သမားလူထုကို ကာကွယ်ဖို့ ပါတီက ဖွဲ့စည်းခဲ့တဲ့ တပ်နီ(ပြည်သူ့ရဲဘော် ကွဲအပြီး တပ်နီဖြစ်လာကြ) အဖွဲ့အချို့ဟာလည်း လယ်သမားသူပုန်နဲ့ ပေါင်းမိ ခဲ့ကြပါတယ်။ ရဲဘော်ဦးရဲထွန်းရဲ့ညီအရင်း လယ်ဝေးဗိုလ်ညွန့်မောင်ဟာ အဲဒီတပ်နီထဲကပါ။ အဲဒီကာလက ဆိုရှယ်လစ် ပုလိပ်က သတ်လို့ ကျဆုံးခဲ့သလို ဗိုလ်သိန်းဆွေ

ဟာလည်း ပျဉ်းမနား လယ်ဝေးမှာ ကျဆုံးခဲ့ပါတယ်။

ပျဉ်းမနားခရိုင်အလယ်ပိုင်း ကျည်တောင်ကန်မြို့နယ်ထဲမှာဆိုရင် ဗိုလ်ဗစိန်ခေါင်းဆောင်တဲ့ လယ်သမားသူပုန် ရှိပါတယ်။ ဗိုလ်ဗစိန်ဟာ ကျည်တောင်ကန်မြို့နယ်ရဲ့ မြို့နယ်ပါတီကော်မတီဝင်တဦးပါ။ နောင်မှာ သူဟာ တိုက်ပွဲအတွင်း ကျဆုံးသွားခဲ့ရပါတယ်။

**ဒီလယ်သမားသူပုန်တွေဟာ ရွာတွေမှာ ပြောင်နေကြတာပါ။**

“မြမန်း” ဓားပြဂိုဏ်းဆိုတာ ပျဉ်းမနားခရိုင်ထဲမှာ လယ်သမားတွေက ဓားပြထတိုက်တဲ့ ဂိုဏ်းပါ။ ဒီဓားပြဂိုဏ်းဟာ အင်အားကြီးထွားလာပြီး နောင်မှာ သူတို့လည်း လယ်သမားသူပုန်တွေ ဖြစ်လာကြပါတယ်။

ဒီလယ်သမားသူပုန်တွေဟာ ရွာတွေမှာ ပြောင်နေကြတာပါ။ လယ်သမားသူပုန်တွေဟာ လက်နက် အကျိုးအပဲ့တွေနဲ့ စကြရတာပါ။ ဖက်ဆစ်ဂျပန်တော်လှန်ရေးက ကြွင်းကျန်ခဲ့တဲ့ လက်နက်တွေ၊ တပ်ဖျက်တဲ့အခါ လက်နက်မအပ်ဘဲ ပါလာတဲ့ လက်နက်တွေ၊ တပ်နီတွေက ပါလာတဲ့ လက်နက်တွေနဲ့ တစတစ လက်နက်အင်အား တောင့်တင်းအောင် လုပ်ယူရတာပါ။ တချို့လယ်သမားသူပုန်တွေ၊ တပ်နီအဖွဲ့တွေဟာ ဝါးချွန်ကိုင် တပ်ဖွဲ့တွေတောင် ဖွဲ့ထားကြပါသေးတယ်။ “ဘုန်းကြီး ဦးမဲသီး” ဆိုသူဟာလည်း နာမည်ကျော် လယ်သမား သူပုန်ခေါင်းဆောင်တယောက် ဖြစ်ပါတယ်။ ဒါ့အပြင် ဗိုလ်တာရာရဲ့ ပျဉ်းမနားသူပုန်နယ်မြေ ဆိုတာလည်း ရှိခဲ့ပါသေးတယ်။

ဗိုလ်အောင်ဆန်းတို့ အင်္ဂလန်သွားပြီး လွတ်လပ်ရေးအတွက် အရေးဆိုနေစဉ်ကာလမှာပဲ နတ်မောက် လယ်သမားသူပုန် ပေါ်ခဲ့ပါတယ်။ ဂျပန် တော်လှန်ရေးမှာပါခဲ့တဲ့ ဗမာ့မျိုးချစ် တပ်မတော်သား “ဗိုလ်ရာဖြတ်” (နောင်မှာ ပြည်သူ့ရဲဘော်) က ခေါင်းဆောင်ပါတယ်။ ဆိုရှယ်လစ်ဂိုဏ်းသားတွေနဲ့ လက်ယာဂိုဏ်းသားတွေ ကြီးစိုးနေတဲ့ ဖဆပလ အဖွဲ့ကို တူးတူးခါးခါး မုန်းတီးနေတာကြောင့် ဗိုလ်ချုပ်အောင်ဆန်း ထိန်းတာတောင် မရဘဲ လယ်သမားသူပုန်မှာ ပါဝင်ခဲ့သူ ဖြစ်ပါတယ်။ နောင်မှာ ဒီအဖွဲ့ကို ပါတီက စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပါတယ်။

ပျဉ်းမနား၊ နတ်မောက် လယ်သမားသူပုန်က အတိအလင်း လယ်သမားသူပုန်ပါ။ ၄၆ ခုနှစ် နောက်ပိုင်းမှာ စစ်ကိုင်း၊ မြင်းခြံ၊ အင်းစိန်နဲ့ ပြည်ခရိုင်များမှာ လျှို့ဝှက်လက်နက်ကိုင်တပ်များ အသွင်နဲ့ တချို့တပ်ဖွဲ့တွေ ရှိနေကြပါတယ်။

ဂျပန်တော်လှန်ရေးအပြီး သမိုင်းဝင် ဖဆပလ ရဲ့ ရွှေတိဂုံအလယ်ပစ္စယံညီလာခံရဲ့ ဆုံးဖြတ်ချက်ထဲမှာ ရခိုင်လယ်သမားသူပုန်ကို ထောက်ခံကြောင်း အတိအလင်း ဖော်ပြထားပါတယ်။ ဗြိတိသျှကိုလိုနီအဖြစ် တည်ရှိဆဲကာလကတည်းက ရခိုင်တိုင်းရဲ့ နိုင်ငံရေးအခြေအနေမှာ တည်ငြိမ်မှု မရှိခဲ့ပါ။ ဖက်ဆစ်တော်လှန်ရေး အပြီးမှာလည်း နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုနဲ့ အုံကြွမှုတွေ ပုန်ကန်မှုတွေ ရှိခဲ့ပါတယ်။ အထင်အရှားပုန်ကန်မှုကတော့ ဦးစိန္တာနဲ့ ဗုံပေါက်သာကျော်တို့ရဲ့ ရခိုင်တောင်ပိုင်းက ပုန်ကန်မှုပါ။ သူတို့ဟာ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ “မြေပုံညီလာခံ” အဖြစ် မြေပုံမြို့မှာ တပ်ပေါင်းစုညီလာခံ တရပ်ကို ဖဆပလ အဖွဲ့နဲ့ စင်ပြိုင် ပြုလုပ်ကျင်းပခဲ့ပါတယ်။ ဖဆပလ အဖွဲ့နဲ့ သဘောကွဲလွဲမှု ကြီးပါတယ်။ ဒီရခိုင်ပြောက်ကျားများအတွင်း ပါတီရဲ့သြဇာကြီးပါတယ်။ ပါတီက ဦးစိန္တာတို့ရဲ့ ပုန်ကန်မှုကို ထောက်ခံခဲ့ပါတယ်။

ထိုစဉ်က ပါတီဟာ ပျဉ်းမနား၊ နတ်မောက်နဲ့ ရခိုင်လယ်သမား သူပုန်ဒေသများကို တော်လှန်ရေး စတင်မြစ်ဖျားခံရာ အခြေခံဒေသအဖြစ် သတ်မှတ်ခဲ့ပါတယ်။ လွတ်လပ်ရေးမတိုင်မီကတည်းက ဗမာပြည်မှာ ရှေးဦးပေါ်ခဲ့တဲ့ ဒီ လယ်သမားသူပုန်များဟာ အမှန်ပဲ ၁၉၄၈ မတ်လ ၂၈ ရက် ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးရဲ့ ရှေ့တော်ပြေးပါ။

## ၁၉၄၆ ခုနှစ် လူတန်းစား အုံကြွမှုများ

၁၉၄၅၊၁၉၄၆၊၁၉၄၇ ခုနှစ်တွေဟာ ဗမာတပြည်လုံး လူထုအုံကြွမှုတွေ ပေါ်ပေါက်ခဲ့တဲ့ အရေးကြီးတဲ့ နှစ်ကာလတွေပါ။ ဒီလှုပ်ရှားထကြွမှုတွေဟာ အဓိကအားဖြင့် နယ်ချဲ့ဆန့်ကျင်ရေးနဲ့ လယ်သမားတွေရဲ့ မြေရှင်စနစ်ဆန့်ကျင်ရေးတိုက်ပွဲတွေပါပဲ။ ဒီအခါမှာ အင်္ဂလိပ်က အုံကြွလာတဲ့ ပြည်သူတွေကို ပုလိပ်

တပ်၊ စစ်တပ်တို့နဲ့ နှိမ်နင်းခိုင်းတယ်။ ဒီနိုင်ငံရေးလှုပ်ရှားမှုတွေထဲမှာ ဖဆပလရဲ့ ရွှေတိဂုံအလယ်ပစ္စယံ ညီလာခံဟာလည်း အရေးကြီးပါတယ်။ (ထိုအချိန်က ဖဆပလ တွင်း လက်ယာဂုဏ်းနဲ့ ဆိုရှယ်လစ်ပါတီဂိုဏ်းတို့ မကြီးစိုးသေး။) ဒီညီလာခံရဲ့ ဆုံးဖြတ်ချက်ထဲမှာ အလုပ်သမား လယ်သမားတို့ရဲ့ နိုင်ငံတော်ကို တည်ဆောက်သွားရန်ဆိုတဲ့ အချက်ပါရှိခဲ့သလို ရည်မှန်းချက်များ ဆွတ်ခူးနိုင်ရန် လက်နက်ကိုင်တိုက်ပွဲနဲ့ ဥပဒေတွင်း တိုက်ပွဲများ ဆင်နွှဲသွားရန်ဆိုတဲ့ အချက်လည်း ပါရှိခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်ဟာ လှုံ့ဆော်ချက်တရပ် ဖြစ်သွားခဲ့ပါတယ်။

၁၉၄၆ ခုနှစ်မှာ ဖြစ်ပျက်ခဲ့တဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေထဲက အဓိကကျတဲ့ အရေးအခင်း ၂ ခုကို ဖော်ပြပါမယ်။

တခုက ၁၉၄၆ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှာ အင်္ဂလိပ်နယ်ချဲ့ရဲ့ လက်ပါးစေတို့က အင်းစိန် ထန်းတပင်မှာ လယ်သမားလူထုကြီးကို သေနတ်နဲ့ပစ်ခတ်လို့ လယ်သမား ၄ ဦး ကျဆုံးခဲ့ပါတယ်။ ဆန်သိမ်းတိုက်ပွဲမှာ ညောင်လေးပင်သူ အသက်အရွယ် နုနယ်သေးတဲ့ "မဆောင်းတင်" ပစ်သတ်ခံလိုက်ရတယ်။ ပါတီက စည်းရုံးပြီး အာဇာနည် မဆောင်းတင်ရဲ့ ဈာပနပွဲမှတဆင့် ဆန္ဒပြပွဲတရပ် ဖြစ်လာအောင် ဖော်ဆောင်ခဲ့ပါတယ်။ ရန်သူရဲ့လုပ်ရပ်ကို လူထုကြီးက မခံနိုင်လို့ ဆူပွက်လာကြတယ်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့မှာ အလုပ်သမားသပိတ်၊ စာတိုက်သပိတ်၊ အခြား အစိုးရဌာနများမှ အမှုထမ်းပေါင်းစုံရဲ့ သပိတ်မှတဆင့် နောက်ဆုံး အထွေထွေသပိတ်ကြီးအထိ ဖြစ်ပေါ်လာခဲ့တယ်။ ပါတီက ဒီ လူတန်းစား အုံကြွမှုများမှတဆင့် ရှေ့သို့ ထပ်ဆင့်တွန်းတင်ပြီး တိုက်ပွဲဝင်ကြရန် ဆော်ဩလိုက်တယ်။

အကျိုးဆက်အဖြစ် ၁၉၄၇ ခုနှစ်မှာ မြို့ပေါ် အလုပ်သမားတိုက်ပွဲများ၊ သပိတ်များ ဆက်လက်ဖြစ် ပေါ်လာခဲ့တဲ့ နည်းတူ လယ်သမားတို့ရဲ့တိုက်ပွဲများ၊ အငတ်တပ်ချီတက်ပွဲများ ဆန်သိမ်းပွဲများ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ပေါ်ထွက်လာခဲ့တယ်။

ဆန်သိမ်းပွဲတွေမှာ ဖဆပလ ဆိုရှယ်လစ်ဂိုဏ်းက သူတို့ခေါင်းဆောင်မှုရဖို့ ကြိုးစားခဲ့ပေမယ့် တကယ်တမ်းကျတော့ သူတို့ခေါင်းမဆောင်ရဲကြဘူး။ ဒီလူထုဟာ ပါတီစည်းရုံးထားတဲ့ လူထုပဲ။ ဒါကြောင့် ဆန်သိမ်းပွဲတွေကို ပါတီကပဲ ခေါင်းဆောင် ဆင်နွှဲခဲ့ရတယ်။ အစိုးရမီးရထားက ဆန်တွဲတွေကို ဖောက်ပြီး ဆန်သိမ်းပွဲ တွေ လုပ်ခဲ့တယ်။ နောက်ပိုင်း ကျေးလက် လယ်ယာမြေမှာ ထွန်တုံး တိုက်ပွဲတွေ လုပ်ခဲ့ပါတယ်။

## ၁၉၄၇ ခုနှစ်မှာ လယ်သမားညီလာခံ (ကွန်ဖရင့်) များ ကျင်းပ

ပါတီက လယ်သမား လှုပ်ရှားမှုများကို တဆင့်တိုးပြီး စနစ်တကျ ဖော်ဆောင်နိုင်ဖို့အတွက် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားများ သမဂ္ဂကို ဖွဲ့စည်း ထူထောင်လိုက်တယ်။ (တောင်သူလယ်သမားသမဂ္ဂတွေ ကျေးလက်တွေမှာ အကျယ်အပြန့် ဖြစ်လာတော့ ဖဆပလ ဆိုရှယ်လစ်တွေက ပါတီနဲ့ စင်ပြိုင်တောင်သူလယ်သမား အစည်းအရုံးဆိုတာတွေကို လိုက်ဖွဲ့လာတယ်။) ပါတီဗဟိုက လယ်သမားလူထု အရေးကို လယ်သမားထုနဲ့ထိတွေ့ စည်းရုံးပြီး စနစ်တကျ ရှေ့တဆင့်တိုး တိုက်ပွဲဝင်ဖို့ လှမ်းလိုက်တဲ့ ခြေလှမ်းတွေပဲ။ ရန်သူရဲ့ အားအနည်းဆုံး၊ မိမိရဲ့ စည်းရုံးရေးအားအကောင်းဆုံး နေရာတွေကို ရွေးပြီး လယ်သမားညီလာခံ (ကွန်ဖရင့်များ) ကျင်းပခဲ့တာ ဖြစ်ပါတယ်။ (လယ်သမားစည်းရုံးရေး အောင်မြင်ခဲ့တဲ့ ပါတီရဲ့ လယ်သမားညီလာခံ ပုံစံမျိုး မဆလ ခေတ်က လိုက်လုပ်ခဲ့ပေမယ့် အတုအယောင် ညီလာခံတွေသာ ဖြစ်တာမို့ ဘာအနှစ်သာရမှ မရှိခဲ့ပါဘူး။)

ဖြူးညီလာခံကို မြေရှင်ကဂျပန်ခေတ် ၃ နှစ်စာသီးစားခ ပြန်တောင်းနေစဉ် ကျင်းပတဲ့ ဒီညီလာခံဟာ ပါတီပြန်တက်လာတဲ့ အမှတ်အသား ဖြစ်ခဲ့တယ်။ (ပါတီဟာ ကန့်သတ်ချုပ်ချယ်ခံနေရတာမို့ ဘာအစည်းအဝေးမှ မလုပ်နိုင်တဲ့ အခြေအနေကနေ ပထမဆုံး ပြန်လုပ်တဲ့ လှုပ်ရှားမှုပါ။) ဒီညီလာခံကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ ကျင်းပခဲ့တယ်။ ဒီညီလာခံမှာ လယ်သမားတသိန်းကျော် တက်ရောက်ခဲ့တယ်။ ပြည်မှာ လယ်သမားညီလာခံ လုပ်ခဲ့တယ်။ အာလာကပ္ပ လယ်သမားညီလာခံကိုတော့ သခင်သန်းထွန်းနဲ့ သခင်ဇင်တို့ကိုယ်တိုင် တက်ရောက်ခဲ့တယ်။ ကျောက်ဆည်ညီလာခံမှာ ခရိုင်တွင်းမှ လယ်သမားတွေ သောင်းနဲ့ချီပြီး တက်ရောက်ပါဝင်တယ်။ ABC

***ပါတီက ဒီလူတန်းစားအုံကြွမှုများမှတဆင့် ရှေ့သို့ ထပ်ဆင့်တွန်းတင်ပြီး တိုက်ပွဲဝင်ကြရန် ဆော်ဩလိုက်တယ်***

(ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အမှုဆောင်ကော်မတီ) က ဦးစီးကျင်းပတာ ဖြစ်တယ်။

## သမိုင်းရေးအရ ကြီးမားလေးနက်သော အဓိပ္ပာယ်ရှိတဲ့ ပျဉ်းမနား လယ်သမားညီလာခံ

ပျဉ်းမနား ညီလာခံကို ပျဉ်းမနားတောင်ဘက် ဂျင်လိုကုန်းမှာ လုပ်ခဲ့ပါတယ်။ ကားလမ်း အနောက်ဘက်က လယ်ကွင်းပြင်ကျယ်ကြီးထဲမှာ လုပ်ခဲ့တာပါ။

ပျဉ်းမနားညီလာခံကို ၁၉၄၈ ခုနှစ် မတ်လ ၁၃ ရက်နေ့မှာ စတင်ကျင်းပခဲ့ပါတယ်။ ဒီညီလာခံ အကြို မတ်လ (၁၂) ရက်နေ့မှာ ပဲခူး၊ အင်းစိန်၊ ဟံသာဝတီခရိုင်တို့မှ ချီတက်လာတဲ့ တောင်သူလယ်သမားထုဟာ မြေရှင်ဆန့်ကျင်ရေး၊ ဗျူရိုကရက် ဆန့်ကျင်ရေး ဆန္ဒပြပွဲတရပ်ကို ရန်ကုန် မဟာဗန္ဓုလပန်းခြံထဲမှာ ကျင်းပခဲ့ကြပါသေးတယ်။

တချိန်တည်းမှာ မတ်လ (၈) ရက်နေ့က စတင်တဲ့ ဓနိတော ဘီအိုစီ ကုမ္ပဏီနဲ့ အလုပ်သမားထု ပဋိပက္ခအရေးအတွက် ပါတီက ခေါင်းဆောင်မှုတာဝန်ခွဲပြီး သွားရောက်ဦးစီးနေရပါသေးတယ်။ တဆက်တည်း ဖူးကား၊ စတီးဘရားသားနဲ့ အဖောင် သစ်စက်များ၊ ရောဝတီ ဖလုတ်တီယာ သင်္ဘောကျင်း၊ BBTCL ကုမ္ပဏီများမှ အလုပ်သမားများ သပိတ်တိုက်ပွဲဝင်လာအောင် ပါတီက ဖော်ဆောင်နေချိန်လည်း ဖြစ်ပါတယ်။

ဒီညီလာခံမတိုင်မီ ဖေဖော်ဝါရီလအတွင်း အိန္ဒိယပြည် ကာလကတ္တားမြို့မှာ ကမ္ဘာ့ဒီမိုကရက်တစ်လူငယ်အဖွဲ့ချုပ်နဲ့ ကမ္ဘာ့ကျောင်းသားအဖွဲ့ချုပ်တို့က ဦးစီးကျင်းပတဲ့ "အရှေ့တောင်အာရှ လူငယ်ညီလာခံ"နဲ့ အိန္ဒိယပြည် ကွန်မြူနစ်ပါတီရဲ့ ဒုတိယအကြိမ် ပါတီညီလာခံသို့ သခင်သန်းထွန်းကိုယ်တိုင် ဦးစီးပြီး တက်ရောက်ခဲ့ပါတယ်။ ကာလကတ္တားညီလာခံအပြီးမှာ အဲဒီနိုင်ငံခြားကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်အချို့ဟာ ပျဉ်းမနားညီလာခံသို့ ဆက်လက် ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

ဒီလို နိုင်ငံခြားကိုယ်စားလှယ်များ တက်ရောက်တဲ့အပြင် ပျဉ်းမနားညီလာခံသို့ ပြည်တွင်းမှ လယ်သမားထု ၂ သိန်းကျော် တက်ရောက်ခဲ့လို့ ပါတီရဲ့ စည်းရုံးရေး အင်အားကို ပြသနိုင်တဲ့ပွဲလို့လည်း ဆိုနိုင်ပါတယ်။

တက်ရောက်လာတဲ့ လယ်သမားတွေဟာ အထက်ဗမာပြည်၊ အောက်ဗမာပြည် ဒေသအသီးသီးမှ လယ်သမားတွေ ပါဝင်တယ်။ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်း၊ မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံက လယ်သမားတွေဟာ ကားတွေ ရထားတွေစီးပြီး လာကြတယ်။ ဝေးလံတဲ့ ရခိုင်ဒေသမှ လယ်သမားကိုယ်စားလှယ်များပင်လျှင် ပျဉ်းမနားညီလာခံသို့ လာတက်ခဲ့ကြတယ်။

ညီလာခံအကြို မတ်လ ၁၂ ရက်နေ့မှာ အလုပ်သမားနဲ့ လယ်သမားထုဟာ မီးရထားတွဲတွေကို သိမ်းပိုက်ကြတယ်။ မီးရထားတွေကလည်း လယ်သမားတွေ ရထားစီးနိုင်အောင် ရပ်ပေးကြတယ်။ အလံနီတွေ လွှင့်ထူပြီး ညီလာခံသို့ ချီတက်ခဲ့ကြတာပါ။

ပျဉ်းမနားညီလာခံဟာ တော်လှန်ရေး သူရသတ္တိတွေကို ဖော်ဆောင်တဲ့ ရဲရဲတောက်ညီလာခံပါ။ ညီလာခံဆုံးဖြတ်ချက်တွေကိုပဲ ကြည့်ပါ။

၁။ တိုင်းပြည်နှင့် တောင်သူလယ်သမားတို့အကျိုးအပြင် နယ်ချဲ့နှင့် မြေပိုင်ရှင်ကြီးများကို အမြစ်ပါမကျန် တွန်းလှန်ပစ်ရေးအတွက် တိုက်ပွဲဝင်ပြီးလျှင် အသက်နှင့် ပူဇော်သွားကြသော ရဲဘော်များအား ဤအစည်းအဝေးကြီးက မှတ်တမ်းတင်ပါသည်။ ကျဆုံးသူ ရဲဘော်တို့၏ မပြီးမပြတ် ကျန်ရစ်ခဲ့သော တိုက်ပွဲကို အဆုံးသတ် အောင်မြင်သည်အထိ ဆက်လက်တိုက်သွားရန် ဤအစည်းအဝေးကြီးက ကြိုးပမ်းမည်။

၂။ လွတ်လပ်ရေး ရမှုအတွက် ဗြိတိသျှ၊ ဂျပန်၊ ဆာပေါ်ထွန်းအစိုးရနှင့် ဖဆပလ အစိုးရတို့ကို ရဲရင့်စွာဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့သော ရခိုင် လွတ်လပ်ရေးတိုက်ပွဲဝင် ရဲဘော်များ၏ သတ္တိကို ချီးကျူးကြောင်း ဤအစည်းအဝေးကြီးက မှတ်တမ်းတင်ပါသည်။

၃။ ယခင်က အငှားချထားသော မြေယာအားလုံးကို အတင်းဝင်ရောက်ပြီးလျှင် မြေရှင်တို့ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ထွန်ယက်လုပ်ကိုင်ရန် ဤအစည်းအဝေးကြီးက ပြဋ္ဌာန်းသည်။

၄။ ရန်ကုန်မြို့တွင် ဖြစ်ပွားနေသော ဘီအိုစီသပိတ်နှင့် အခြားသပိတ်များကိုလည်း ဤအစည်းအဝေးကြီးက လုံးဝထောက်ခံသည်။

၅။ တောင်သူလယ်သမားများနှင့် လယ်ယာအလုပ်သမားများလည်း ကိုယ်ပိုင်လယ်များ ရရှိစေရန် တောင်သူလယ်သမားသမဂ္ဂများနှင့် လယ်ယာအလုပ်သမားသမဂ္ဂများ ဖွဲ့စည်းရန် ဤအစည်းအဝေးကြီးက ပြဋ္ဌာန်းသည်။

၆။ ဖက်ဆစ်ဝါဒ (ဖဆပလ) ကို မည်သည့်နည်းနှင့်ပင်မဆို ချေမှုန်းသုတ်သင်ပစ်ရန် ဤအစည်းအဝေးကြီးက ပြဋ္ဌာန်းသည်။

၇။ တတိယအကြိမ်မြောက် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားညီလာခံအစည်းအဝေးကို ပဲခူးမြို့တွင် ကျင်းပရန် ဤအစည်းအဝေးကြီးက ပြဋ္ဌာန်းသည်။

ဒါ့အပြင် ဒီညီလာခံမှာ သခင်သန်းထွန်းက "ကွန်မြူနစ်ပါတီကို ဖြစ်စေ၊

ကွန်မြူနစ်သတင်းစာကိုဖြစ်စေ၊ ကွန်မြူနစ်ခေါင်းဆောင်တွေကို ဖြစ်စေ၊ ရန်သူက တိုက်ခိုက်လာရင် ဗမာတပြည်လုံးမှာ ရှိတဲ့ ဖက်ဆစ်အဖွဲ့အစည်းမှန်သမျှ အမြစ်က လှန်ပစ်ရမယ်။ ရှိသမျှအင်အားနဲ့ တုံ့ပြန်တိုက်ခိုက်ရမယ်”လို့ ပြောကြားခဲ့ပါတယ်။ (မတ်လ ၁၂ ရက်နေ့က ဖဆပလ အစိုးရမှ ဆိုရှယ်လစ်ဂိုဏ်း သခင်လွင်နဲ့ သခင်လှကြွေတို့က အပေါင်းပါ လူမိုက်တွေနဲ့ “ပြည်သူ့ဟစ်တိုင်”“အိုးဝေ” နဲ့ “ပြည်ထောင်စု” (စီးပွားရေး) သတင်းစာတိုက်တွေကို ဝင်ရောက်ဖျက်ဆီးခဲ့ပါတယ်။ ဗကပရဲ့ “ကွန်မြူနစ်နေ့စဉ်”နဲ့ “ပြည်သူ့အာဏာ”ဂျာနယ်တိုက်ကိုတော့ အလုပ်သမားနဲ့ ရဲဘော်တွေက ကာကွယ် စောင့်ရှောက်နေတာကြောင့် လာမချရဲကြပါဘူး။ ဒါကို ရည်ညွှန်းပြီး သခင်သန်းထွန်းက ပြောကြားခဲ့တာပါ။) ဒါဟာ သမိုင်းဝင် လှုံ့ဆော်ချက်ဖြစ်သလို မတ်လ (၂၈) ရက် ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးကြီးအတွက် ရှေ့တော်ပြေး တပ်လှန့်သံလည်း ဖြစ်ခဲ့ပါတယ်။

ညီလာခံမှာ လယ်သမားကိုယ်စားလှယ်များလည်း စကားပြောခဲ့ကြပါတယ်။ ဗဟိုဆုံးဖြတ်ချက်အပြင် ခရိုင်အလိုက် ဆုံးဖြတ်ချက်ချတာတွေလည်း ရှိပါတယ်။ ဥပမာ အင်းခွန်ပလပ်ရေး၊ အင်းများကို လူထုပိုင်သိမ်းရေး(စစ်ကိုင်းခရိုင်)။ မြေနုကျွန်း တိုက်ပွဲဖော်ရေး(မြင်းခြံ၊ စစ်ကိုင်း၊ မုံရွာ ခရိုင်) စသည်ဖြင့်။

ညီလာခံမှာ အတက်ကြွဆုံး လှုပ်ရှားသူတွေကတော့ ပါတီဝင်တွေနဲ့ လယ်ကူလီတွေ ဖြစ်ကြပါတယ်။ သီးစားမပေးရေး၊ လယ်ခွန်မပေးရေးဆိုတာက ဒီလူတန်းစားနဲ့ မဆိုင်တာမို့ လယ်လုပ်သူ လယ်ပိုင်ရေး ကြွေးကြော်သံအပြင် ပါတီက ဒီလူတန်းစားအတွက် တရားမျှတတဲ့ လုပ်ခရရှိရေးကို နောက်ပိုင်းမှာ ပြန်လည် ပြဋ္ဌာန်းပေးခဲ့ရပါတယ်။

ပျဉ်းမနားညီလာခံကို တက်ရောက်လာတဲ့ မလေးရှားကွန်မြူနစ်ခေါင်းဆောင်များက “ကျွန်တော်တို့နိုင်ငံမှာဆိုရင် လူ ၂ ထောင်၊ ၃ ထောင်လောက် စုဖို့တောင် ခဲယဉ်းတယ်။ ခုဒီညီလာခံမှာတော့ လူ ၂ သိန်းကျော်ဟာ ခေါင်းဆောင် စကားပြောနေတယ်ဆိုရင် အပ်ကျသံတောင် ကြားရလောက်အောင် ငြိမ်ပြီးနားထောင်နေကြတာ အံ့သြမဆုံးဘူး။ ချီးကျူးမိပါတယ်။”လို့ ထုတ်ဖော်ပြောဆိုခဲ့တယ်။

‘ဖိရင်ချမယ် ထိရင်ကြွမယ်’ ကြွေးကြော်သံကို သက်သေထူလိုက်တာကတော့ အဲဒီနှစ် မတ်လ ၂၈ ရက်နေ့မှာ စတင်ဆင်နွှဲလိုက်တဲ့ ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးကြီးပါပဲ။

## ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးဟာ အရင်းစစ်လိုက်ရင် လယ်သမားတော်လှန်ရေးပဲ

၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်၊ ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေးကြီးဟာ ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းထဲမှာ အလေးနက်ဆုံး၊ အခမ်းနားဆုံး၊ အကြီးမြတ်ဆုံး၊ အသက်သွေးချွေး အစွန့်လွှတ်ရဆုံး၊ တော်လှန်ရေး လှုပ်ရှားမှုထဲမှာ လက်နက်ကိုင်စွဲ တိုက်ပွဲဝင်ရတဲ့ အထိ အမြင့်မားဆုံး နိုင်ငံရေးလှုပ်ရှားမှုကြီး ဖြစ်ပါတယ်။ ဒီတော်လှန်ရေးကြီး အတွင်း အသက်စွန့်လွှတ်သွားရတဲ့ တော်လှန်ရေးသမားပေါင်း ထောင်သောင်းချီ ရှိနေပြီး ကျဆုံးသွားသူတွေရဲ့ အရိုးတွေကိုသာ စုလိုက်မယ်ဆိုရင် တောင်လိုပုံမတတ် ရှိနေမှာဖြစ်သလို သူတို့ရဲ့ စံနမူနာကျတဲ့ စွန့်လွှတ်မှုတွေဟာ မွန်မြတ်သည်နှင့်အမျှ ဂုဏ်ရောင်ပြောင်လှပါတယ်။

ဒီတော်လှန်ရေးကြီးအတွင်း ဇာတ်ဝင်ခန်းပေါင်း အမြောက်အမြားရှိပါတယ်။ တော်လှန်ရေး ဒီရေအတက်အကျ၊ အနိမ့်အမြင့်၊ အရှုံးအနိုင်၊ အရေးအခင်းပေါင်းအများအပြား ရောယှက်နေပါတယ်။ ဒီတော်လှန်ရေးကြီးဟာ တနည်းဆိုရင် ဗမာပြည် ပြည်တွင်းစစ်ပါပဲ။ ဗမာပြည်ဟာ ယနေ့အထိ စစ်မှန်တဲ့ ငြိမ်းချမ်းရေး မရရှိသေးတာက ဒီတော်လှန်ရေးကြီး မပြီးဆုံးတာကို သက်သေပြနေပါတယ်။ တချို့ တော်လှန်ရေး အင်အားစုတွေ စစ်ရှုံးတာ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ တိုက်ပွဲအသွင်သဏ္ဍာန်ပြောင်းတာ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ နည်းပရိယာယ်ပြောင်းလဲတာ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ခေါင်းဆောင်မှု လူတန်းစားလည်း ပြောင်းလဲသွားနိုင်ပါတယ်။ နောက်ဆုတ်တိုက်ရတာ၊ အဆင့်လျှော့ချတိုက်ရတာတွေ ရှိကောင်းရှိပါလိမ့်မယ်။ ဒါပေမဲ့ ၁၉၄၈ မတ်လ ၂၈ ရက်နေ့ကနေ၊ ရှစ်လေးလုံးအရေးအခင်း၊ ဒီပဲယင်းအရေးအခင်း၊ (၂၀၀၇ ခုနှစ်) ရဟန်းရှင်လူတွေရဲ့ စက်တင်ဘာ အရေးအခင်းနဲ့ ၂၀၁၀ ခုနှစ် နအဖ ရဲ့ ရွေးကောက်ပွဲအထိ အားလုံးဟာ ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးကြီးရဲ့ အခန်းဆက် တိုက်ပွဲတွေပါပဲ။

ဒီလို ကြီးကျယ်ခမ်းနားပြီး မွန်မြတ်လှတဲ့ ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးကြီးဟာ အရင်းစစ်လိုက်မယ်ဆိုရင် လယ်သမားစစ်ပွဲပဲ ဖြစ်ပါတယ်။ ဗကပ ရဲ့ လက်နက်ကိုင် တော်လှန်ရေးပဲဖြစ်ဖြစ်၊ တခြားလူနည်းစု အမျိုးသားများရဲ့ လက်နက်ကိုင်တော်လှန်ရေးတွေပဲဖြစ်ဖြစ် အရင်းစစ်လိုက်ရင် လယ်သမားစစ်ပွဲပါ။ ဒီလက်နက်ကိုင်တော်လှန်ရေးတွေ အတွင်းမှာ လယ်သမားနဲ့လယ်သမား သားသမီး

တွေ ထောင်သောင်းချီပြီး အသက် ပေးခဲ့ရပါတယ်။ ဒါကြောင့် ဒီပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေးကြီးဟာ အလုပ်သမားလူတန်းစား ခေါင်းဆောင်မှုအောက်က လယ်သမားလူတန်းစား အဓိကပါဝင်တဲ့ အကြီးမားဆုံးသော လှုပ်ရှားမှုကြီးလို့ ဆိုနိုင်ပါတယ်။ ဒီ အကြောင်းတွေ အသေးစိတ်မော်ကွန်းတင်ဖို့ ဆိုရင်တော့ စာတစောင်ပေတဖွဲ့၊ စာအုပ်တအုပ်နှစ်အုပ် ရေးရုံ လောက်နဲ့ ဘယ်နည်းနဲ့မှ ပြည့်စုံနိုင်မှာ မဟုတ်ပါ။

## မြေယာလမ်းစဉ် ပြင်ဆင်ရေးကာလ

နောက်ထပ် စာတစောင် ပေတဖွဲ့လောက်နဲ့ ပြည့်စုံအောင် မဖော်ပြနိုင်တာကတော့ ပါတီရဲ့ မြေယာလမ်းစဉ်နဲ့ ကျေးလက်မြေယာ သုတေသန အချက်အလက်ဆိုင်ရာများ ကိစ္စပါ။

ဗကပ ဟာ ပါတီလမ်းစဉ်ထဲမှာ မြေယာတော်လှန်ရေးဟာ တော်လှန်ရေးရဲ့ ဝင်ရိုးလို့ နှစ်ပေါင်းများစွာ ချမှတ်တိုက်ပွဲဝင်ခဲ့ပါတယ်။ လယ်လုပ်သူ လယ်ပိုင်ရေးကို တလျှောက်လုံး ရှေ့တန်းတင်ပြီး တစိုက်မတ်မတ် တိုက်ပွဲဝင်ခဲ့ပါတယ်။ တော်လှန်ရေးအတွင်း အချိန်ကာလအလိုက် မှန်ကန်တဲ့ မြေယာလမ်းစဉ်ချမှတ်နိုင်ရေးအတွက် တလျှောက်လုံး ကျားကုတ်ကျားခဲ ကြိုးပမ်းလာခဲ့ရပါတယ်။ မြေယာလမ်းစဉ်မှာ လက်ဝဲကျတာ ရှိခဲ့သလို လက်ယာကျတာတွေလည်း ရှိပါတယ်။ မြေတွေကို အကုန်သိမ်းအကုန်ဝေ လုပ်ခဲ့သလို မြေရှင့်လက် မြေပြန်အပ်တာလည်း ရှိခဲ့ဖူးပါတယ်။ လက်တွေ့ကျင့်သုံးရာမှာ အမှားကျူးလွန်မှုတွေလည်း မနည်းလှပါ။

မြေယာလမ်းစဉ်နဲ့ မြေယာပေါ်လစီမှာ နိုင်ငံခြားကို ပုံတူကူးချတဲ့ အမှားမျိုးလည်း ကြုံခဲ့ဖူးပါတယ်။ ပါတီဟာ အမှားတွေကို သင်ခန်းစာယူ၊ အမှန်ရောက်အောင်ပြင်၊ မှန်ကန်တဲ့ မြေယာလမ်းစဉ်နဲ့ မှန်ကန်တဲ့ ကျေးလက်လူတန်းစား ခွဲခြမ်းစိတ်ဖြာချက် ရရှိအောင် ယနေ့အထိ မဆုတ်မနစ် လုံးပန်းအားထုတ်နေဆဲပါ။ မြေယာ လမ်းစဉ်မှာ အခြေအနေ အချိန်အခါအလိုက် မှန်လိုက်၊ မှားလိုက်၊ ပြန်ပြင်လိုက်နဲ့ နောက်ဆုံး လုံးဝအမှန် ဖြစ်လာမှာပါ။ တော်လှန်ရေးတိုက်ပွဲတွေမှာလည်း တိုက်လိုက်၊ ရှုံးလိုက်၊ ထပ်တိုက်လိုက်နဲ့ နောက်ဆုံးမှာ အောင်ပွဲရမှာ မုချပါပဲ။

ယူဂျီကာလမှာ ကျေးလက်စုံစမ်းလေ့လာရေးဟာ အတော့်ကို ခက်ခဲလှပါတယ်။ ဒါပေမဲ့ ပါတီက ကြိုးစားအားထုတ်ခဲ့ပါတယ်။ ဒီဘက်ခေတ်မှာ မြေရှင်စနစ်နဲ့ ပတ်သက်တဲ့ သုတေသနစာတမ်းတစောင်ကို တော်လှန်ရေးအင်အားစုများ အားလုံးလေ့လာနိုင်အောင် ပါတီက ထုတ်ဝေခဲ့ပါတယ်။ မြေယာအခြေအနေတွေဟာ ခေတ်ကာလအလိုက် ပြောင်းလဲနေတာပါ။ နအဖ ခေတ်မှာ ပေါ်ပေါက်လာတဲ့ ချစ်တီးလက်သစ် မြေရှင်တွေအကြောင်း ပါတီက စောစွာကတည်းက ပြည်သူ့အာဏာကနေ ဖွင့်ချတင်ပြခဲ့ပါတယ်။ လယ်သမားတွေ ခံစားနေရတဲ့ ဒုက္ခအဝဝကိုလည်း အခွင့်သင့်ရင် သင့်သလို တင်ပြနေတာပါ။ ဒါ့အပြင် တော်လှန်ရေးအင်အားစုများနဲ့ ပညာရှင်များကို မှန်ကန်တဲ့ မြေယာသုတေသနအချက်အလက်များရအောင် ဝိုင်းဝန်းအားထုတ်ကြဖို့ ပါတီက မေတ္တာရပ်ခံ ပန်ကြားတာတောင် လုပ်ခဲ့ပါသေးတယ်။

အခု နောက်ဆုံးအခြေအနေ အရ စစ်ဗျူရိုကရက်အစိုးရ မြေရှင်စနစ်လို့ ပါတီက မြင်နေပါပြီ။ ပြည့်စုံမှန်ကန်တဲ့ အချက်အလက်များ ရရှိအောင် ဆက်လက်လုံးပန်းအားထုတ်ရပါလိမ့်မယ်။ နောင်ဖြစ်ပေါ်လာမယ့် လယ်သမားအုံကြွမှုကြီးများအတွက် ယခုအချိန်ဟာ မြေယာလမ်းစဉ် ပြင်ဆင်ရေးကာလလို့လည်း ဆိုနိုင်ပါလိမ့်မယ်။

ယနေ့ ဗမာပြည်မှာ ဆင်းရဲဒုက္ခကြောင့် မိသားစုလိုက် ကိုယ့်ကိုယ်ကို သတ်သေကြတဲ့ လယ်သမား မိသားစုတွေ ပေါ်နေပါပြီ။ ဒါက တော်လှန်ရေးသမားတွေဘက်မှ ကျေးလက်စည်းရုံးရေး တဆင့်တိုး အားထုတ်ဖို့ လိုနေကြောင်း သက်သေပြလိုက်တာပါပဲ။ "ငတ်ရင်းမသေ၊ တိုက်ရင်းသေမယ့်" တိုက်ပွဲဝင်စိတ်ဓာတ်မျိုး လယ်သမားထုထဲမှာ အကျယ်အပြန့် စိမ့်ဝင်သွားအောင် ဆက်လက်ကြိုးစားသွားကြရပါလိမ့်ဦးမယ်။

ဗကပ ဟာ အတိတ်က အဖြစ်အပျက်တွေကို သင်ခန်းစာယူတဲ့ဘက်မှာပဲ အလေးထားပါတယ်။ ရှေ့ထီးဆောင်းတဲ့ခေတ်ကို ပြန်တမ်းတတာမျိုး လုပ်လေ့မရှိပါဘူး။ ဒါပေမဲ့ အခါအခွင့်သင့်ရင်တော့ ပါတီနဲ့ ပြည်သူတွေရဲ့ ဂုဏ်ရောင်ပြောင်တဲ့ အစဉ်အလာကောင်းတွေကို စံနမူနာအဖြစ် ပြန်လည်ဖော်ထုတ်ပါတယ်။ ရဲဘော်များ ပြည်သူများ ပါတီကို ယုံကြည်တဲ့စိတ်ဓာတ်၊ ပြည်သူကို ယုံကြည်တဲ့စိတ်ဓာတ် မြင့်မားလာစေဖို့ပါ။ ။

# လယ်သမား သူပုန်သီချင်း

(ပျဉ်းမနား နတ်မောက်အရေးကို
လယ်သမားသူပုန်သီချင်း)

(ပျဉ်းမနား နတ်မောက်အရေးကို × × တတိုင်းပြည်လုံးက ထောက်ခံစေဖွယ် ×× သူပုန် ဘာကြောင့် ထရတယ် × × ဆင်းရဲလှတဲ့ လယ်မဲ့ယာမဲ့ ပစ္စည်းမဲ့ကို ချုပ်ချယ်လို့ရယ် သူပုန်ထတယ် × × ရာဇဝင် မျှော်တွေး သွေးနဲ့ ရေးရမယ် × × × ) ၂

လယ်သမားသူပုန် × အောင်မြင်ဖို့အရေး × အာဏာတွေ သိမ်းရမယ် × ကိုယ့်ကြမ္မာ ကိုယ်ဖန် ဖို့အရေး × အမှန်ပင် သူပုန်ထလို့ သွေးမြေကျအောင် တိုက်ကြပြန်တယ် × ချီးကျူးဖွယ် × ဦးညွှတ်ဖွယ် × လယ်သမားသူပုန်ကြီး × ကြီးထွားလာပြီကွယ် ×

(နယ်ချဲ့သမားတွေ ညှဉ်းပန်းမှုကြောင့် လူမွေးလူတောင် မပြောင်တယ် × ဆင်းရဲတွင်းက နက်ခဲ့ပါလို့ သူပုန်မီးကို မွှေးကြရတယ်) ၂ တိုက်မယ် × ခိုက်မယ် × နယ်ချဲ့သမားကို ပြုတ်အောင် တို့တိုက်မယ် × × ပျဉ်းမနား နတ်မောက်အရေးကို × × တတိုင်းပြည်လုံးက ထောက်ခံစေဖွယ် × × သူပုန် ဘာကြောင့် ထရတယ် × × ဆင်းရဲလှတဲ့ လယ်မဲ့ယာမဲ့ ပစ္စည်းမဲ့ကို ချုပ်ချယ်လို့ရယ် သူပုန်ထတယ် × × ရာဇဝင် မျှော်တွေး သွေးနဲ့ရေးရမယ် × × × ) ၂

လယ်သမားသူပုန် × အောင်မြင်ဖို့အရေး × အာဏာတွေ သိမ်းရမယ် × ကိုယ့်ကြမ္မာ ကိုယ်ဖန်ဖို့အရေး × အမှန်ပင် သူပုန်ထလို့ သွေးမြေကျအောင် တိုက်ကြပြန်တယ် × ချီးကျူးဖွယ် × ဦးညွှတ်ဖွယ် × လယ်သမားသူပုန်ကြီး × ကြီးထွားလာပြီကွယ် ×

(နယ်ချဲ့သမားတွေ ညှဉ်းပန်းမှုကြောင့် လူမွေးလူတောင် မပြောင်တယ် × ဆင်းရဲတွင်းက နက်ခဲ့ပါလို့ သူပုန်မီးကို မွှေးကြရတယ်) ၂ တိုက်မယ် × ခိုက်မယ် × နယ်ချဲ့သမားကို ပြုတ်အောင် တို့တိုက်မယ် ×

# ဗကပ နဲ့ ကျောင်းသားသမဂ္ဂ

**တကသ၊ ဗကသ နဲ့ တို့ဗမာအစည်းအရုံး (သခင်ပါတီ) တို့အထဲမှာ ဗကပ သန္ဓေတည်ပြီး ၁၉၃၉ ခုမှာ မွေးဖွားလာတာ ဖြစ်ပါတယ်။**

<u>ဗကပ ၏ ဇာတိဇာစ်မြစ်</u>

တကသ၊ ဗကသ နဲ့ တို့ဗမာအစည်းအရုံး (သခင်ပါတီ) တို့အထဲမှာ ဗကပ သန္ဓေတည်ပြီး ၁၉၃၉ ခုမှာ မွေးဖွားလာတာ ဖြစ်ပါတယ်။

ဗမာပြည်က ခေတ်ပညာတတ်တွေဟာ ၁၉၁၇ ရုရှား အောက်တိုဘာတော်လှန်ရေးအမြောက်သံကို ၁၉၂၀ မတိုင်မီကတည်းက ကြားပါတယ်။ ၁၉၂၀ လွန်တော့ ဗမာပြည်မှာ အိန္ဒိယကွန်မြူနစ်ပါတီနဲ့ တရုတ်ကွန်မြူနစ်ပါတီတို့ရဲ့ လှုပ်ရှားမှုများကတဆင့်လည်း အောက်တိုဘာတော်လှန်ရေး၊ ဘော်ရှီဗစ်ပါတီ ကွန်မြူနစ်ပါတီသဘောတရားများကို လေ့လာမှတ်သားရပါတယ်။ ဘိလပ်ပြန်များက ယူလာတဲ့ မာ့က်စ်လီနင်စတာလင်တို့ရဲ့ ကွန်မြူနစ်သဘောတရား စာအုပ်များကိုလည်း လေ့လာရပါတယ်။ ဒီလိုနဲ့ (တကသ၊ ဗကသ) ကျောင်းသားတွေ၊ သခင်ပါတီထဲက သခင်ပါတီဝင်တွေဟာ မာ့က်စ်ဝါဒလေ့လာရေး အစုများဖွဲ့ပြီး မာ့က်စ်ဝါဒလေ့လာကြပါတယ်။ စာအုပ်စာတမ်းရေးပြီး ထုတ်ဝေကြတယ်။

၁၉၃၆၊ ၁၉၃၈ ကျောင်းသားသပိတ်များနဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံ ပြီးတဲ့နောက်မှာတော့ ဗမာပြည်ကွန်မြူနစ်ပါတီ ဖွဲ့စည်းဖို့ အခြေအနေပေးလာတယ်။ ဖွဲ့စည်းတော့ သဘာဝကျစွာပဲ လေ့လာရေးအစု ခေါင်းဆောင်တွေဟာ ဗကပ ရဲ့ ခေါင်းဆောင်တွေ ဖြစ်လာကြတယ်။ အစုဝင်တွေက ပါတီဝင်တွေ ဖြစ်လာကြတယ်။

လွတ်လပ်ရေးတိုက်ပွဲဝင်ကာလက တိုးတက်တဲ့ နိုင်ငံရေးကျောင်းသားများဟာ တို့ဗမာအစည်းအရုံး (သခင်ပါတီ) ဝင်စမြဲပဲ။ ဒါကြောင့်ပဲ ဗကပ ရဲ့ ခေါင်းဆောင်ရော၊ ပါတီဝင်တွေပါ သခင်ဘွဲ့ခံသူတွေချည်း ဖြစ်လာရတာပဲ။

ကြုံကြိုက်လို့ အဖြစ်အပျက်ကလေးတခုကို ပြောချင်တယ်။ KIO နဲ့ ဗကပ မဟာမိတ်ဖွဲ့တုန်းက ဖြစ်တာပါ။ ဗကပ က KIO ကို လက်နက်တွေ ကူညီခဲ့တယ်။ လက်နက်မပေးခင် KIA တပ်ဖွဲ့တွေကို ပြည်သူ့ဒီမိုကရေစီလုပ်ငန်းစဉ် သဘောတရား သင်တန်းပေးတယ်။ သင်တန်းဆရာက 'ဗကပ သမိုင်း' ပြောတော့ ပါတီခေါင်းဆောင်တွေ အားလုံးက သခင်ဘွဲ့ခံသူတွေချည်း ဖြစ်နေတယ်။ နားကလောလာလို့ ထင်ပါရဲ့ KIA ဗိုလ်တယောက်က ထပြီးကောတယ်။ 'သခင်ယေရှုတယောက်ပဲ ကြားဖူးတယ်။ ခုတော့ ဗကပ မှာ သခင်တွေ များလှပါလား' လို့ ပြောဖူးတယ်။

<u>၁၉၄၅ အလွန် ဗကပ ရဲ့ ရေသောက်မြစ်</u>

ရေသောက်မြစ်က 'ဗကသ' 'အလုပ်သမားသမဂ္ဂ' 'တောင်သူ လယ်သမား သမဂ္ဂ' စတာတွေ ဖြစ်လာတယ်။ သခင်ပါတီက တဇာတ်သိမ်းသွားပြီ။ ဖောက်ပြန်သွားပြီ။

အဲဒီတုန်းက ဗကပ လည်း ဥပဒေတွင်း O/G ပါတီ ဖြစ်သလို ဗကသ၊ အလုပ်သမားလယ်သမားသမဂ္ဂတွေလည်း တရားဝင်တွေချည်း ဖြစ်တယ်။ ဒါကြောင့် ဘာမှ လျှို့လျှို့ဝှက်ဝှက် လုပ်နေစရာ မလိုဘူး။ ဗကပ ရဲ့ ကွန်ဖရင့်တွေ၊ အစည်းအဝေးတွေမှာ ဗကသ ကျောင်းသားတွေ တက်မြဲ ဖြစ်တယ်။ ဒါကြောင့်လည်း ဘယ်ကျောင်းသားက ကွန်မြူနစ်ပဲ ဆိုတာကို အားလုံးက သိကြတာပဲ။ ဗကပ ရဲ့ တင်းကျပ်တဲ့ စည်းမျဉ်းကို မလိုက်နာနိုင်တော့လို့ ကိုသန်းထွန်း (ဒေါက်တာသန်းထွန်း) က ပါတီကထွက်ပြီး ကျောင်းဆရာလုပ်တယ်။ နိုင်ငံခြားပညာတော်သင် သွားဖို့လျှောက်တော့ ပညာသင် ရွေးချယ်ရေးအဖွဲ့က လူခေါ်တွေ့တယ်။ အဖွဲ့ဥက္ကဋ္ဌဦးကျော်ငြိမ်းက သူ့ကို ကွန်မြူနစ် ယူ/ဂျီ လုပ်နေတယ်လို့ သံသယဖြစ်ပြီး မေးမြန်းစစ်ကြောခဲ့တာပဲ။ မေးပုံဖြေပုံကို 'ငါပြောချင်သမျှ ငါ့အကြောင်း' မှာ ဖတ်ရတယ်။

<u>၁၉၄၈ အလွန်ကာလ</u>

ဗကပ ပါတီက တောထဲ ရောက်သွားပြီ။ ဗကသ က တရားဝင် အဖွဲ့အစည်းပဲ။ အာဏာပိုင်တွေက 'ဗကသ' ကို မယုံဘူး။ ဦးနုကစပြီး ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်လေးတို့ကလည်း ဗကသ ကို ရန်ဘက်လို့ပဲ သဘောထားတယ်။ သူတို့က တချိန်က ဗကသ ခေါင်းဆောင်တွေချည်းပဲ။ ဒါပေမဲ့ ဗကသ ကို ရန်ဘက်လို့ပဲ သတ်မှတ်ကြတယ်။ ဗကသ ကို ဗကပ (ယူ/ဂျီ) လို့ပဲ သံသယရှိကြတယ်။

ဦးနုက ပါးစပ်နဲ့ပဲ ခြိမ်းခြောက်တယ်။ ဦးကျော်ငြိမ်းက သေနတ်နဲ့ ခြိမ်းခြောက်တယ်။ ဗိုလ်ခင်မောင်လေးကတော့ သူကိုယ်တိုင် သေနတ်ဖောက်ပြီး ခြိမ်းခြောက်တယ်။ ဒါက 'ဗကသ' ခေါင်းဆောင်ဟောင်းတွေရဲ့ ရန်လုပ်ပုံ ဖြစ်တယ်။

<u>၁၉၆၂ အလွန်မှ အခုအထိ</u>

စစ်အာဏာသိမ်း အစိုးရခေတ်မှာလည်း ဗကသ ကို ဗကပ (ယူ/ဂျီ) လို့ပဲ သံသယရှိတယ်။ သူတို့က 'ဗကသ' မှာ တခါမှ မလုပ်ဖူးဘူး။ သံယောဇဉ်မရှိဘူး။ ဒါကြောင့် သေနတ်နဲ့ ခြိမ်းခြောက်ရုံမကဘူး သေနတ်နဲ့ပစ်တယ်။ ပစ်တာကလည်း သေအောင် ချိန်ပစ်တာ။ အစုလိုက်အပြုံလိုက် သေအောင် ပစ်တာပဲ။

ဒီလိုနဲ့ ဗကသ လည်း မြေလျှိုးရပြီ။ မြေလျှိုးရတာ နှစ် (၅၀) နီးနေပြီ။ ရှေ့မှာလည်း မြေလျှိုးနေရဦးမှာပဲ။

<u>ရှေ့တခေါ် မျှော်ကြည့်</u>

ဗကသ နဲ့ ဗကပ ရပ်တည်ချက်တူနေလို့ အမြင်တူ၊ အတွေးတူ၊ အလုပ်တူခဲ့ကြတယ်။ ရှေ့တခေါ် မျှော်ကြည့် တော့ '၂၀၀၈ အခြေခံဥပဒေ' နဲ့ '၂၀၁၀ ရွေးကောက်ပွဲ' ကိစ္စဟာ ဘီလူးစည်း – လူစည်း ခွဲမယ့် စည်းကြောင်းလို့ မြင်ပါတယ်။ တပြည်လုံးမှာ အကြီးအကျယ် ကွဲပြားမှုကြီး ဖြစ်မယ်။ ပြီးရင်

**ဒီတခါမှာလည်း ဗကပ နဲ့ ဗကသ အမြင်တူ၊ အတွေးတူ၊ အလုပ်တူ ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။**

အကြီးအကျယ်ပြန်လည်စုစည်းမှုကြီး ဖြစ်မယ်လို့ ဗကပ က မြော်မြင်ပါတယ်။ ဘယ်သူတွေ ဘယ်လိုလုပ်ကြမလဲ မပြောတတ်ပါ။ သတင်းတွေတော့ အများကြီး ကြားပါတယ်။ 'ရွေးကောက်ပွဲ ဥပဒေ' ထွက်လာရင် ရှင်းလာပါလိမ့်မယ်။

ဒီတခါမှာလည်း ဗကပ နဲ့ ဗကသ အမြင်တူ၊ အတွေးတူ၊ အလုပ်တူ ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ချီတက်ရမယ့်ခရီး ဝေးပါတယ်။ အခက်အခဲတွေ တင်းကျမ်းဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် မိမိတို့က သန္နိဋ္ဌာန် ခိုင်မာစွာနဲ့ ချီတက်ရင် ကျော်နင်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါဟာ ဗကပ ရဲ့ နှစ် (၇၀) ပြည့် သဝဏ်လွှာ ဖြစ်ပါတယ်။ ဗကသ က (၇၃) နှစ် ပါ။ မကြာမီ (၇၅) နှစ် ပြည့်ပါမယ်။ ပိုမိုကောင်းမွန်တဲ့ တောက်ပတဲ့ အနာဂတ်ဆီသို့ ချီတက်ကြပါစို့။

# ဗကပ နဲ့ လူမျိုးစုအင်အားစုများ

(က)

သမိုင်းကိုဖန်တီးတာ ပြည်သူလူထုပဲ ဖြစ်တယ်။ ဒါဟာ မာ့က်စ်ရဲ့ အခိုင်အမာဆုံး သမိုင်းအမြင်ပဲ ဖြစ်တယ်။ မာ့က်စ်ဝါဒီတွေဟာ ဒီသမိုင်းအမြင်အပေါ် နည်းနည်းမှ သံသယမရှိပါ။ ကွန်မြူနစ်ပါတီတွေဟာလည်း ဒီသမိုင်းအမြင်အရ မိမိပါတီကို ကြံ့ခိုင်အောင် တည်ဆောက်ပါတယ်။ ဒီသမိုင်းအမြင် ချို့တဲ့သူတွေကိုလည်း ပါတီဝင်အဖြစ် လက်ခံလေ့ မရှိပါ။ ကွန်မြူနစ်ပါတီကို သမိုင်းရုပ်ဝါဒအမြင်အရသာ တည်ဆောက်ရတာ ဖြစ်ပါတယ်။ ကွန်မြူနစ်ပါတီဝင်တွေဟာ သမိုင်းရုပ်ဝါဒကို လက်ခံယုံကြည်သူတွေသာ ဖြစ်ရပါတယ်။

လူ့သမိုင်းမှာ ပုဂ္ဂလိကပိုင်ဆိုင်တဲ့စနစ် ပေါ်လာပြီးနောက် လူတန်းစားကွဲပြားသွားပြီး ရေးဦးဘုံစနစ် ပြိုကွဲသွားပြီးတဲ့နောက်မှာ ယဉ်ကျေးမှု တစတစ ထွန်းကားလာခဲ့ပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားလာတာဟာ လူတန်းစား တိုက်ပွဲနဲ့သာ ဖြစ်ပေါ်လာတယ်လို့ မာ့က်စ်ဝါဒီတွေက နားလည်ပါတယ်။ ဒို့အမြင် လူတန်းစားတိုက်ပွဲနဲ့ပဲ လူ့အဖွဲ့အစည်းမှာ လူတန်းစားကွဲပြားမှုကို ချုပ်ငြိမ်းစေပြီး လူတန်းစားမဲ့ လူ့လောကကြီး၊ ယဉ်ကျေးမှု ပိုမိုမြင့်မားတဲ့ လူ့လောကကြီးကို လူသားတရပ်လုံး ရောက်ရှိသွားလိမ့်မယ်လို့ မာ့က်စ်ဝါဒီတွေက ယုံကြည်ပါတယ်။ ကွန်မြူနစ်ပါတီတွေဟာ ဒီအမြင်အပေါ် အခိုင်အမာရပ်တည်ပြီး မိမိပါတီကို တည်ဆောက်ပါတယ်။

လူတန်းစားကွဲပြားနေတဲ့ လူ့အဖွဲ့အစည်းမှာ အုပ်စိုးသူလူတန်းစား ဒါမှမဟုတ် ဖိနှိပ်သွေးစုပ်အုပ်ချုပ်တဲ့ လူတန်းစားနဲ့ အဖိနှိပ်ခံ သွေးစုပ်ခံ အုပ်စိုးခံ လူတန်းစားဆိုပြီး ကွဲပြားမှု ရှိပါတယ်။ ဖိနှိပ်ခံ၊ သွေးစုပ်ခံ၊ အုပ်စိုးခံ လူတန်းစားတွေအားလုံးကိုတော့ အဖိနှိပ်ခံပြည်သူလူထုကြီးလို့ ဆိုပါတယ်။ အဖိနှိပ်ခံပြည်သူလူထုကြီးထဲမှာ လူမျိုးပေါင်းစုံ ပါဝင်ပါတယ်။ ဒါကြောင့် အဖိနှိပ်ခံလူမျိုးပေါင်းစုံ ပြည်သူလူထုကြီးတရပ်လုံး ဖိနှိပ်မှုအပေါင်းက လွတ်မြောက်ရေးဟာ ဗကပ ရဲ့ အဓိကတာဝန်တခု ဖြစ်ပါတယ်။

ဖိနှိပ်မှုအပေါင်းကို တချိန်တည်းနဲ့ တိုက်ဖျက်ပစ်ဖို့ လုံးဝမဖြစ်နိုင်ပါဘူး။ တချိန်မှာ အဓိကအကျဆုံး ရန်သူကိုပဲ ရွေးပြီး ဦးတည်တိုက်ရပါမယ်။ ဦးတည်ရန်သူက ပြောင်းနိုင်ပါတယ်။ အဓိကဖိနှိပ်သူဟာ အင်္ဂလိပ်နယ်ချဲ့ ဖြစ်ဖူးပါတယ်။ ဂျပန်ဖက်ဆစ်လည်း ဖြစ်ဖူးပါတယ်။ နောက်လွတ်လပ်ရေးရတော့ အဆက်ဆက်သော ဗျူရိုကရက်အရင်းရှင် လူတန်းစား ကိုယ်စားလှယ်အစိုးရတွေ ဖြစ်လာပါတယ်။ (၁၉၄၈) က (၁၉၆၂) အထိ (၁၄) နှစ် အတွင်းမှာ အဓိကရန်သူက ဖဆပလ ဆိုရှယ်လစ်အစိုးရ ဖြစ်ခဲ့တယ်။ ဖဆ – ဆိုရှယ်အစိုးရကို

ဆန့်ကျင်တဲ့ လူမျိုးစုအင်အားစုတွေ အားလုံးနဲ့ စည်းလုံးညီညွတ်ရေးရဖို့ ဗကပ က ကြိုးစားခဲ့ပါတယ်။ သူတို့ရဲ့ နိုင်ငံရေးရည်မှန်းချက်နဲ့ ဗကပ ရဲ့ နိုင်ငံရေးရည်မှန်းချက် မတူဘူးဆိုတာကို သိပါတယ်။ ဒါပေမဲ့ အဲဒါကို အဓိကမထားဘဲ ဖဆပလ ဆိုရှယ်လစ်အစိုးရ ဆန့်ကျင်ရေး အတွက် ဘယ်နေရာမှာ ညီညွတ်နိုင်မလဲ ဆိုတာကိုပဲ ရှာခဲ့ပါတယ်။ ဒါကြောင့်လည်း မန္တလေးဘက်ကို ချီတက်လာတဲ့ KNDO တပ်တွေ မြစ်ငယ်တံတားကို မဖြတ်ကျော်နိုင်ဘဲ ဖဆပလ ဆိုရှယ်လစ်တပ်တွေနဲ့ သူ့မဟာမိတ် ပြည်သူ့ရဲဘော်တပ်ဖွဲ့ရဲ့ ခုခံမှုကို ခံနေရလို့ တန့်နေချိန်မှာ ဗကပ က ပြတ်ပြတ်သားသား ကူညီခဲ့ပါတယ်။ ဒါကြောင့်လည်း မန္တလေးကို သိမ်းနိုင်ခဲ့တာပါ။ အကျယ်ချုပ်ခံနေရတဲ့ ကရင်စစ်သည်တွေကို သူတို့ကယ်ထုတ်ပြီး မန္တလေးက ဆုတ်သွားတော့လည်း ဗကပ က ကူညီလိုက်တာပါပဲ။ သူတို့ထူထောင်ချင်တဲ့ 'ကော်သူးလေတိုင်းပြည်' ဆိုတဲ့ သီးခြားနိုင်ငံထူထောင်ရေးကို ဗကပ က သဘောမတူပါဘူး။ တိုင်းပြည်တစည်းတလုံးတည်းရှိရေး၊ လူမျိုးတိုင်း တန်းတူညီညွတ်ရေးကိုပဲ ဗကပ က လိုလားပါတယ်။

နောက်လည်း 'မဒတ နဲ့ ဗကပ ပန်ဆန်းဆွေးနွေးပွဲ' မှာ သူတို့ရဲ့ နိုင်ငံရေးရပ်တည်ချက်ကို ဗကပ က သဘောမတူပေမယ့် စစ်ရေးအရ ပူးတွဲပြီး မဆလ စစ်ဗျူရိုကရက်အစိုးရကို ဦးတည်တိုက်နိုင်ဖို့ စစ်ရေးအရပူးပေါင်းနိုင်ဖို့ အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ သူတို့ ကိုယ်စားလှယ်အဖွဲ့နဲ့ သဘောတူညီချက် ရခဲ့ပါတယ်။ အသံလွှင့်ခဲ့ပါတယ်။ ချက်ချင်းပဲ KNU ဗဟိုက အဲဒီသဘောတူညီချက်ကို တဖက်သတ် ဖျက်သိမ်းခဲ့တယ်။ သဘောတူညီချက်မှာ လက်မှတ်ထိုးခဲ့တဲ့ သူတို့ကိုယ်စားလှယ်အဖွဲ့ကိုလည်း အရေးယူပါတယ်။ ကျွန်တော်တို့ စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှတုံ့ပြန်ဝေဖန်တာ၊ တိုက်ခိုက်တာ မလုပ်ဘဲ နေခဲ့ပါတယ်။ (၂) ဘက် သဘောတူစာချုပ်ချုပ်ပြီးရင် တဖက်သတ်ဖျက်သိမ်းတာဟာ စော်ကားတာပါ။ အဓိက ရန်သူ မဆလ အစိုးရ ဝမ်းသာမယ့် အလုပ်မို့ ကျွန်တော်တို့ သည်းခံခဲ့ပါတယ်။ ၁၉၅၈ အိမ်စောင့်အစိုးရ ခေတ်တုန်းကလည်း ဗကပ အပြုတ်တိုက်ရေးအတွက် ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်အောင်ရွှေတို့နဲ့ ကြိတ်ပြီး KNU က နားလည်မှုယူခဲ့တာ သိပါတယ်။ နောက်တော့လည်း ကိုကိုးကျွန်းပြန် ကျွန်တော်တို့ရဲဘော်တွေ ဖြစ်တဲ့ ရဲဘော်အောင်ဝေ၊ ရဲဘော်ဉာဏ်ဝင်း၊ ရဲဘော်တင်မောင်ဝင်းနဲ့ ရဲဘော်အောင်ဘော်တို့ကို သွေးအေးအေးနဲ့ သတ်ခဲ့တယ်။ ဗကပ က ကြိတ်မှိတ်သည်းညည်းခံခဲ့ပါတယ်။ (ဖဒိုမန်းရှာနဲ့တွေ့တော့ ဒီကိစ္စအတွက် ဗကပ က ကြိတ်မနိုင်ခဲမရ ဖြစ်ရကြောင်း၊ ရန်သူစစ်အုပ်စု ဝမ်းသာမယ့် အလုပ်မို့ လူသိရှင်ကြား မလုပ်ဘဲ နေတာပဲ ဖြစ်ကြောင်းကို ပြောလိုက်ပါတယ်။)

နမူနာအဖြစ်ပဲ KNU နဲ့ ဆက်ဆံရေးကိစ္စကို အခုထုတ်ဖော်ပြောလိုက်တာ ဖြစ်ပါတယ်။ တခြား တခြားသော လူမျိုးစုများနဲ့ ဆက်ဆံရေးမှာလည်း ဒီလိုပဲ ဖြစ်ခဲ့တာပါ။ ရန်သူစစ်အုပ်စု အကြိုက်ဖြစ်စေမယ့် ကိစ္စတွေမို့ ကြိတ်မှိတ်သည်းခံခဲ့ပါတယ်။ ဗကပ က သီးခြားနိုင်ငံ ထူထောင်ရေးဖြစ်ဖြစ်၊ ခွဲထွက်ရေးဖြစ်ဖြစ် ဘယ်ဟာကိုမှ သဘောမတူပါဘူး။ သဘောမတူကြောင်းကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းခေါင်းဆောင်များကို ပွင့်ပွင့်လင်းလင်းပြောပြပါတယ်။ ဒါပေမဲ့ လူသိရှင်ကြား အော်ကြီးဟစ်ကျယ် မလုပ်ခဲ့ပါဘူး။ အဓိကရန်သူအကြိုက် ဖြစ်သွားမှာစိုးလို့ပါ။ ရန်သူ့အကြိုက် လိုက်လုပ်ရင် ဘယ်သူလုပ်လုပ် မှားတာချည်းပါပဲ။

(ခ)

ကွန်မြူနစ်ပါတီတွေဟာ အဖိနှိပ်ခံလူမျိုးပေါင်းစုံ ပြည်သူလူထုအကျိုးစီးပွားကို အခြေခံပြီး မိမိပါတီရဲ့ မူဝါဒလမ်းစဉ်ပေါ်လစီတွေကို ချမှတ်ရတာ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ဘဝကို အမှန်ကန်ဆုံး ထင်ဟပ်နိုင်တဲ့ အခါမှာ ကွန်မြူနစ်ပါတီတွေရဲ့ မူဝါဒလမ်းစဉ်ပေါ်လစီတွေဟာ မှန်ကန်ပြီး လက်တွေ့ကျတတ်ပါတယ်။ လူထုလှုပ်ရှားမှုကြီးနဲ့ တသားတည်း ဖြစ်သွားလေ့ရှိပါတယ်။ လူထုတိုက်ပွဲကိုလည်း အကောင်းဆုံး ရှေ့ဆောင်နိုင်ပါတယ်။ ပြည်သူလူထုရဲ့ ဘဝကို အလွဲလွဲအမှားမှား ထင်ဟပ်ရင် ပါတီရဲ့ မူဝါဒလမ်းစဉ်ပေါ်လစီတွေဟာ အလွဲလွဲအမှားမှားဖြစ်ပြီး လူထုဘဝ တိုက်ပွဲနဲ့ ကင်းကွာသွားတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ကွန်မြူနစ်ပါတီတွေဟာ နစ်နာဆုံးရှုံးမှုနဲ့ ကြုံတွေ့ရသလို လူထုကြီးမှာလည်း ထိခိုက်နစ်နာမှုတွေ ကြီးမားတတ်ပါတယ်။ ဒါကြောင့် ကွန်မြူနစ်ပါတီတွေဟာ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်အခြေအနေမှာမဆို လူထုကြီးနဲ့ တသားတည်းဖြစ်နေအောင် မပြတ်လုံးပန်းရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ရန်သူလူတန်းစားနဲ့ ရင်ဆိုင်ရာမှာ တခါတရံမှာ အင်အားအချိုးအစားအပေါ် မူတည်ပြီး ယာယီရှုံးနိမ့်မှု၊ နောက်ဆုတ်ရမှု၊ နစ်နာဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့ရတတ်ပါတယ်။ ရန်သူလူတန်းစားက မိမိအလစ်အငိုက်ကို ဖမ်းပြီး လက်ဦးမှုယူသွားနိုင်တဲ့အခါမျိုးမှာလည်း ကြုံတွေ့ရလေ့ ရှိတတ်ပါတယ်။ အဲဒီအခါမျိုးမှာ မိမိဟာ လူထုနဲ့ တကယ်ကင်းကွာသွားရင်တော့ တကယ်ဆုံးရှုံးမှုကြီးမားမှာပါ။ အကယ်၍ လူထုနဲ့ မကင်းကွာရင် နည်းနာအမျိုးမျိုးကို လူထုအကူ

အညီနဲ့ ကြံဆနိုင်ပြီး လက်ဦးမှုပြန်ရအောင် လုပ်နိုင်ပါတယ်။ လူ့သမိုင်းမှာ ကွန်မြူနစ်ပါတီတွေရဲ့ လှုပ်ရှားမှုသမိုင်းမှာ ရန်သူလူတန်းစားနဲ့ အဖိနှိပ်ခံ လူတန်းစားတွေရဲ့အကြား ဘတပြန် ကျားတပြန်ဖြစ်မှုတွေဟာ ဒီလို အကြောင်းအချက်တွေကြောင့် ပေါ်ပေါက်ရတာပဲ ဖြစ်ပါတယ်။

၁၉၈၉ မှာ ဗကပ ဟာ အရေးနိမ့်မှုကြီးနဲ့ ကြုံရပါတယ်။ လူမျိုးစုအင်အားစုတွေ ခွဲထွက်ကြတယ်။ ‘ဗကပရဲ့ လူမျိုးစုပေါ်လစီမှားလို့ပဲ’ လို့ တချို့က စွပ်စွဲပါတယ်။ မဟုတ်ပါဘူး။ သူတို့ခွဲထွက်တာဟာ ဗကပ ဗဟိုရဲ့ “စစ်အစိုးရ၊ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်” ဆန့်ကျင်ရေးကို သဘောမတူကြလို့ပါ။ ခွဲထွက်ပြီးပြီးချင်း နဝတ နဲ့ ပူးပေါင်းသွားကြတာပဲ ကြည့်ပါ။ နဝတ ရဲ့ ‘လူမျိုးစုပေါ်လစီ’ က ပိုကောင်းတယ်ထင်လို့ သူတို့ ပူးပေါင်းသွားကြတာ မဟုတ်ပါဘူး။ စစ်ဆက်တိုက်ရမှာ [အထူးသဖြင့် နိုင်ငံတကာ့အကူအညီ (တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ အကူအညီ) မရဘဲ စစ်ဆက်တိုက်ရမှာ] ကို စိုးရိမ်လို့ပဲ ဖြစ်ပါတယ်။ သူတို့နဲ့ ဗကပ ဟာ ၁၉၆၇ မတိုင်မီကဆိုရင် ဘယ်လိုမှ အဆက်အစပ်မရှိခဲ့ပါဘူး။ ပြည်တွင်းက လူမျိုးစုတွေနဲ့ကမှ ခေတ်အဆက်ဆက်မှာ အဆက်အစပ်ရှိခဲ့တာပါ။ ကရင်နဲ့ ကရင်နီနဲ့ဆိုရင် ဂျပန်ခေတ်ကတည်းက ဆက်စပ်မှုရှိခဲ့တာပဲ။ စောသန်းတင် (သိုင်းသန်းတင်) ကို တောင်ငူမှာ အင်္ဂလိပ် CAS (B) က ဖမ်းတော့ ဗကပ ကပဲ သူ့လွတ်မြောက်ရေးအတွက် လူထုဆန္ဒပြပွဲလုပ်ပြီး လွတ်မြောက်အောင် လုပ်ပေးခဲ့တာပါ။ တခြား ပအိုးဝ်တွေ၊ ရှမ်းတွေ၊ ခနေတွေ၊ လီရှောတွေ၊ ပလောင်တွေနဲ့လည်း အဆက်အစပ်က အစောကြီးကတည်းက ရှိပါတယ်။ ဝတွေ၊ ကိုးကန့်တွေ၊ အခါတွေနဲ့ကတော့ တရုတ်ပြည် ကွန်မြူနစ်ပါတီ မိတ်ဆက်ပေးမှပဲ သိခဲ့ (ဆက်စပ်ခဲ့) ရတာပါ။

သူတို့တတွေ ခွဲထွက်တော့လည်း သူတို့ဟာ ဗမာစစ်အုပ်စုနဲ့ ကြာကြာပေါင်းလို့မရဘူးဆိုတာကို တွက်ကြည့်ပြီးသားပါ။ ဒါကြောင့်ပဲ သူတို့ကို ရဲဘော် (ဟောင်း) မိတ်ဆွေများလို့ပဲ သဘောထားခဲ့ပါတယ်။ အကြံပေးစရာရှိရင် ပေးပါတယ်။ ပေးတဲ့အကြံကို လိုက်လုပ်မလုပ်ကတော့ သူတို့ သဘောပါ။ ဒါကြောင့်လည်း ကြိုက်ရင်လုပ်၊ မကြိုက်ရင်ပယ်ပါလို့ပြောပြီး အကြံပေးတာပဲ။

သင်တန်းကပေးတဲ့ နိုင်ငံရေးအတွေ့အကြုံထက် ကိုယ်ပိုင်လက်တွေ့အတွေ့အကြုံက ပိုပြီးအဖိုးတန်ပါတယ်။ သူတို့ဟာ နဝတ ဗိုလ်ခင်ညွန့်နဲ့ဆိုရင် သိပ်ပြီးရင်းနှီးပါတယ်။ ဗိုလ်ခင်ညွန့်ကိုအားလည်းကိုးပါတယ်။

ဗိုလ်ခင်ညွန့်ကလည်း ‘ဗကပကို နည်းပရိယာယ်နဲ့ အောင်နိုင်သူကြီး’ လို့ သူ့ကိုယ်သူ အထင်ရောက်ပြီး ခြေဖျားထောက်ပါတယ်။ ဒါကြောင့်လည်း ‘ဗကပ ဗမာဆိုရင် ဘယ်သူမှ လက်ခံမထားနဲ့ မောင်းထုတ်လိုက်’ ‘ဗကပ ဟာ ကင်ဆာကလာပ်စည်းနဲ့တူတယ်။ နည်းနည်းကလေးကနေ များများကြီး ပွားသွားတတ်တယ်’ ‘ကွန်မြူနစ်တခါဖြစ်ဖူးရင် တသက်လုံး ကွန်မြူနစ်ဖြစ်တာပဲ’ ‘အခုရထားတဲ့ စစ်ရပ်စဲရေးသဘောတူညီချက်ကို ဖျက်ခဲ့ရင် ဘယ်သူဖျက်ဖျက် ဖျက်တဲ့သူကို ကျွန်တော်တို့ ဝိုင်းပြီးတိုက်ကြတာပေါ့’ ဆိုတဲ့စကားတွေ တွင်တွင်ပြောပြီး သိမ်းသွင်းခဲ့တာပဲ။ ဒါကြောင့်လည်း ‘အဘဗိုလ်ခင်ညွန့်’ လို့ တချို့က ခေါ်ကြတယ်။ (ငွေတွေ၊ လူတွေ အများကြီး ဖြုန်းတီးပြီး ဗကပ ရဲ့ မြေတလက်မရဖို့ လုပ်ခဲ့ရတဲ့ စစ်ဗိုလ်တွေက ဗိုလ်ခင်ညွန့်ခြေဖျားထောက်တာကို မုန်းကြတယ်။)

ဒီပဲယင်းအပြီးမှာ ဗိုလ်ခင်ညွန့်ပြုတ်သွားတော့ သူတို့ (စစ်ရပ်အဖွဲ့တွေ) တအားငယ်ကြတယ်။ အခုတော့ BGF (နယ်ခြားစောင့်တပ်) ဆိုတဲ့ခေါင်းမိုးတာခံနေရပြီ။ ဗကပ ကတော့ ပြည်သူတရပ်လုံး စစ်ကျွန်ဘဝက လွတ်မြောက်ရေးအတွက်ဆိုရင် ဘယ်အခန်းက ပါရပါရ ပါမှာပါ။ စစ်အုပ်စုကို ဆန့်ကျင်တာမှန်သမျှကို ထောက်ခံမှာပါ။ စစ်အုပ်စုကို ပလူးပလဲလုပ်တာမှန်သမျှကို ဆန့်ကျင်မှာပါ။

***ဗကပ ကတော့***
***ပြည်သူတရပ်လုံး စစ်ကျွန်ဘဝက***
***လွတ်မြောက်ရေး အတွက်ဆိုရင်***
***ဘယ်အခန်းက ပါရပါရ ပါမှာပါ။***

(ဂ)

ဗမာပြည်ကွန်မြူနစ် ပါတီဟာ မာ့က်စ်ဝါဒကို လေ့လာတဲ့ အစုအဖွဲ့ကလေးတွေက ဗမာပြည်ပြည်သူလူထုရဲ့ နယ်ချဲ့ဆန့်ကျင်ရေး အုံကြွတိုက်ပွဲဝင်မှုဖြစ်တဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးမှာ ပါဝင်ဖြတ်သန်းလိုက်ပြီးတဲ့အခါမှ မွေးဖွားသန့်စင်လာတာ ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကို ၁၃၀၀ ပြည့်အရေးတော်ပုံကြီးက မွေးထုတ်လိုက်တာဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ စတင်ပေါ်ပေါက်လာကတည်းက လူထုတိုက်ပွဲနဲ့ ဘယ်တုန်းကမှ မကင်း

ကွာခဲ့ပါ။ ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ လျှို့ဝှက်စွာ စတင်ဖွဲ့စည်း ရပေမယ့် ၁၃၀၀ ပြည့် လူထုတိုက်ပွဲနဲ့ မကင်းကွာခဲ့ပါ။ ဖက်ဆစ်ဂျပန်ကို တော်လှန်ဖို့ စည်းရုံးစဉ်ရော၊ ဖက်ဆစ်ဂျပန် တော်လှန်ရေး ဆင်နွှဲစဉ်မှာပါ လျှို့ဝှက် မြေအောက်ပါတီဘဝနဲ့ လှုပ်ရှားခဲ့စဉ်မှာ လူထုဘဝ၊ လူထုတိုက်ပွဲနဲ့ မကင်းကွာခဲ့ပါ။ ကမ္ဘာ့ပြည်သူလူထုရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးတိုက်ပွဲနဲ့ ဗမာပြည်သူလူထုရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲကို ပေါင်းဆုံမိသွားအောင် ကြိုးပမ်းနိုင်ခဲ့တယ်။ ဒီနည်းနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဗမာပြည်သူတွေကို ကောင်းစွာအလုပ်အကျွေးပြုရင်း ကမ္ဘာ့ပြည်သူလူထုအတွက် တဒေါင့်တနေရာကနေ အလုပ်အကျွေးပြုခဲ့ပါတယ်။

ဗကပ ဟာ လူမျိုးရေးနွံထဲကို ဘယ်တုန်းကမှ အကျမခံပါဘူး။ ပါတီမထူထောင်ခင်ကတည်းက ကုလားဗမာ အဓိကရုဏ်းကို မဖြစ်သင့်တဲ့ ကိစ္စလို့ သဘောထားခဲ့ပါတယ်။ အဲဒီလိုပဲ တရုတ်ဗမာအဓိကရုဏ်းကိုလည်း ဆန့်ကျင်ပါတယ်။ ဒါကြောင့်ပဲ ပါတီ စထူထောင်စဉ်က ပါတီထဲမှာ ဘင်္ဂါလီရဲဘော်တွေ အများကြီး ပါခဲ့ပါတယ်။ တရုတ်ဗမာကပြားတွေ အများကြီး ပါခဲ့တယ်။ ဗကပက လူမျိုးဗီဇနဲ့ မကြည့်ပါဘူး။ လူတန်းစားဗီဇနဲ့ ကြည့်ပါတယ်။ ပါတီရဲ့စည်းမျဉ်းပုဒ်မ (၁) မှာဆိုထားတာက

> သွေးမစုပ်သူ ဗမာပြည်သား အလုပ်သမား၊ လယ်ယာ အလုပ်သမား၊ ဆင်းရဲသောလယ်သမား၊ အလတ်တန်းစား အောက်လွှာလယ်သမား၊ မြို့နေ ဆင်းရဲသား၊ တခြား တော်လှန်သော ပုဂ္ဂိုလ်များ၊ လူမျိုးမရွေး ကျားမ မရွေး၊

## မျိုးရိုးက သွေးစုပ်သူလူတန်းစားက ဖြစ်နေရင်လည်း သူကိုယ်တိုင်က ‘တော်လှန်ရေးသမား’ ဖြစ်နေရင်

> အသက် ၁၈ နှစ် ပြည့်သူ
> မှန်သမျှ

ကို ပါတီလုပ်ငန်းစဉ်လမ်းစဉ် လက်ခံရင်၊ ပါတီလုပ်ငန်း တက်တက်ကြွကြွ ဆောင်ရွက်ရင်၊ ဆုံးဖြတ်ချက်နဲ့ စည်းကမ်းလိုက်နာရင်၊ ပါတီကြေးပေးရင် ပါတီဝင်ဖြစ်နိုင်တယ်လို့ပဲ သတ်မှတ်ထားပါတယ်။ လူမျိုးကို အခြေမခံပါဘူး။ ဗမာပြည်သားလည်းဖြစ်၊ သွေးစုပ်တဲ့လူတန်းစားလည်း မဖြစ်ရင် တရုတ်၊ ကုလား၊ အင်္ဂလိပ် ဘယ်သူဖြစ်ဖြစ် လက်ခံပါတယ်။ လူမျိုးစုတိုင်းက ဗမာပြည်သားတွေချည်းပါ။ ကွန်မြူနစ်ဖြစ်ချင်ရင် ဖြစ်နိုင်ပါတယ်၊

လူတန်းစားကို အသေးစိတ်ဖော်ပြထားတာကတော့ တချို့က မိဘမျိုးရိုးအရ သွေးစုပ်သူ ဖြစ်နေတယ်ဆိုရင်သူတို့လည်း (ဝင်ချင်ရင်) ဝင်နိုင်ဖို့ ‘အခြားတော်လှန်သောပုဂ္ဂိုလ်များ’ ဆိုတာကို တမင်ထည့်ထားပါတယ်။ မျိုးရိုးက သွေးစုပ်သူလူတန်းစားက ဖြစ်နေရင်လည်း သူကိုယ်တိုင်က ‘တော်လှန်ရေးသမား’ ဖြစ်နေရင် ဝင်နိုင်ဖို့ပါ။

ပါတီ စတင်ထူထောင်စဉ်က ပါတီဝင်ဖြစ်ခဲ့သူတွေ အများစုကြီးက ခေနရှင်ပေါက်စသော်လည်းကောင်း၊ တိုင်းရင်းသားခေနရှင် လူတန်းစားမိဘက ဆင်းသက်လာတဲ့ ပညာတတ်တွေပဲ ဖြစ်တတ်ပါတယ်။

ပါတီထူထောင်စက ပါတီဗဟိုကို ‘ပါတီကလာပ်စည်း’ တခုလိုပဲ လှုပ်ရှားခဲ့ရတာပဲ။ ‘ဗဟို’ မှာကလည်း သခင်စိုးကလွဲရင် အားလုံးက တက္ကသိုလ်ကျောင်းသား နိုင်ငံရေးသမားတွေချည်းပဲ။ ရဲဘော်ဂိုရှယ်က စည်းရုံးသိမ်းသွင်းရင် ဘင်္ဂါလီပညာတတ် ဖြစ်နေမှာပဲ။ ကိုဗဟိန်း၊ ကိုလှဖေ (ဗိုလ်လက်ျာ)၊ ကိုအောင်ဆန်းတို့က သိမ်းသွင်းရင်လည်း အညာသားကျောင်းသားနဲ့ သခင်ကပဲ အများစု ဖြစ်နေမှာပါ။ ဒါမဆန်းပါဘူး။ ပညာတတ်ဖြစ်ရင်လည်း မိဘကတော့ တစုံ တရာ ချောင်လည်သူ (သွေးစုပ်သူ) ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် ‘ဗီဇအဓိက’ တိမ်းညွှတ်မှုအမှား မဖြစ်အောင် ရေးထားရတယ်။ ‘တော်လှန်သော ပုဂ္ဂိုလ်’ ဆိုတာ နယ်ချဲ့ဆန့်ကျင်သူ၊ ပဒေသရာဇ်ဆန့်ကျင်သူ၊ ဗျူရိုကရက် ခေနရှင်ဆန့်ကျင်သူ (တခုခုတော့) ဖြစ်နေမှာပါ။

(ဃ)

၁၉၈၉ နောက်ပိုင်းမှာ ပါတီတွင်းမှာ ရှုပ်ထွေးပြီး ဆုတ်ယုတ်ကျဆင်းမှုတွေနဲ့ လုံးထွေးနေပါတယ်။ ကမ္ဘာမှာလည်း စစ်အေးတိုက်ပွဲကာလ ပြီးဆုံးသွားကာ အမေရိကန်ဟာ ဗိုလ်တဗိုလ်တည်း ဖြစ်လာတယ်။ ဆိုဗီယက် ပြိုကွဲသွားတယ်။ ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှု နောက်ဆုတ်ရတဲ့ကာလ ဖြစ်ပေါ်လာပါတယ်။ ဒီလိုကာလမှာပဲ ဗမာပြည်မှာ

၈ လေးလုံးလို့ခေါ်တဲ့ လူထုအုံကြွမှုကြီး ပေါ်ပေါက်လာတယ်။ ဒီမိုကရေစီရေး အရေးတော်ပုံကြီးပါပဲ။ ဒါဟာ ၁၃၀၀ ပြည့်အရေးတော်ပုံ အနှစ် ၅၀ ပြည့် နှစ်နဲ့လည်း တိုက်ဆိုင်နေပါတယ်။ ဒီ အရေးတော်ပုံကြီးမှာ ဗမာပြည်ကွန်မြူနစ် ပါတီဟာ ကိုယ့်အတွင်းကြောင်းနဲ့ကိုယ် ဖြစ်နေတာကြောင့် တတပ်တအား ပါဝင် နိုင်ခဲ့ပေမယ့် အခြေအနေရဲ့ တောင်းဆိုမှု ကို မဖြည့်ဆည်းနိုင်တော့ပါ။ ဒါကြောင့် ဒီအရေးတော်ပုံကြီးရဲ့ အောင်သီး အောင်ပွင့်တွေကို ဆက်လက်တိုးချဲ့ ထိန်းသိမ်းဖို့ လုံးပန်းရတဲ့ကာလမှာပဲ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အခြေခံ ဒေသအားလုံး လက်နက်ကိုင်တပ် အားလုံး ဆုံးရှုံးခံလိုက်ရပါတော့တယ်။

လက်နက်ကိုင်တိုက်ပွဲ A/S ဆင်းသူ အများစုကြီးက လူမျိုးစု လက်နက်ကိုင် အင်အားစုတွေဆီ ရောက်ပါတယ်။ အမေရိကန်ကို ကယ်တင်ရှင်လို့ အထင်မှားကြတဲ့ ကာလကြီး လည်း ဖြစ်ပါတယ်။ 'ကွန်မြူနစ်ဝါဒ နိဂုံးချုပ်ပြီ' 'သမိုင်းနိဂုံးချုပ်ပြီ' စတဲ့ဟာတွေ ခေတ်စားပါတယ်။ ဗကပ 'ကျဆုံးခန်း' ရေးသူတွေ၊ 'ဗမာပြည်အရေး ကျွမ်းကျင်သူ' တွေက ဗကပ ရဲ့ သင်္ချိုင်းမှတ်တိုင် စိုက်ပေးပါတယ်။ ဗကပ ဆန့်ကျင်ရေး လေရှူးတိုက်ခဲ့တယ်။ KNU က 'တော်လှန်ရေး ဆရာကြီး' ဖြစ်လာပါတယ်။ သူဦးဆောင်တဲ့ တပ်ပေါင်းစုတွေ အများကြီးပေါ်တယ်။ (ထားပါတော့) အခုတော့ အဲဒါတွေ သမိုင်းဖြစ်သွားပြီ။ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးမှာ ဖြတ်လမ်း မရှိပါဘူး။ ရေရှည်မယ်၊ ဖွဲ့ရှိရမယ်၊ သန္နိဋ္ဌာန်ခိုင်မာရမယ်ဆိုတာကို နှစ် (၂၀) လက်တွေ့က ပြနေပါပြီ။ 'လွတ်မြောက်ဒေသ' ဆိုတာကလည်း ပထမတော့ နယ်စပ်မှာ နောက် တဖက်ရောက်သွားတယ်။ အခုတော့ ပို၍ဝေးရာဆီသို့ ရောက်သွားပြီ။

ဒီတော့ ဘာဖြစ်သလဲ။ (တစ်) ယုံကြည်ချက် ပျက်တယ်။ (နှစ်) အချင်းချင်း တရားခံရှာတယ်။ (သုံး) 'အရေးတော်ပုံလှည်းကြီး' ကို တွေ့ကရာလူက တက်မောင်းဖို့ လုပ်လာတယ်။ လူမျိုးစုက ဗမာကို မယုံ၊ ဗမာက လူမျိုးစုကို မယုံ ဖြစ်လာတယ်။ (လေး) ပြည်တွင်းက သစ္စာဖောက်တွေက ၂၀၀၈ အခြေခံဥပဒေကို လက်ခံလိုက်ဖို့ ဆော်ဩတယ်။ စိတ်ဓာတ်စစ်ဆင်ရေးက ဂျာနယ်စာစောင်တွေ ထုတ်တယ်။ (ငါး) နိုင်ငံခြားသား မုန်းတီးရေး၊ တရုတ်ကုလား မုန်းတီးရေး လေရှူးတွေ တိုက်လာတယ်။ (ခြောက်) ခါတော်မီ နိုင်ငံရေးသမားတွေ '၂၀၁၀ ရွေးကောက်ပွဲ' မျှော်ကြတယ်။

ဒီလို အခြေအနေမှာ အားလုံးက တော်လှန်ရေးအပေါ်၊ လူမျိုးစုံပြည်သူအပေါ် သစ္စာရှိကြမယ်လို့ မျှော်လင့်ပါတယ်။ စည်းလုံးညီညွတ်ရေးကို အဓိကထား၊ သွေးကွဲရေးကို ဖယ်ရှားကြဖို့ လိုပါတယ်။ စစ်အာဏာရှင်စနစ် ဆန့်ကျင်သူတိုင်းနဲ့ လက်တွဲကြဖို့ဟာ အခုခေတ်ရဲ့ အဓိကတောင်းဆိုချက် ဖြစ်ကြောင်းပါ။

(င)

စစ်အုပ်စု နိုင်ငံရေးအာဏာရတာ ရာစုနှစ်တဝက် ရှိခဲ့ပါပြီ။ ဖဆပလ အချင်းချင်းကို ရန်တိုက်ပေးတဲ့နည်းနဲ့ အာဏာ 'သိမ်း' ခဲ့ရာကစပြီး အခုအထိ သူတို့ဟာ အချင်းချင်းရန်တိုက်ပေးတဲ့နည်းနဲ့ပဲ အာဏာကို 'ထိန်း' ခဲ့တာဖြစ်ကြောင်း သတိပြုသင့်ပါတယ်။

အတိတ်က ဖဆပလ အချင်းချင်း၊ ကွန်မြူနစ်အချင်းချင်းကို ရန်တိုက်ပေးခဲ့တာကို မပြောတော့ပါ။ အခု NLD အချင်းချင်း၊ ၈၈ မျိုးဆက် အချင်းချင်း ရန်တိုက်ပေးနေပါတယ်။ KNU ကို (KNU ခွဲထွက်) DKBA က လက်နက်နဲ့ တိုက်နေပါပြီ။ မကြာမီမှာ BGF လက်ခံတဲ့ ကချင်က BGF စီမံချက် လက်မခံတဲ့ ကချင်ကိုတိုက်အောင် ရန်တိုက်ပေးပါလိမ့်မယ်။ ကရင်နီအချင်းချင်း၊ ကယန်းအချင်းချင်း၊ ပအိုးဝ်အချင်းချင်း မတိုက်မိကြစေဖို့ ရှောင်သင့်ပါတယ်။

သွေးခွဲပေးတာကို လက်ခံမိတဲ့ လူမျိုးစုတိုင်း အချင်းချင်းတိုက်ကြရပါလိမ့်မယ်။ အဲဒီထောင်ခြောက်ထဲ မကျရောက်အောင် မိတ်ဆွေများ ရှောင်ရှားနိုင်လိမ့်မယ်လို့ ဗကပ က မျှော်လင့်ပါတယ်။

ဗမာအချင်းချင်း၊ အခြေခံလူတန်းစားအချင်းချင်း ရန်ဘက်ဖြစ်အောင် လုပ်တဲ့နည်းကတော့ 'ဒီပဲယင်းနည်း' ဖြစ်ပါတယ်။ အခုဆိုရင် 'ဒီပဲယင်းနည်း' က တပြည်လုံးအနှံ့ ပြန့်သွားခဲ့ပါပြီ။

အခုနောက်ဆုံး သွေးခွဲတဲ့နည်းတခုက BGF မဖွဲ့ချင်ရင် 'ပြည်သူ့စစ်' ဖွဲ့ဖို့ပြောတဲ့နည်း ဖြစ်တယ်။ မိတ်ဆွေများက ငြင်းပယ်လိုက်ကြတာကို သိရလို့ ချီးကျူးဂုဏ်ပြုပါတယ်။

မိတ်ဆွေများအနေနဲ့ ကိုယ့်အတွင်းပိုင်းညီညွတ်ရေးနဲ့ လူမျိုးစုအချင်းချင်း ညီညွတ်ရေးကို တည်ဆောက်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

# ပါတီထဲမှာ တည်ရှိနေတဲ့ စည်းရုံးရေးပြဿနာများ

(၁) ပြဿနာက ကြီးပါတယ်။ ပါတီရဲ့စည်းရုံးရေး (မူ) ဖြစ်တဲ့ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှု (DC) ပျက်ပြားသွားပြီးချည့်နဲ့နေတာ ဖြစ်လို့ပါ။ ၁၉၈၉ တုန်းက အဖြစ်အပျက်ကြောင့် DC ပျက်ပြားတာ ဖြစ်ပါတယ်။ လူမျိုးစုပါတီဝင်တွေက 'ကွန်မြူနစ်အလံ' အောက်က 'လူမျိုးစု အမျိုးသားရေးဝါဒအလံ' အောက်ကို ပြတ်ပြတ်သားသား ကူးပြောင်းသွားကြတာသာ ဖြစ်တယ်။ ကွန်မြူနစ်ပါတီအလံကို မလုပါဘူး။ အဲဒီလို ခေတ်ပျက်အခြေအနေမှာ ပါတီတွင်းက ဗမာလူမျိုး ပါတီဝင်တချို့က 'ကွန်မြူနစ် အလံ' ကိုကိုင်ပြီး တစင်ထောင်ဖို့ ကြိုးစားလာကြတယ်။ (DC) ချည့်နဲ့သွားတယ်။

သူတို့က ပါတီဗဟိုရဲ့ ခေါင်းဆောင်မှုကို သဘောမတွေ့ ဖြစ်နေကြတာ ကြာပါပြီ။ 'ခွဲထွက်ရေးတွေ' ပေါ်တော့ ချက်ကောင်းရပြီဆိုပြီး သီးခြားပါတီ (ကွန်မြူနစ်ပါတီ) ခွဲထောင်ကြတယ်။ ဒါပေမဲ့ သက်ဆိုးမရှည်ကြဘူး။ ခွဲထွက်တဲ့အဖွဲ့တွေက သူတို့ကို လက်ခံပြီး နေနိုင်ပေမယ့် ဗိုလ်ခင်ညွန့်က ကွန်မြူနစ်ဆိုရင် ဘယ်သူ့မှ မထားနဲ့ မောင်းထုတ်ပစ်လိုက်ဖို့ ညွှန်ကြားလို့ မောင်းထုတ်ပစ်လိုက်ကြတယ်။ ဒီလိုနဲ့ သူတို့တတွေ ဇာတ်ခေါင်းကွဲပြီး လက်နက်ချသွားကြတယ်။ 'ကွန်မြူနစ်' ဘဝကနေပြီး 'လစ်ဘရယ်ဒီမိုကရက်' ဘဝကို ပြောင်းသွားကြတယ်။

နေဝင်းကြောင့် ဆိုရှယ်လစ်အမည်ခံ ပါတီတွေလည်း အားလုံးကွယ်ပျောက်ကုန်ပါပြီ။ ကွန်မြူနစ်အလံထူထားတာ ဗကပ ပဲ ရှိပါတော့တယ်။

(၂) ဒါပေမဲ့ (DC) ကို ပြောင်ချိုးဖောက်သွားသူတွေ ပျောက်သွားပေမယ့် ပါတီထဲမှာ (DC) ကတော့ ချည့်နဲ့ကျန်ရစ်ပါတယ်။ ဒီလို ဖြစ်ရတာမှာ အကြောင်း (၂) ခု ရှိတယ်လို့ သုံးသပ်ပါတယ်။

<u>ပထမအကြောင်းက</u> ပါတီကို A/S ပါတီက U/G ပါတီသို့ ချက်ချင်းကူးပြောင်းလိုက်ရတာ ဖြစ်တယ်။ စိမ်ပြေနပြေ အချိန်ယူပြီး ကူးပြောင်းရတာ မဟုတ်ဘူး။ ပါတီဗဟိုနဲ့ ကင်းကွာပြီး ဖရိုဖရဲဖြစ်သွားတဲ့ ပါတီဝင်တွေ တိုင်းပြည်အနှံ့ ပြန့်ကျဲကျန်ရစ်ခဲ့တယ်။ သူတို့က ဗဟိုခေါင်းဆောင်မှုနဲ့ အဆက်ပြတ်သွားကြတယ်။ ဗဟိုကို လည်း အယုံအကြည်မဲ့သွားကြတယ်။ တချို့က ကရုဏာဒေါသောနဲ့ အပြစ်တင်ကြတယ်။ ဗဟိုကလည်း ဘယ်သူဘယ်ရောက်နေတယ် မသိပါဘူး။ သူတို့က ဆက်သွယ်လာမှပဲ သိတယ်။ ဗဟိုဘယ်မှာရှိလဲဆိုတာကို လည်း ပါတီဝင်အများစုက မသိဘူး။ ဗကပ ဗဟိုမရှိတော့ဘူးဆိုတာကိုလည်း ပြည်တွင်းပြည်ပမှာ ရေးကြ ပြောကြတယ်။ ပြည်တွင်း U/G (၄၈၂၈) ကလည်း ရန်သူ့လက်ကို အားလုံးလောက် ကျကုန်တယ်။ ဒါ့ဘာမှ မဆန်းဘူး။ ခွဲထွက်တွေ သံတော်ဦးတင်လို့ ခင်ညွန့်က အားလုံးလောက် သိနေပြီ။ လက်နက်ချသွားတဲ့

'ထို့ကြောင့် ဤသို့' အစုရဲ့ အစစ်ခံချက်အရ အခြေခံဒေသက အကြောင်းလည်း ခင်ညွန့်သိနေပြီ။

ပါတီဝင်တချို့ကိုပဲ ဗဟိုက စီမံခန့်ခွဲနိုင်တာ ဖြစ်သွားတယ်။

<u>ဒုတိယအကြောင်းက</u> ဗမာပြည်နိုင်ငံရေးမှာ လစ်ဘရယ်ဒီမိုကရေစီလှိုင်းလုံးကြီး ရိုက်ခတ်လာတာ ဖြစ်တယ်။ ပါတီဗဟိုကို အယုံအကြည်မဲ့သွားတဲ့ ပါတီဝင်တွေက 'လစ်ဘရယ်ဝါဒ' ကျင့်သုံးလာကြတယ်။ ရဲဘော်မော်စီတုန်းက တရုတ်ပြည်ကွန်မြူနစ်ပါတီထဲမှာ လစ်ဘရယ်ဝါဒသဏ္ဍာန် (၁၁) မျိုးကို ဖော်ပြခဲ့ဖူးတယ်။ (၁၉၃၇ မှာရေးတဲ့ လစ်ဘရယ်ဝါဒဆန့်ကျင်ကြ) သူက (၁၁) မျိုး အပြင် တခြားအမျိုးအစားတွေလည်း ရှိသေးပေမယ့် အဓိကကတော့ (၁၁) မျိုးပဲလို့ ဆိုတယ်။ ကျွန်တော်တို့ ပါတီထဲမှာပေါ်တဲ့ လစ်ဘရယ်ဝါဒနဲ့ မတူဘူး။ ဗကပ ထဲက လစ်ဘရယ်က တမျိုးတဖုံ ဖြစ်တယ်။

(၃) ဗကပ ထဲက လစ်ဘရယ်ဝါဒမှာ အဓိကအားဖြင့် သဏ္ဍာန် (၂) မျိုး ရှိပါတယ်။ တခြားသဏ္ဍာန်တွေရှိပေမယ့် မဖော်ပြတော့ပါ။အရေးတကြီး ဖြေရှင်းရမယ့်ကိစ္စတွေ မဟုတ်လို့ပါ။ အရေးတကြီးဖြေရှင်းမှဖြစ်မယ့် (၂) မျိုးကိုပဲ အခုဆောင်းပါးမှာ တင်ပြပါမယ်။

<u>ပထမအမျိုးအစား။</u> ၁၉၉၀ နဲ့ နောက်ပိုင်းကာလတွေမှာ ဗမာပြည်နိုင်ငံရေးအတွက် ကြီးကျယ်တဲ့ အရေးအခင်းကြီးတွေ ပေါ်ပါတယ်။ တပြည်လုံးလက္ခဏာဆောင်တဲ့ပြဿနာများ အဆက်မပြတ်ပေါ်ပါတယ်။ အခု ၂၀၀၉ ခုနှစ်အထိလည်း ပေါ်နေဆဲပါ။ နောင် '၂၀၁၀ ရွေးကောက်ပွဲ' ကာလနဲ့ အဲဒီကာလအလွန်မှာလည်း အဆက်မပြတ်ပေါ်နေဦးမှာပါ။

အဲဒီလို တပြည်လုံးလက္ခဏာဆောင်တဲ့ ပြဿနာကြီးတွေကို ဘယ်လိုပေါ်လစီနဲ့ လုပ်ဟန်နဲ့ ဗကပ က ချဉ်းကပ်ရမလဲ ဆိုတာကို ဗဟိုကသာ ဆုံးဖြတ်နိုင်ပါတယ်။ ဗဟိုက ဆွေးနွေးဆုံးဖြတ်ထုတ်ပြန်ရပါတယ်။ ဒါကြောင့်ပဲ အချိန်မီ တပါတီလုံးကို သိရှိစေရန် ဗဟိုရဲ့အာဘော်ကို ထုတ်ပြန်နိုင်တဲ့ 'ပြောရေးဆိုခွင့်ရှိသူတဦး' ကို ထားရှိပါတယ်။ အချိန်မီလည်း ထုတ်ပြန်နေပါတယ်။ တခါတရံမှာ အကျယ်တဝင့် ဗဟိုရဲ့ သဘောထားကို တင်ပြဖို့လိုရင် အထွေထွေအတွင်းရေးမှူးရဲ့ အစီရင်ခံစာ ထုတ်ပါတယ်။

တပြည်လုံးလက္ခဏာဆောင်တဲ့ ပြဿနာနဲ့ ပေါ်လစီကို တခြားပါတီဝင်များက ထုတ်ပြန်ခွင့်မရှိပါဘူး။ ဒါကို ပါတီစည်းမျဉ်းများရဲ့ ပုဒ်မ (၂၄) မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။ ဒီမိုကရေစီလည်းရှိ ဗဟိုချုပ်ကိုင်မှုလည်းရှိတဲ့ လုပ်နည်းကို ရေးထားတာ ဖြစ်ပါတယ်။ တပါတီလုံး လေ့လာသင့်ပါတယ်။

၁၉၈၉ ကာလပျက်ကြီးတုန်းကတော့ ဗဟိုနဲ့ ကင်းကွာနေတဲ့ ပါတီဝင်တွေ များပါတယ်။ ဒီလိုပြဿနာကြီးတွေကို လွတ်လွတ်လပ်လပ်ပဲ အာဘော်ထုတ်ပြန်တာတွေ ရှိပါတယ်။ နိုင်ငံရေးအပြောင်းအလဲတွေကလည်း သိပ်မြန်ဆန်တာဆိုတော့ အာဘော်ကို အချိန်မီ ပေးနိုင်ဖို့ လိုပါတယ်။ ဒါကြောင့် လွတ်လွတ်လပ်လပ် ပေးကြပါတယ်။ ဗဟိုချုပ်ကိုင်မှုမရှိဘဲ ပေးကြတော့ သူတမျိုးကိုယ်တဖုံ ဖြစ်ကုန်ပါတယ်။ အဲဒီလိုနဲ့ ပါတီဝင်တွေဟာ မိမိကိုယ်ကို ဗဟိုပြုပြီး စဉ်းစားတွေးခေါ်တတ် လုပ်ကိုင်တတ် ဖြစ်လာကြပါတယ်။ ဒါဟာ လစ်ဘရယ်ဝါဒ လုပ်ဟန်ပါပဲ။ တချို့ကဆိုရင် အထွေထွေလုပ်ငန်းစဉ် လမ်းစဉ်ကိုတောင် မိမိတဦးတည်း သဘောနဲ့ ရေးသားဖြန့်ဝေတာ ရှိခဲ့ပါတယ်။

ဗဟိုနဲ့ ကင်းကွာနေချိန်မှာ လုပ်ခဲ့တာတွေဖြစ်လို့ ခွင့်လွှတ်ရမှာပါပဲ။ ဒါပေမဲ့ ဒီလုပ်ဟန်က အကျင့်ကြီး ဖြစ်လာပြီး ဆက်လုပ်နေကြတာ ရှိပါတယ်။ ဒါကိုတော့ ခွင့်မလွှတ်နိုင်တော့ပါ။

ပါတီဗဟိုကို တင်ပြနိုင်တဲ့လမ်းလည်း ရှိတယ်။ ဒါပေမဲ့ မတင်ပြဘဲ တကိုယ်တော် အာဘော်လွှင့်နေတာဟာ သဘောရိုး မဟုတ်ပါဘူး။ DC ကို တမင်ချိုးဖောက်နေတာလို့ သတ်မှတ်ရမှာပါ။ ဒီကိုသိန်းဖေ (မြင့်) လုပ်နည်းကို ခွင့်ပြုထားရင် တနေ့မှာ ပါတီကို အန္တရာယ်ပေးလာပါလိမ့်မယ်။ ကိုသိန်းဖေ (မြင့်) ဟာ ပါတီတွင်းဒီမိုကရေစီကို အပြည့်အဝကျင့်သုံးခွင့်ရခဲ့ပါတယ်။ မိမိတကိုယ်တော် သဘောထားနဲ့လမ်းစဉ်ကို အပြင်မှာ ထုတ်ပြန်လို့ အရေးယူခံခဲ့ရတာ ဖြစ်တယ်။ ကွဲလွဲတဲ့ သဘောထားနဲ့ လမ်းစဉ်ရှိလို့ အရေးယူခံရတာ မဟုတ်ပါဘူး။

သခင်စိုးက ပြောင်ခဲ့ထွက်တယ်။ ကိုသိန်းဖေ (မြင့်) က ပြောင်ခဲ့မထွက်ဘဲ ကွဲလွဲတဲ့ သဘောထားလမ်းစဉ်ကို အပြင်သို့ တမင်ထုတ်ပြန်တာ ဖြစ်ပါတယ်။ ဒီလုပ်နည်းကို ပါတီက သည်းခံနေရင် ပါတီပျက်မှာပဲ။ အစုအဖွဲ့ကလေးတွေကို စုစည်းပြီး (၁၉၃၉) တုန်းက ပါတီထောင်ခဲ့ရတာပဲ။ အသက်ကြီးမှ အစုအဖွဲ့ကလေးတွေပေါ်ရင် ပါတီပျက်မှာပဲ။

<u>ဒုတိယအမျိုးအစား။</u> တကိုယ်တော် လစ်ဘရယ်ဝါဒ လွတ်လွတ်လပ်လပ်ကျင့်သုံးနိုင်ဖို့ တမင်တကာ ပါတီနဲ့ ရေရှည်ကင်းကွာအောင်နေတာ ဖြစ်တယ်။ ပါတီဝင်တဦးဟာ ခိုင်လုံတဲ့ အကြောင်းအချက်မရှိဘဲ ပါတီနဲ့ (၆) လကျော် ကင်းကွာနေရင် အလို

အလျောက် နုတ်ထွက်ပြီးဖြစ်တယ်လို့ သဘောထားရမယ်ဆိုတာကို ပုဒ်မ (၁၃) မှာ ရေးထားပါတယ်။

ဆန္ဒရှိရင် မြောက်ဝင်ရိုးစွန်းမှာ နေနေ အခုခေတ်မှာ ဗဟိုနဲ့ အဆက်မပြတ်နိုင်ပါဘူး။ တမင်ကင်းကွာနေချင်လို့သာ လစ်ဘရယ်ဝါဒ လုပ်ချင်လို့သာ မဆက်သွယ်ဘဲ နေတာပါ။ သူတို့ကို နုတ်ထွက်ခိုင်းရမှာပါ။ မနုတ်ထွက်လည်း စာရင်းက ပယ်ဖျက်ရတော့မှာပဲ။ တပ်ပျက်နဲ့ တော်လှန်ရေးလုပ်လို့ မရလို့ပါ။

ရှေ့မှာ ကြမ်းတမ်းခက်ခဲတဲ့ ခရီးကို ပါတီက လှမ်းရတော့မှာ သေချာပါတယ်။ တချို့က NLD မရှိရင် တို့ 'တတိယလိုင်းသမားတွေ' တွင်ကျယ်တော့မယ်လို့ ထင်ယောင်မှားကြတယ်။ သူတို့အပါအဝင် တပြည်လုံး စစ်ကျွန်ဖြစ်မှာကို သူတို့မသိကြပါဘူး။

ဒါကြောင့်ပဲ ပါတီက DC ကို ကြံ့ခိုင်အောင် လုပ်ရပါတော့မယ်။ အတွေးတူ ခြေလှမ်းတူ တညီတည်း လှမ်းနိုင်ကြမှ ပါတီတည်တံ့မယ်။ ပါတီခိုင်မြဲမယ်။ ရန်တကာကို ရင်ဆိုင်နိုင်မယ်။

စစ်အာဏာရှင်စနစ်ကို လစ်ဘရယ်ဝါဒနဲ့ တိုက်ဖျက်လို့ မရဘူးဆိုတာ ရှင်းနေပါပြီ။

(ကြုံလို့ ပြောစရာတခု။ မာ့က်စ်ဝါဒ လိုလားသူ ပါတီပက မာ့က်စ်ဝါဒီတွေက သူတို့သဘောထားနဲ့ အမြင်ကို လွတ်လွတ်လပ်လပ် ပြောကြရေးကြပါတယ်။ ဒါဟာ ပြဿနာမဟုတ်ပါဘူး။ DC က ပါတီဝင်တွေအတွက်သာ ရှိတာပါ။ ဒါကြောင့်ပဲ ပါတီလိုလားသူတယောက် မာ့က်စ်ဝါဒကို စွန့်ပယ်သွားရင် ပါတီက 'သစ္စာဖောက်' လို့ မသတ်မှတ်ပါဘူး။ သူက ပါတီနဲ့ တူချင်တူနိုင်တယ်။ ခွဲချင်ခွဲနိုင်ပါတယ်။

ပါတီဝင်ထားသူကတော့ ကိုယ့်သိက္ခာ ကိုယ်လေးစားရင် နုတ်ထွက်ရမှာပါ။ ဂျပန်တော်လှန်ရေးပြီးခါစနဲ့ ပြည်တွင်းစစ်အစက ပါတီဝင်တွေ နုတ်ထွက်သွားကြတာ မနည်းပါဘူး။ သူတို့ကို ပါတီစည်းကမ်းနဲ့ မကိုင်နိုင်ပါဘူး။ တူချင်တဲ့အခါ တူမယ်။ ကွဲချင်တဲ့အခါ ကွဲမယ်။ သူတို့ လွတ်လပ်ပါတယ်။ ရန်သူ့လူ ဖြစ်မသွားသမျှ ပါတီက ဘာမှပြောမှာ မဟုတ်ပါဘူး။

ပါတီဖွဲ့စည်းထားတာကိုက အတွေးတူ၊ အမြင်တူ၊ ခြေလှမ်းတူ သူတွေကို တညီတညွတ်တည်း စုစည်းနိုင်ဖို့ပဲ။ တညီတညွတ်တည်း တိုက်ပွဲဝင်ဖို့ပဲ။)

'လိုလားသူများ' ပြဿနာ။

မာ့က်စ်ဝါဒကို လိုလားသူ၊ ဗကပ ကို လိုလားသူဆိုပြီး (၂) မျိုး ရှိပါတယ်။ မာ့က်စ်ဝါဒကို လိုလားသူမှာလည်း သူတို့ကြိုက်တဲ့အပိုင်းပဲ ကွက်ပြီး လိုလားတာ ရှိတယ်။ မာ့က်စ်ဝါဒရဲ့ အစိတ်အပိုင်းကြီး (၃) ခုမှာ (၁) ခုပဲလိုလားတာ၊ (၂) ခုလိုလားတာလည်း ရှိမှာပါ။ (၃) ပိုင်းစလုံးကို လက်ခံဦးတော့ အဓိပ္ပာယ်ဖွင့်တာကလည်း အမျိုးမျိုးရှိမှာပါ။ အဲဒီလိုပါပဲ ဗကပ ကိုလည်း လိုလားပုံ အမျိုးမျိုး ရှိနေတာပဲ။ ဗကပ ရဲ့ လုပ်ငန်းစဉ်၊ လမ်းစဉ်ကို လိုလားဦးတော့ လုပ်ဟန်မလိုလားတာမျိုးလည်း ရှိချင်ရှိမှာပါ။

ကွန်မြူနစ်ပါတီဝင်တိုင်း မာ့က်စ်ဝါဒီတွေဖြစ်တယ်။ ဒါပေမဲ့ မာ့က်စ်ဝါဒီတိုင်း ကွန်မြူနစ်မဖြစ်နိုင်ဘူး။ DC ကိုနာခံရင် ပုဂ္ဂလိကလွတ်လပ်ခွင့်ကို တင်းပြည့်ကျပ်ပြည့် မသုံးနိုင်ဘူး။ ဗဟိုကို နာခံရတယ်။ အများစုရဲ့ဆုံးဖြတ်ချက်ကို လိုက်နာရတယ်။ တဦးချင်း လွတ်လွတ်လပ်လပ် ရေးမယ်၊ ပြောမယ်ဆိုတဲ့ ဆန္ဒရှိသူဟာ ကွန်မြူနစ်ပါတီကိုဝင်လို့ မဖြစ်ပါဘူး။ ဂျပန်ခေတ်မှာ ဖက်ဆစ်ဆန့်ကျင်ရေးလမ်းစဉ်ကိုကြိုက်လို့ ပါတီထဲ ဝင်လာသူတွေ မနည်းပါဘူး။ ဒါပေမဲ့ ဖက်ဆစ်တော်လှန်ရေးပြီးတော့ အတော်များများ ပါတီက နုတ်ထွက်ကြတယ်။ ပါတီပမှာ ပါတီလိုလားသူ အဖြစ်ပဲ နေကြတယ်။ အဲဒီလိုပဲ တသက်လုံး နေသွားသူတွေ တပုံကြီးပဲ။ တချို့ကျတော့ ပါတီထဲ လုံးဝမဝင်ဘူး။ ဒါပေမဲ့ သေသည်အထိ ပါတီလိုလားသူအဖြစ် နေသွားတာပဲ။

'လိုလားသူ' တွေဟာ လွတ်လွတ်လပ်လပ်တွေးတယ်၊ ရေးတယ်၊ ပြောတယ်။ ဒါကလည်း မကောင်းတာ မဟုတ်ဘူး။ ပါတီထဲကရဲဘော် မမြင်နိုင်တာကို သူတို့မြင်နိုင်တယ်။ ဒါကို ပါတီက 'ဝေဖန်ရေးလုပ်တာ' လို့ပဲ သဘောထားရလိမ့်မယ်။

ကြုံတုန်းမှာ ပြောစရာတခု ရှိတယ်။ (၁၉၆၆ – ၁၉၇၅) ကာလပိုင်းက ပါတီက ဖြုတ်ထုတ်သတ်ရောဂါ ငန်းဖမ်းနေတုန်းက ပါတီလိုလားသူတွေကို ထိုးနှက်တိုက်ခိုက်ဝေဖန်တာကို လက်လွတ်စပယ် လုပ်ကြတာ ရှိတယ်။ ဒါက မဆန်းပါဘူး။ ပါတီဗဟိုကိုယ်တိုင်က ပါတီထဲက ခေါင်းဆောင်တွေကို သုတ်သင်နေချိန်ပဲ။ 'မိုးကြိုးမုန်တိုင်း' ဆိုတဲ့ စာအုပ်ကလေးဟာ ငန်းဖမ်းတုန်းက ပေါ်တာပဲ။ အရှေ့မြောက်ဗဟိုဌာနခွဲက မရဲတရဲပဲ တားဆီးခဲ့ရတာပါ။ ဘာကြောင့်လဲဆိုတော့ ရန်ကုန် U/G လုပ်ငန်းကို ဗဟိုဌာနချုပ်ကပဲ ကိုင်နေလို့ပါ။ မန္တလေး U/G ကိုတော့ အရှေ့မြောက်ဌာနခွဲက ကိုင်တာဖြစ်လို့ ရဲရဲပဲ ဒါမျိုးမလုပ်နဲ့၊ လုပ်ရင်မှားတယ်လို့ ညွှန်ကြားနိုင်တာပဲ။

ပါတီက လမ်းစဉ်မှားနေရင် ပါတီပြင်ပက အမှားကို ကြိုပြီးမြင်တတ်ပါတယ်။ ၂ နှစ်အတွင်း စစ်နိုင်ရေး မှားနေတာရော၊ 'ဖထသ' မှားနေတာရော ပြင်ပက ပုဂ္ဂိုလ်တွေက ကြိုပြီးမြင်ခဲ့ကြတယ်။ သူတို့က လွတ်လွတ်လပ်လပ်တွေး၊ လွတ်လွတ်လပ်လပ်ရေးနိုင်ကြလို့ပဲ။ ဒါကြောင့်ပါတီပမှာ လိုလားသူတွေ များများ ရှိတာကို ကြိုဆိုရမယ်။ လိုလားသူတွေရဲ့ အသံကို နားစွင့်ရမယ်။

ဟိုတုန်းက လုပ်ဟန်တွေကို ပြင်ရမယ်။ ဟိုတုန်းက ပါတီဟာ 'မော်ကွန်းဝါဒအာဏာပိုင် တရားသူကြီး' လို ကျင့်ခဲ့တယ်။ လုပ်လည်း လုပ်ခဲ့တယ်။ အဲဒါ မှားတယ်။ ပြင်ရပါမယ်။

(၄) DC ပျက်ပြားစေတဲ့ အကြောင်းတရား (၂) ခု။

DC ကို ပျက်ပြားစေတဲ့ အကြောင်းကို အောက်ခြေကသာ လုပ်နိုင်တာ မဟုတ်ဘူး။ ဗဟိုက ပါတီဝင် အခွင့်အရေး (၆) ချက်ကို ဖောက်ဖျက်ရင် ဗဟိုက DC ကို ချိုးဖောက်တာပဲ။ DC ကို ပျက်ပြားစေတာပဲ။

ပါတီဗဟိုကို အခွင့်အာဏာတွေ အများကြီး ပေးထားတာပဲ။ ပါတီတခုလုံး ဗဟိုကို နာခံရမယ်လို့ တောင် ရေးထားတာပါ။ ပါတီဝင်တွေကို အခွင့်အရေး (ဒီမိုကရေစီ) မပေးဘဲ ဗဟိုချုပ်ကိုင်မှုကိုချည်းလုပ်ရင် ပါတီဗဟိုကို အာခံတာတွေ မုချဖြစ်မှာပဲ။ မင်းမဲ့ဝါဒ ပေါ်မှာပဲ။ လစ်ဘရယ်ဝါဒ ပေါ်မှာပဲ။ တားမရပါဘူး။

ပါတီဗဟိုက လမ်းစဉ်အမှားကျူးလွန်မိရင် နိဂုံးချုပ်ချက်လုပ်ပြီး တပါတီလုံးကို တင်ပြရမယ်။ ဝေဖန်မှုကို ခံရမယ်။ '၂ နှစ်အတွင်း စစ်နိုင်ရေး' အမှားကျူးလွန်တုန်းက ဗဟိုက 'နိဂုံးချုပ်ချက်' မလုပ်ခဲ့တာဟာ ကြီးလေးတဲ့ အမှားပဲ။ အဲဒီကာလကတည်းက ပါတီတွင်းမှာ အစုအဖွဲ့တွေ ပေါ်ခဲ့တာပါ။ DC စပြီးပျက်တာ အဲဒီကာလက စပါတယ်။

ဒီမိုကရေစီ အခြေခံပေါ်မှာ မတည်ဆောက်တဲ့ ဗဟိုချုပ်ကိုင်မှုဟာ ဗျူရိုကရေစီဝါဒပဲ။ ဗဟိုချုပ်ကိုင်မှုကို တဖက်သတ်ကျင့်သုံးရင် အောက်ခြေမှာ လစ်ဘရယ်ဝါဒ၊ မင်းမဲ့ဝါဒ ပေါ်မှာပဲ။

ဗဟိုက အချိန်မှန်အစီရင်ခံစာ တင်ရမယ်။ ဗဟိုက ဘာတွေးနေတယ်၊ ဘာလုပ်နေတယ်၊ ဘယ်လိုအစီအစဉ်ရှိတယ်ဆိုတာကို တင်ပြနေမှ အောက်ခြေက ဝေဖန်နိုင်မယ်။ အကြံပေးနိုင်မယ်။ ပြုပြင်စရာရှိရင် အချိန်မီ ပြုပြင်နိုင်မယ်။ ဗဟိုက 'နတ်မျက်စိ' ရထားတာ မဟုတ်ဘူး။ မှားနိုင်တယ်။ မှားနေတာကို အောက်ခြေက မြင်လွယ်တယ်။ ဒီမိုကရေစီပေးထားမှ ဗဟိုကို ရဲရဲတင်ပြကြမှာပဲ။

ဗဟိုကို နာခံရေးပဲပြောပြီး ဒီမိုကရေစီမပေးရင် ကိုယ့်ခြေထောက်ကို ကိုယ်ရိုက်ချိုးတာပဲ ဖြစ်မယ်။ ၂ နှစ်အတွင်း စစ်နိုင်ရေးကာလက လယ်ဝေးမြို့သိမ်းတိုက်ပွဲ အကြိမ်ကြိမ်တိုက်တယ်။ အကြိမ်ကြိမ် နာခဲ့တယ်။ နောက်ဆုံး လယ်ဝေးမြို့တိုက်ပွဲ တိုက်ခိုင်းတော့ တပ်ရင်းမှူးတယောက်က ဒီတိုက်ပွဲမှာ သူမှုချကျဆုံးမှာပဲ။ ကျည်ဆန် မရှိတဲ့ တပ်ကို ဝါးလုံ့ချွန်ထိုးတိုက်ပွဲ သူဦးစီးရမယ်။ သူကျဆုံးရင် သူ့အိမ်ကို ပေးလိုက်ဖို့ဆိုပြီး ဆင်မြီးလက်စွပ်ကလေးချွတ်ပြီး ပေးခဲ့ဖူးတယ်။ သူကျဆုံးပါတယ်။ သူ့ဆန္ဒဖြည့်ပေးခဲ့ရပါတယ်။

အထက်ဗမာပြည်မှာတော့ တံတားဦးနဲ့နွားထိုးကြီးကို အကြိမ်ကြိမ်တိုက်ခိုင်းတယ်။ စစ်ရေးလမ်းစဉ် မှားနေပြီဆိုတာကို ဗဟိုက အပြောမခံဘူး။

ဒါဟာ ဗဟိုက DC ကို ချိုးဖောက်တာရဲ့ သာဓကတခုပဲ ဖြစ်တယ်။

၁၉၅၄ လောက်ကစပြီး ပါတီမှာ ကွန်ဂရက်၊ ကွန်ဖရင့် မခေါ်နိုင်ခဲ့ဘူး။ ကိစ္စမရှိပါဘူး။ အခြေအနေမပေးရင် မခေါ်ဘဲ နေနိုင်တယ်။ ဒါပေမဲ့ ဒီမိုကရေစီကို ကျယ်ကျယ်ဖွင့်ပေးထားရမှာပါ။ A/S ကာလမှာ ကျယ်ပြန့်တည်ငြိမ်တဲ့ အခြေခံဒေသရှိမှ ကွန်ဂရက်/ကွန်ဖရင့် ခေါ်နိုင်မှာပဲ။ နားလည်နိုင်ပါတယ်။ "၂ နှစ်အတွင်း စစ်နိုင်ရေး" ပြီးကတည်းက ပါတီမှာ တည်ငြိမ်တဲ့အခြေခံဒေသ မရှိတော့ပါဘူး။ ကွန်ဂရက်/ကွန်ဖရင့်ခေါ်ဖို့ မဖြစ်နိုင်တော့ပါဘူး။ ဒါပေမဲ့ ဒီမိုကရေစီ အခြေခံကို ဖွင့်ပေးလို့ရပါတယ်။ ဘယ်အခါမဆို ဘယ်အခြေအနေမှာမဆို ရပါတယ်။ အောက်ခြေက ဒီမိုကရေစီကို ကျင့်သုံးပြီး စစ်တမ်းတွေ (ပုဂ္ဂလိကတင်ပြချက်တွေ) ရေးတင်ခဲ့ပါတယ်။ DC ရဲ့ ဘောင်ထဲကဖြစ်လို့ရှိရင် ပြဿနာ မရှိပါဘူး။ တချို့ကတော့ လက်နက်ချပြီး ရန်သူဆီ စစ်တမ်းရေးတင်ပြပါတယ်။ ဒါကတော့ DC ကို ချိုးဖောက်တာ သာမက သစ္စာဖောက်တာပါ။ 'ချမ်းအေး စစ်တမ်း' – တင်မြရဲ့ 'ဘုံဘဝ' 'အောင်သူ – စိန်ဝင်း မသုံးလုံးစစ်တမ်း' တို့ဟာ သစ္စာဖောက်တာပါ။

ချမ်းအေး၊ တင်မြတို့ရဲ့ စာတမ်းတွေကို ရန်သူက အကျယ်အပြန့်ဖြန့်ပေးပါတယ်။ 'အောင်သူ – စိန်ဝင်းစစ်တမ်း' ကိုတော့ ဖြန့်မပေးပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ မကြိုက်တဲ့ စာပိုဒ်တွေ ပါနေလို့ပါ။ စာအုပ်စာတမ်း ထုတ်ဝေတာ မလုပ်ပေမယ့် ဗကပ အထက်ဗမာပြည်နဲ့ နီးစပ်တဲ့ ရှမ်းပြည်နယ်မှာတော့ လက်သိပ်ထိုးဖြန့်ပါတယ်။ ရန်သူက ထိုးစစ်ဆင်လာပြီး ထိုးစစ် စစ်ကြောင်းကို ဦးစီးလာတဲ့ စစ်ဗိုလ်က ဗကပ ရှမ်းပြည်နယ်ကော်မတီတွေဆီကိုပေးဖို့ စာအိတ်အလုံပိတ်ပြီး ရွာသူကြီးတဦးဆီမှာ ထားခဲ့ပါတယ်။ ဘယ်သူဘယ်ဝါကိုတွေ့ရင် ပေးလိုက်ပါဆိုပြီး ထားခဲ့ပါတယ်။ အဲဒီ 'အောင်သူ – စိန်ဝင်း စစ်တမ်း' မှာက ဗဟိုရဲ့ လမ်းစဉ်မှားလို့ သူတို့က တတိုင်းလုံးကို ညွှန်ကြားပြီး လက်နက်ချတာ ဖြစ်တယ်။ ပါတီက သူတို့ကို အရေးယူမှာပဲ။ တတိယကွန်ဂရက်ကျရင် အယူခံမယ်ဆိုတဲ့ စာပိုဒ်ပါနေတယ်။ ဗကပ နဲ့ သံယောဇဉ် မပြတ်တဲ့ပုံစံ ဖြစ်နေတယ်။ (တတိယကွန်ဂရက် (၁၉၈၅) မှာ ကျင်းပခါနီးမှာ အောင်သူ – စိန်ဝင်းတို့ကို အယူခံကြဦးမလား။ အယူခံစာတမ်း

တင်နိုင်တယ်လို့ အကြောင်းကြားခဲ့တယ်။ စိန်ဝင်းက သူမှားပါတယ်။ သေမှာကြောက်လို့ လက်နက်ချတာပါ။ အပစ်ပေးတာကို အယူမခံတော့ပါဘူးလို့ အကြောင်းပြန်လာတယ်။)

'ပါတီတွင်းတော်လှန်ရေး' လို့ခေါ်တဲ့ (ဖြုတ်ထုတ်သတ်) ကတော့ ဗဟိုကိုယ်တိုင်က အသိရှိရှိနဲ့ ဒီမိုကရေစီကိုရော၊ ဗဟိုချုပ်ကိုင်မှုကိုပါ ချိုးဖောက်ပစ်လိုက်တာပဲ။ တရုတ်ပါတီရဲ့ အကူအညီရလို့ အရှေ့မြောက်ဒေသကို ထူထောင်ထားနိုင်လိုက်လို့သာ တပါတီလုံး ကျေပျက်မသွားတာ ဖြစ်ပါတယ်။ (အဲဒီကိစ္စ ဆောင်းပါးသတ်သတ် ရေးထားပါတယ်။) ဗဟိုက DC ချိုးဖောက်ရင် ပိုပြီးအထိနာလေ့ရှိတယ်။ တပါတီလုံးကို ထိခိုက်လို့ပါ။

<u>ဒုတိယအကြောင်းတရားက</u> အောက်ခြေက ချိုးဖောက်တာပဲ။ အောက်ခြေက ချိုးဖောက်ရင် ကြိတ်ဝိုင်းနဲ့ စတယ်။ အစုကလေးတွေ ဖြစ်လာတယ်။ ကြာရင် 'မသုံးလုံး' လို ဂိုဏ်းတခု ဖြစ်လာတတ်ပါတယ်။ အစုကလေးဖြစ်ဖြစ်၊ ဂိုဏ်းဖြစ်ဖြစ် A/S ကာလမှာတော့ လက်နက်ချတာနဲ့ နိဂုံးချုပ်သွားလေ့ ရှိပါတယ်။ စင်ပြိုင်ဗဟို ထူထောင်နိုင်တဲ့ အခြေအနေ မရှိပါဘူး။

အောက်ခြေက ချိုးဖောက်တဲ့ အဖြစ်အပျက်တွေကတော့ များလှပါတယ်။ ပါတီဗဟိုက လမ်းစဉ်မှားနေရင် များများပေါ်ပါတယ်။ ဒေသအလိုက်ပဲ ပေါ်နိုင်ပါတယ်။ ကြာကြာလည်း မခံပါဘူး။ A/S ကာလမှာဖြစ်လို့ ရန်သူက သိမ်းသွင်းတာ ခံကြရပါတယ်။

၁၉၈၉ ရဲ့ ဒီဘက်ပိုင်း U/G ကာလမှာတော့ ၈၈/ လွန် နိုင်ငံရေး အခင်းအကျင်းကြောင့် DC ချိုးဖောက်တဲ့ အစုအဖွဲ့ကလေးတွေဟာ ရေရှည်ရပ်တည်နိုင်ချေ ရှိပါတယ်။ A/S ကာလလို ပြတ်သားတဲ့ ရန်/ငါ စည်း ကြောင်း မရှိလို့ပါ။ နိုင်ငံခြားရောက် အတိုက်အခံတွေကလည်း များလို့ပါ။ စစ်အေးခေတ် နိုင်ငံတကာ့အခြေအနေ မဟုတ်တာကလည်း အကြောင်းတကြောင်း ဖြစ်တယ်လို့ ထင်ပါတယ်။ အဖွဲ့အစည်းတွေ ဗဟိုတွေကလည်း များလှပါတယ်။ IT ခေတ်လည်းဖြစ်လို့ ဘယ်လောက်ပဲ လူနည်းပါစေ အသံကျယ်ကျယ်တော့ ပေးနိုင်ပါတယ်။ ကွန်ပျူတာတလုံးရှိပြီး အင်တာနက်ဆက် ထားနိုင်ရင် အာဘော် ဖန်တီးနိုင်ပါတယ်။ စစ်အေးလွန်နိုင်ငံတကာ့ အခင်းအကျင်းလည်း ဖြစ်ပြန်၊ စစ်အစိုးရကလည်း အထီးကျန်ဆုံးအစိုးရ ဖြစ်နေလို့ ကမ္ဘာ့မီဒီယာတွေက ဗမာပြည်အရေး စိတ်ဝင်စားကြပါတယ်။ ကြာလာတော့ ဗမာပြည်နိုင်ငံရေးက 'မီဒီယာနိုင်ငံရေး' လို ဖြစ်နေပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ဗဟိုကရော၊ အောက်ခြေကပါ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုကို ထိန်းသိမ်းကြဖို့ အရေးကြီးပါတယ်။

(၅) <u>ပါတီရဲ့ ဗဟိုခေါင်းဆောင်မှုအဖွဲ့ စဉ်ဆက်မပြတ်ရေး။</u>

ပါတီရဲ့ နှစ် '၇၀' ခရီးမှာ ဗဟိုခေါင်းဆောင်မှု စဉ်ဆက်မပြတ်ခဲ့တာဟာ 'ဗကပ' ရဲ့ အားသာချက် ဖြစ်ပါတယ်။ A/S ပျက်ပေမယ့် ပါတီပျက်မသွားတာ ဒါကြောင့်ပါပဲ။ ဒီအစဉ်အလာကို ထိန်းသိမ်းကြရပါမယ်။

၂၀၁၀ လွန်ကာလ ဗမာပြည် နိုင်ငံရေး အခင်းအကျင်းအတွက် ကြိုတင်ပြင်ဆင်ကြရပါမယ်။ အတွေးအခေါ်အရ ပြင်တာရော၊ စည်းရုံးရေးအရပြင်တာပါ လုပ်ကြရပါမယ်။ U/G ပါတီအဖြစ် ရေရှည်ရပ်တည်နေရမယ့်အလားအလာအတွက် ပြင်ထားသလို၊ A/S ပါတီအဖြစ် ကူးပြောင်းဖို့လည်း ပြင်ထားရပါမယ်။ A/S ပါတီဖြစ်ရင် ခေါင်းဆောင်မှုအဖွဲ့က နုပျိုနေရပါမယ်။ (ဖက်ဆစ်တော်လှန်ရေး A/S တုန်းက ခေါင်းဆောင်တွေက အသက် ၂၀ ပတ်ဝန်းကျင်တွေပါ။ PDR ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး A/S လုပ်တုန်းကလည်း အသက်အကြီးဆုံးက (၃၀) ပတ်ဝန်းကျင်ပဲ။) အိုမင်းမစွမ်းသူတွေ ခေါင်းဆောင်လို့ မရပါဘူး။

(၆) <u>ပြည်တွင်းရေးကိုဇောင်းပေး – ပြည်တွင်းမှာဇောက်ချ</u>

ရုရှတော်လှန်ရေးဖြစ်တော့ လီနင် ပြည်တွင်းကို ဖြစ်တဲ့နည်းနဲ့ ပြန်ဝင်ပါတယ်။ တရုတ်တော်လှန်ရေးမှာ မော်စီတုန်း ပြည်ပကို မထွက်ပါဘူး။ ကျွန်တော်တို့ ဗဟိုလည်း ဒီလိုပါပဲ။ ပြည်တွင်းမှာပဲ ဇောက်ချပြီး တော်လှန်ရေးကို ရှေ့ဆောင်သွားတာ ဖြစ်ပါတယ်။ ဒီအစဉ်အလာကို မြဲမြဲမြံမြံထိန်းသိမ်းကြရပါမယ်။ ။

**ကျွန်တော်တို့ ဗဟိုလည်း ဒီလိုပါပဲ။ ပြည်တွင်းမှာပဲ ဇောက်ချပြီး တော်လှန်ရေးကို ရှေ့ဆောင်သွားတာ ဖြစ်ပါတယ်။ ဒီအစဉ်အလာကို မြဲမြဲမြံမြံထိန်းသိမ်းကြရပါမယ်။**

# ဒီမိုကရေစီဗဟိုချုပ်ကိုင်မှု

## (ပါတီဝင်များသို့ တိုက်ရိုက်တင်ပြချက်)

ပါတီရဲ့အသက် နှစ် (၇၀) ပြည့်ခဲ့ပြီ။ ဗမာပြည်နိုင်ငံရေးလောကမှာ ဒီလို သက်တမ်းရှည်တဲ့ နိုင်ငံရေးပါတီမျိုး မရှိခဲ့ဖူးဘူး။ ပါတီဟာ (၃) နှစ် နီးပါးပဲ တရားဝင်ပါတီအဖြစ်နဲ့ ဥပဒေတွင်းမှာ နေခဲ့ရဖူးတယ်။ (၆၇) နှစ်ကတော့ လက်နက်ကိုင်တိုက်ပွဲ (A/S) တိုက်နေတဲ့ ပါတီဘဝနဲ့ မြေအောက် (U/G) ပါတီဘဝနဲ့ပဲ ရပ်တည်ခဲ့ရတာ ဖြစ်တယ်။ ဒီလိုရပ်တည်နိုင်တာဟာ ပါတီမှာ တိကျတဲ့ လုပ်ငန်းစဉ်ရှိလို့၊ တိကျတဲ့ စည်းမျဉ်းဥပဒေရှိလို့ပဲ ဖြစ်တယ်။

ဗမာပြည်ကွန်မြူနစ် ပါတီဟာ ဗမာပြည်မှာ ပေါ်ပေါက်လာခဲ့တဲ့ နိုင်ငံရေးပါတီအမြောက်အမြားထဲက နိုင်ငံရေးပါတီတခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ထူးခြားချက်ကတော့ ပစ္စည်းမဲ့လူတန်းစားရဲ့ တပ်ဦးအခန်းကပါတဲ့ နိုင်ငံရေးပါတီတခု ဖြစ်တာရယ်၊ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို လမ်းညွှန်သဘောတရားအဖြစ်ခံယူကာ ဗမာပြည်လက်တွေ့မှာ အကောင်အထည်ဖော်တာရယ်၊ အဲဒီအကောင်အထည်ဖော်မှုအရ အထွေထွေ လုပ်ငန်းစဉ်ကို ချမှတ်နိုင်တာရယ်၊ ပါတီ အဆောက်အအုံကို အခိုင်အမာဖွဲ့စည်း တည်ဆောက်ပြီး လုပ်ငန်းလည်ပတ်လှုပ်ရှားစေနိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံကို ချမှတ်နိုင်တာရယ်၊ လိုအပ်တဲ့ပေါ်လစီအရပ်ရပ်ကို အခြေအနေနဲ့အညီ ချမှတ်နိုင်တာရယ် စတာတွေပဲ ဖြစ်ပါတယ်။

ဒီလိုထူးခြားတဲ့ နိုင်ငံရေးပါတီ ဖြစ်တာကြောင့် ဗမာပြည်နိုင်ငံရေးလောက၊ ကမ္ဘာ့နိုင်ငံရေးလောကမှာ ခရီးကြမ်းအမျိုးမျိုး မုန်တိုင်းအဖုံဖုံ၊ အခက်အခဲအသွယ်သွယ်ကို ရင်ဆိုင်တွေ့ကြုံခံစား ကျော်ဖြတ်ခရီးနှင်နိုင်တာပဲ ဖြစ်ပါတယ်။ ဒီကမ္ဘာ့နိုင်ငံရေးလောက၊ ဗမာ့နိုင်ငံရေးလောက ပင်လယ်ကြီးမှာ ကူးခတ်ရင်း နစ်မြုပ်ပျောက်ကွယ်သွားတဲ့ နိုင်ငံရေးပါတီအများအပြား ဗမာပြည်မှာ ရှိပါတယ်။ တချို့ တဒင်္ဂပဲပေါ်ပြီး ပျောက်ကွယ်သွားပါတယ်။ တချို့နိုင်ငံရေး အာဏာရပါတီ ဖြစ်ရာကနေ နှစ်ဆယ်အချို့မှာပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ စတင်ထူထောင်တဲ့ ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ကစပြီး ကနေ့အထိ အာဏာရပါတီအဖြစ် တခါမှ ရပ်တည်လှုပ်ရှားခွင့်မရှိပေမယ့် နိုင်ငံရေးလောကထဲမှာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ယနေ့အထိ ပါဝင်နေနိုင်ပါတယ်။ အနာဂတ်ကို ယုံကြည်မှုအပြည့်နဲ့ ခရီးနှင်နေဆဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ငြိမ်းချမ်းသာယာပြီး ခြေမွေးမီးမလောင် လက်မွေးမီးမလောင်တဲ့ အခြေအနေနဲ့ ဖွံ့ထွားရှင်သန်ခဲ့ရတာ မဟုတ်ပါ။ ပြင်းထန်ကြမ်းတမ်းလှတဲ့ တိုက်ပွဲအသွယ်သွယ်ကို ဆင်နွှဲရင်း ရှင်သန်လာရတဲ့ပါတီ ဖြစ်ပါတယ်။ သေလုမျောပါးအခြေအနေမျိုးနဲ့လည်း ရင်ဆိုင်ခဲ့ရပါတယ်။ ဆုံးရှုံးမှုအမျိုးမျိုး၊ ထိခိုက်နစ်နာမှုအသွယ်သွယ်ကိုလည်း ကြုံတွေ့ခဲ့ရတဲ့ပါတီ ဖြစ်ပါတယ်။ ဒါပေမဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပျောက်ပျက် မသွားခဲ့ပါ။ အကြောင်းကတော့ ပါတီမှာ ပြည်သူလူထုအကျိုးစီးပွား ကလွဲပြီး ပါတီရဲ့ သီးခြားအကျိုးစီးပွားဘာမှမရှိဘူးလို့ ယုံကြည်တဲ့ ပါတီဝင်တွေ၊ ပြည်သူလူထုသာ သမိုင်းဖန်တီးသူ ဖြစ်တယ်လို့ ပြည်သူကို အကြွင်းမဲ့ ယုံကြည်တဲ့ ပါတီဝင်တွေနဲ့ ဖွဲ့စည်းထားတဲ့ပါတီ ဖြစ်လို့ပဲ။ ဒီလို ပါတီဝင်တွေက မျိုးဆက်တဆက်ပြီးတဆက် လက်ဆင့်ကမ်း

တာကြောင့် ပါတီဟာ အမြဲတမ်း လန်းဆန်းတက်ကြွနေတာ ဖြစ်ပါတယ်။ ပါတီဟာ နစ်နာဆုံးရှုံးမှုကြီးတွေနဲ့ ရင်ဆိုင်ရပြီး အင်အားသေးကြို့သွားသည်ဖြစ်စေ၊ သေလုမျောပါးအခြေအနေမှာဖြစ်စေ၊ အောင်ပွဲတွေနဲ့ အင်အားကြီးထွားနေတဲ့အခြေအနေမှာဖြစ်စေ သူ့ရဲ့ လန်းဆန်းတက်ကြွတဲ့ ပါတီတွင်းဘဝကို ထိန်းသိမ်းနိုင်ပါတယ်။

ပါတီမှာ ဘယ်အခြေအနေမှာမဆို ရန်သူနဲ့ ရင်ဆိုင်ရတဲ့တိုက်ပွဲနဲ့ ပါတီတွင်းတိုက်ပွဲဆိုတဲ့ တိုက်ပွဲတွေနဲ့ မပြတ်ကြုံတွေ့ရပါတယ်။ ဒီလိုတိုက်ပွဲတွေဟာ လူတန်းစားကွဲပြားမှု ရှိနေတဲ့ လူ့အဖွဲ့အစည်း၊ လူတန်းစားတိုက်ပွဲရှိနေတဲ့ လူ့အဖွဲ့အစည်းမှာ မလွဲမသွေ ရင်ဆိုင်ရတဲ့ တိုက်ပွဲပဲ ဖြစ်ပါတယ်။ ရန်သူလူတန်းစားနဲ့ ရင်ဆိုင်ရတဲ့ တိုက်ပွဲမှာကတော့ ရန်ငါစည်းခြားပြီး တိုက်ရတဲ့ တိုက်ပွဲဖြစ်ပြီး ပါတီတွင်းတိုက်ပွဲကတော့ ပါတီဖွဲ့စည်းပုံစည်းမျဉ်းပါ စည်းမျဉ်း၊ စည်းကမ်း သဘောထားတွေအရ တိုက်ပွဲဆင်ရတာ ဖြစ်ပါတယ်။ တခွန်းထဲပြောရရင် ပါတီတွင်းတိုက်ပွဲဟာ ပါတီရဲ့ဒီမိုကရေစီနဲ့ ဗဟိုချုပ်ကိုင်မှုဆိုတဲ့မူကို မြဲမြဲဆုပ်ကိုင်ပြီး တိုက်ပွဲဆင်ရတာ ဖြစ်ပါတယ်။ အဲဒါမှ ပါတီတွင်း လန်းဆန်းတက်ကြွတဲ့ဘဝကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ ပါတီတွင်းတိုက်ပွဲကို မှန်တမ်းကျအောင် မဆင်နွှဲနိုင်တဲ့အခါမှာ ပါတီနစ်နာဆုံးရှုံးမှု ကြီးမားတတ်တာ၊ သေလုမျောပါး ဘဝအထိ ရောက်သွားတာ ကြုံတွေ့ရပါတယ်။ ပါတီတွင်းတိုက်ပွဲကို မှန်တမ်းကျအောင် မဆင်နွှဲနိုင်တဲ့အခါ လူထုက ပါတီအပေါ် စိတ်ပျက်သွားတတ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ရန်သူရဲ့ ပြင်းထန်တဲ့ ထိုးနှက်ချက်ကို မတုံ့ပြန်နိုင်တာပဲဖြစ်ဖြစ်၊ ရန်သူကို ပြင်းပြင်းထန်ထန်ထိုးနှက်ဖို့ အခွင့်အလမ်းလက်လွှတ်သွားတာမျိုးပဲ ဖြစ်ဖြစ် စတဲ့အခြေအနေမျိုးတွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ပါတီဟာ နစ်နာဆုံးရှုံးမှု ကြီးမားတတ်ပါတယ်။ ဒီအဖြစ်အပျက်မျိုး ပါတီဟာ အများအပြား ကြုံခဲ့ရဖူးတယ်။ သိသာထင်ရှားပြီး အလွန်ကြီးမားတဲ့ နစ်နာဆုံးရှုံးမှုကို ပြောရင်တော့ ၁၉၄၆ ခုနှစ်မှာ ပါတီကွဲတာ၊ ၁၉၆၇ ခုနှစ်မှာ ပါတီတွင်း တော်လှန်ရေးဆိုပြီးလုပ်တာ၊ ၁၉၈၉ ပုန်ကန်မှုဖြစ်တာတွေဟာ အသိသာအထင်ရှားဆုံးပါပဲ။

ဒီလိုကြီးမားတဲ့ နာကျင်မှုနဲ့မှ ရရှိတဲ့သင်ခန်းစာကို လက်ရှိပါတီဝင်တွေဟာ တန်ဖိုးထားတတ်ရမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ပါတီရဲ့ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုအောက်မှာ လန်းဆန်းတက်ကြွတဲ့ ပါတီတွင်းဘဝကို ဖန်တီးကြဖို့ပဲ ဖြစ်ပါတယ်။ ပါတီတွင်းတိုက်ပွဲကို ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုအရ ယုံကြည်မှုအပြည့်အဝနဲ့ တိုက်ပွဲဆင်ရင် တကယ်တန်း လန်းဆန်းတက်ကြွတဲ့ ပါတီတွင်းဘဝကို ရရှိမှာ မလွဲပါ။ ဒီလို လန်းဆန်းတက်ကြွတဲ့ ပါတီဝင်ဟာ (ကေဒါဖြစ်စေ၊ ကေဒါမဟုတ်သူ ဖြစ်စေ) ပါတီရဲ့ ပေးအပ်တဲ့ တာဝန်ကို ဦးလည်မသုန်ထမ်းဖို့ အသင့်အမြဲရှိတယ်။ ပါတီအလုပ်ကိုလည်း အမြဲလုပ်နေလေ့ရှိတယ်။ ပါတီအတွက် အသက်စွန့်ဖို့လည်း အသင့်ရှိတတ်ပါတယ်။ အဲ့ဒီလို ပါတီတွင်းတိုက်ပွဲကို မှန်တမ်းကျအောင် လုပ်တတ်ကိုင်တတ်ရင် ပါတီတွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီးသား ဖြစ်သွားမှာဖြစ်ပြီး ပွင့်လင်းတဲ့၊ ရိုးသားတဲ့၊ တက်ကြွတဲ့၊ စာနာထောက်ထားတဲ့၊ ရင်းနှီးတဲ့၊ ချစ်ခင်လေးစားတဲ့ ရဲဘော်စိတ်ဓာတ်ကို မလွဲမသွေရရှိကြမှာ ဖြစ်ပါတယ်။

ပါတီတွင်းတိုက်ပွဲကို မှန်တမ်းကျအောင် လုပ်တတ်ဖို့၊ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုကို နားလည်ဖို့၊ ရဲဘော်စိတ်ဓာတ်မွေးဖို့ဆိုရင် ပါတီဆိုတာဘာလဲ ဆိုတာကစပြီး ရှင်းရှင်းလင်းလင်း သဘောပေါက်အောင်လုပ်ရမှာ ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအရ ပါတီဝင်ရဲဘော်များနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ အဖွဲ့အစည်းအဆောက်အအုံတခု ဖြစ်ပါတယ်။ ဒါကြောင့် ပါတီဖွဲ့စည်းအုပ်ချုပ်ပုံပါ စည်းမျဉ်းစည်းကမ်းတွေကို ပါတီဝင်တိုင်းက လိုက်နာကျင့်သုံးလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ အဲဒါမှ ပါတီဟာ သက်ဝင်လှုပ်ရှားကြီးထွားကြံ့ခိုင်မှာပဲ ဖြစ်ပါတယ်။ ပါတီဝင်တိုင်းသာ ပါတီရဲ့ဖွဲ့စည်းပုံအရ လိုက်နာကျင့်သုံးတာ မလုပ်ရင် ပါတီဟာ ချုပ်ငြိမ်းပျက်စီးသွားမှာပဲ ဖြစ်ပါတယ်။

ပါတီဝင်ဟာ ဖိနှိပ်သွေးစုပ်ခံ လူတန်းစားထဲကလာသူ၊ တော်လှန်သော ပုဂ္ဂိုလ်များထဲကလာသူ ဖြစ်ရပါမယ်။ ပါတီရဲ့ အထွေထွေလုပ်ငန်းစဉ်နဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းများကို လက်ခံသူဖြစ်ရပါမယ်။ ပါတီရဲ့ အဖွဲ့အစည်း တခုခုမှာ ပါဝင်ပြီး ပါတီလုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်သူ ဖြစ်ရမယ်။ ပါတီဆုံးဖြတ်ချက်များနဲ့ စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမယ်။ ပါတီကြေးများကို ပေးဆောင်သူ ဖြစ်ရပါတယ်။ ပါတီကို တဦးချင်းဝင်ရောက်ခြင်း မူအရ ပါတီထဲ ဝင်ရောက်လာသူ ဖြစ်ရပါမယ်။ အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ရပါမယ်။

ဒီလို အရည်အချင်းရှိတဲ့ ပါတီဝင်တယောက်ဟာ တာဝန်သတ္တရား (၉) ချက်ကို မပျက်မကွက် လုပ်ဆောင်ရသလို ပါတီဝင်တယောက်ရဲ့ အခွင့်အရေး (၆) ချက်ကိုလည်း အပြည့်အဝကျင့်သုံးရပါမယ်။

ပါတီဝင်တွေဟာ (ကေဒါဖြစ်စေ၊ ကေဒါမဟုတ်သူဖြစ်စေ) မိမိရဲ့ တာဝန်ဝတ္တရား (၉) ချက်နဲ့ အခွင့်အရေး (၆) ချက်ကို လိုက်နာကျင့်ကြံလုပ်ဆောင်ရာမှာ ပါတီရဲ့ဒီမိုကရေစီဗဟိုချုပ်ကိုင်မှု

စနစ်ကို အတိအကျလိုက်နာရပါမယ်။ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ကို ပါတီဖွဲ့စည်းပုံစည်းမျဉ်းထဲမှာ အချက် (၈) ချက်နဲ့ ရှင်းပြထားပါတယ်။ ဒီအချက် (၈) ချက်ကို တကယ်တမ်း သဘောပေါက်အောင်လုပ်ပြီး အခြေအနေနဲ့အညီ ကျင့်သုံးတတ်ဖို့ အရေးကြီးပါတယ်။

ပါတီဝင်တိုင်းဟာ ပါတီရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းပါ အချက်တွေကို အခြေအနေနဲ့အညီ ကျင့်သုံးတတ်ဖို့ဆိုတာဟာ တီထွင်ဖန်တီးတတ်တဲ့စွမ်းရည်ရှိမှ ရပါတယ်။ တီထွင်ဖန်တီးတတ်တဲ့စွမ်းရည်ရရှိဖို့ ဆိုတာဟာလည်း အမြော်အမြင်ရှိမှ ဖြစ်ပြန်ပါတယ်။ အဲဒါတွေ ရရှိဖို့ဆိုရင်လည်း လေ့လာရေးကို နည်းမှန်လမ်းမှန်နဲ့ စူးစူးစိုက်စိုက် လုပ်ကိုင်ရပြန်တယ်။

ကွန်မြူနစ်ပါတီဝင်တွေဟာ လေ့လာရေးကို စူးစူးစိုက်စိုက်လည်းမလုပ်၊ နည်းမှန်လမ်းမှန် စနစ်ကျတဲ့ လေ့လာရေးမျိုးကို မလုပ်ရင် အမြော်အမြင်နည်းပါးပြီး တီထွင်ဖန်တီးမှုရှိစွာ အလုပ်မလုပ်တတ်တာကြောင့် ပါတီဖွဲ့စည်းပုံစည်းမျဉ်းပါ ကိစ္စရပ်များကို ပုံသေသဘောနဲ့ ကြည့်မြင်နားလည်တတ်တာ၊ တလွဲတချော်မှားယွင်းစွာ သိမြင်နားလည်တာ စသည်ဖြင့် ဖြစ်သွားတတ်ပါတယ်။ အဲဒါဆိုရင် ပါတီစည်းကမ်းတွေကို ချိုးဖောက်မိလျက်သား ဖြစ်သွားတတ်ပါတယ်။ အဲဒီလို ဖြစ်သွားတဲ့အခါမှာ မိမိကိုယ်ကို ဝေဖန်ရေးနဲ့ ဝေဖန်ရေးကို ရဲရဲလုပ်တတ်ဖို့ လိုပါတယ်။ အဲဒီလို မှန်မှန်ကန်ကန်လုပ်နိုင်မှ အမှားမြင်ခွင့် အမှားပြင်ခွင့်ဆိုတာဟာ အဲဒီအမှားကျူးလွန်သူအတွက် အသုံးဝင် အကျိုးရှိပါလိမ့်မယ်။ မိမိကိုယ်ကို ဝေဖန်ရေးကို ရဲရဲလုပ်ဖို့ဆိုတာဟာ အများသူငါရှေ့မှာ ကိုယ့်ကိုယ်ကို ပြန်ပြီးဝေဖန် ဝန်ချတောင်းပန်ရေးလုပ်ဖို့ ပြောတာမဟုတ်ပါ။ မိမိကိုယ်ကို မိမိပြန်ပြီး မလိမ်မညာဘဲ မိမိဘာသာ ရဲရဲပြန်ဝေဖန်တတ်တဲ့အလေ့ ချို့တဲ့သူဟာ သူတပါးကို ဝေဖန်ရေးပေးတဲ့အခါမှာ သဘောထားမမှန်တာတွေ ဖြစ်တတ်လေ့ ရှိပါတယ်။ အဲဒီလို ဖြစ်လာရင် မိမိဘာသာ စိတ်ကျဉ်းကျပ်ဖိစီးမှုကို ပြန်ခံစားရလေ့ ရှိပါတယ်။ အဆင်မပြေမှုတွေနဲ့ပဲ လုံးချာလည်နေပြီး လန်းဆန်းတက်ကြွတဲ့ ပါတီတွင်းဘဝကို လက်လွှတ်ဆုံးရှုံးသွားတတ်ပါတယ်။ ပါတီတွင်းတိုက်ပွဲကို မှန်တမ်းကျအောင် မလုပ်ဆောင်နိုင်ဘဲ နောက်ဆုံးပါတီကနေကင်းကွာသွားလေ့ ရှိပါတယ်။

ပါတီရဲ့ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ကို နားမလည်၊ ကျင့်သုံးရာမှာလည်း မှန်ကန်စွာ သဘောပေါက်နားလည်ဖို့ လိုပါတယ်။ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ပါ အချက်တွေကို အသေကြည့်ပြီး တဖက်သတ်ကျစွာ နားလည်နေရင်လည်း အမှားကျူးလွန်ဖို့ ဝန်မလေးတတ်ပါ။ ဗမာပြည်ကွန်မြူနစ်ပါတီသက်တမ်းဟာ နှစ်ပေါင်း (၇၀) ရှိပြီဖြစ်တယ်။ ဒီနှစ် (၇၀) အတွင်းမှာ ကွန်ဂရက်ကို ၃ ကြိမ်ပဲ ကျင်းပနိုင်ပါတယ်။ စတင်ဖွဲ့စည်းတဲ့ ၁၉၃၉ ခုနှစ်မှာတကြိမ်၊ ၁၉၄၅ ခုနှစ်မှာ တကြိမ်နဲ့ ၁၉၈၅ ခုနှစ်မှာ တကြိမ်စတဲ့ သုံးကြိမ်ပဲ ဖြစ်တယ်။ ဖွဲ့စည်းပုံစည်းမျဉ်းထဲမှာတော့ သာမန်အခြေအနေမှာ ကွန်ဂရက်ကို ၅ နှစ်တကြိမ် ခေါ်ဆိုရမယ်လို့ ဆိုထားပါတယ်။ ဒီလို ကွန်ဂရက်ကို ပုံမှန်မခေါ်နိုင်တာကြောင့် ပါတီတွင်းမှာ ဒီမိုကရေစီကျင့်သုံးမှုဟာ အားနည်းတယ်၊ ဒါမှမဟုတ် မရှိသလောက်ဖြစ်တယ်လို့ နားလည်သွားရင် ဒီသိမြင်နားလည်မှုမျိုးဟာ တဖက်သတ်ကျတာ၊ မှားယွင်းတာပဲ ဖြစ်ပါတယ်။ အဲဒီကနေပြီး ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ဆိုတာ ပြည့်ဝတဲ့ဒီမိုကရေစီ မရရှိဘူးလို့ ထပ်မံနားလည်သွားပြန်တယ်။ အဲဒီကမှတဆင့် တက်သွားတာက ပါတီရဲ့ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ကို အယုံအကြည် မရှိတော့တာဖြစ်ပြီး အရာရာကို သံသယနဲ့ ချဉ်းကပ်တာတွေ ဖြစ်ကုန်ပါတယ်။ အဲဒီလိုနဲ့ပဲ အမှားသံသရာထဲ တဝဲလည်လည်နဲ့ဖြစ်ပြီး အရာရာကို အဆိုးမြင်ဘက်က ချဉ်းကပ်ကြည့်မြင်လေ့ ရှိပါတယ်။

တကယ်တော့ ပါတီဟာ သာမန်အခြေအနေမျိုးရယ်လို့ ဖြတ်သန်းခွင့် တခါမှ မရှိခဲ့တာရယ်၊ ဖွဲ့စည်းပုံစည်းမျဉ်းပါ ပုဒ်မတခုချင်းရဲ့ လုပ်ပိုင်ခွင့်တွေရဲ့ အပြန်အလှန်ဆက်စပ် အပြန်အလှန်တွန်းကန်ပြီး တပေါင်းတည်းဖွဲ့စည်းထားမှုတွေကို မမြင်တတ်တာတွေကြောင့် အဲဒီလို မှားယွင်းတဲ့ တဖက်သတ်ကျတဲ့ အမြင်တွေ ဖြစ်ပေါ်တာပဲ ဖြစ်တယ်။ လက်ရှိအခြေအနေမှာ ပါတီဟာ ခေါင်းဆောင်မှု အဖွဲ့အစည်းကို ပုဒ်မ (၃၃) အရ လုပ်ဆောင်ဖွဲ့စည်းထားရတာ ဖြစ်တယ်။ နောင်လာမယ့် စတုတ္ထကွန်ဂရက်မှာ အတည်ပြုတာ၊ ပယ်ဖျက်တာ လုပ်ပါလိမ့်မယ်။ အဲဒီလို လုပ်ဆောင်တာဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အခြေခံမှုကို လက်တွေ့ အခြေအနေမှာ တီထွင်မှုရှိရှိ ကျင့်သုံးလိုက်တာပဲ ဖြစ်ပါတယ်။ ဒီလိုမှ မလုပ်ဆောင်ရင် ပါတီမှာ ခေါင်းဆောင်မှုမျိုးဆက် ပြတ်သွားမှာဖြစ်ပြီး ကိုယ့်ပါတီကိုယ်ပြန်ဖျက်ဆီးတာပဲ ဖြစ်သွားပါလိမ့်မယ်။

ဒီလို တဖက်သတ်မှားယွင်းစွာ နားလည်သိမြင်တာဟာ ရိုးသားတဲ့ အခြေခံသဘောထားနဲ့ ကြည့်မြင်တာဆိုရင် သာမန်မှားယွင်းမှုပဲဖြစ်ပြီး ပြုပြင်ဖို့လည်း လွယ်ကူပါတယ်။ အဲဒါက ပါတီရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းကို အထပ်ထပ်ပြန်ဖတ်ပြီး ဘာကြောင့် အဲဒီလို လုပ်ရတယ်ဆိုတာကို ဆင်ခြင်လိုက်ရင် အလွယ်တကူပဲ အမြင်ရှင်းသွားပြီး လန်းဆန်းတက်ကြွတဲ့ ပါတီတွင်းဘဝ

ကို ရရှိသွားမှာပါပဲ။ မရိုးသားတဲ့ အခြေခံသဘောထားနဲ့ ကြည့်မြင်သူကတော့ သူ့ကိုယ်သူ ရဲရဲပြန်ဝေဖန်တာလုပ်ဖို့ ဝန်လေးနေမှာကြောင့် အဲဒီလို ပါတီဝင်ရဲဘော်မျိုးဟာ ဆုတ်ယုတ်ပျက်စီးတဲ့ဘက်ကိုပဲ ဦးတည်သွားမှာ ဖြစ်ပါတယ်။

နောက်မှားယွင်းတတ်တာတမျိုးကတော့ မိမိရဲ့ ပါတီနဲ့မတူတဲ့ အမြင်သဘောထားကို တင်ပြရာမှာ လက်မခံပယ်ချတာ ခံရပါများလာတဲ့အခါမှာ ပါတီမှာ ဒီမိုကရေစီမရှိဘူးလို့ ယူဆလာတာပဲ ဖြစ်ပါတယ်။ ဒီလို ယူဆတတ်သူတွေမှာ ဖြစ်တတ်တာကတော့ မိမိအယူအဆကို တင်ပြတာနဲ့ တပြိုင်နက် ပါတီက ချမှတ်ထားတဲ့ ပေါ်လစီကို ပယ်ဖျက်ပြီး သူတင်ပြတဲ့ အယူအဆကို ပေါ်လစီအဖြစ် ချမှတ်ပေးမှသာ ပါတီမှာ ဒီမိုကရေစီ တကယ်ရှိတယ်လို့ ထင်သူတွေ ဖြစ်တယ်။ အဲဒီလိုထင်သူတွေဟာ အများအားဖြင့် အဓိကတာဝန်ယူရတဲ့လူဟာ ဆုံးဖြတ်ချက်တွေကို သူ့တဦးတည်း သဘောနဲ့လုပ်တာ၊ ညွှန်ကြားတာလို့ သူယူဆနေလို့ပဲ ဖြစ်ပါတယ်။ အဲဒီလို လူတွေဟာလည်း လန်းဆန်းတက်ကြွတဲ့ ပါတီတွင်းဘဝကို ဆုံးရှုံးတတ်လေ့ ရှိပါတယ်။ အချို့ကလည်း ကိုယ့်အယူအဆကို စကားနိုင်လု ငြင်းခုံပွဲမှာ အနိုင်ရရေး သဘောလောက်နဲ့ ပွဲဆူအောင်လုပ်တတ်ကြပါတယ်။ မိမိရဲ့ မတူတဲ့အမြင်ကို ထိန်းသိမ်းထားခွင့်ဆိုတာကို အဲဒီလို တလွဲနားလည်ကြပြန်တယ်။

တကယ်တော့ ပါတီရဲ့ လမ်းစဉ်ပေါ်လစီတွေ ချမှတ်ပြီးပြီဆိုရင် မိမိသဘောတူတယ် မတူဘူး၊ ဘယ်အချက်ကို ပြင်သင့်တယ်၊ မပြင်သင့်ဘူး စသည်ဖြင့် ပါတီနဲ့မတူတဲ့ ထင်မြင်ချက်ရှိရင် ပွင့်ပွင့်လင်းလင်း ပြည့်ပြည့်စုံစုံနဲ့ ပြန်တင်ပြနိုင်တယ်။ မိမိအယူအဆကို ဆုပ်ကိုင်ထားခွင့်ရှိတယ်။ ဒါပေမဲ့ လက်တွေ့အလုပ်ကိုတော့ ပါတီက ချမှတ်တဲ့ လမ်းစဉ်ပေါ်လစီတွေကိုပဲ အကောင်အထည်ဖော်ရမယ်။ အဲဒီလို အကောင်အထည်ဖော်ရာမှာ အောင်မြင်မှုတွေ ရရှိတယ်ဆိုရင် ပါတီရဲ့လမ်းစဉ် ပေါ်လစီတွေ မှန်တယ်။ မိမိအမြင် မှားတယ်။ မအောင်မြင်ရင် ပါတီရဲ့ လမ်းစဉ်ပေါ်လစီတွေ မှားယွင်းပြီး မိမိတင်ပြချက်တွေ မှန်ကန်တယ်လို့ပဲဆိုပြီး လက်တွေ့ဖြတ်သန်းပြီးမှ အမှားအမှန်ကို ဆုံးဖြတ်ရမယ်။ အဲဒီလို လုပ်ဆောင်ရင် ပါတီတွင်းတိုက်ပွဲဟာ မှန်တမ်းကျပြီး လန်းဆန်းတက်ကြွတဲ့ ပါတီတွင်းဘဝကို ရမှာပဲ ဖြစ်ပါတယ်။

ပါတီရဲ့သမိုင်းမှာ ကြီးမားတဲ့ သင်ခန်းစာကြီး (၂) ခု ရရှိဖူးတယ်။ အထွေထွေအတွင်းရေးမှူးဟောင်း (၂) ယောက်ရဲ့ 'ပါတီတွင်းလမ်းစဉ်တိုက်ပွဲ' အတွင်းမှာ မှားယွင်းတဲ့ လုပ်ဆောင်မှုကြီး (၂) ခု ဖြစ်ဖူးပါတယ်။

ပထမတခါက သခင်စိုးပါ။ အများစုရဲ့ ဆုံးဖြတ်ချက်ကို မနာခံဘဲ စင်ပြိုင်ပါတီ (အလံနီပါတီ) ထောင်တဲ့အထိ လုပ်သွားပါတယ်။ ဇာတ်သိမ်း မကောင်းပါ။

ဒုတိယတခါက သခင်သိန်းဖေ (မြင့်) ပါ။ သူ့ကို အများစုက ပါတီကွန်ဖရင့်မှာ 'စင်ပြိုင်လမ်းစဉ်' တင်ပြခွင့်ပြုခဲ့ပါတယ်။ ကွန်ဖရင့်က လက်မခံဘူး။ ဒီတော့ နာမည်ဝှက်နဲ့ ပါတီပ သတင်းစာမှာ ဆောင်းပါးရေးပါတယ်။ ဒါဟာ ပါတီစည်းမျဉ်းကို ချိုးဖောက်မှုဖြစ်လို့ သူ့ကို အရေးယူရတဲ့အထိ ဖြစ်သွားပါတယ်။ သူကတော့ သခင်စိုးလို ကွန်မြူနစ်ပါတီ သီးခြားထောင်တာအထိ မလုပ်ပါဘူး။ သူ့လမ်းစဉ်ကို လက်တွေ့လုပ်ဖို့ 'ပါတီ' တော့ ထောင်ပါတယ်။ သူ့လမ်းစဉ်ကို သူ့စိတ်ကြိုက် လုပ်ကြည့်တော့လည်း မအောင်မြင်ပါဘူး။

သခင်စိုးရော၊ သခင်သိန်းဖေ (မြင့်) ပါ နောက်ဆုံးတော့ နေဝင်းရဲ့ (မဆလ) လမ်းစဉ်ကို အလုပ်အကျွေးပြုသူတွေ ဖြစ်သွားပါတယ်။ ဒါဟာ 'သံမဏိစည်းမျဉ်း' ကို 'လက်ဝဲ' ဘက်က ချိုးဖောက်သည်ဖြစ်စေ၊ 'လက်ယာ' ဘက်က ချိုးဖောက်သည်ဖြစ်စေ နောက်ဆုံးဇာတ်သိမ်းက တနေရာမှာသွားပြီး ပေါင်းစည်းမိသွားတတ်တယ်ဆိုတာကို ပြပါတယ်။

ပါတီအဓိက တာဝန်ခံ ခေါင်းဆောင်တဦးဟာ မိမိတင်ပြချက်တွေကို သူတဦးတည်းသဘောနဲ့ ဆုံးဖြတ်ပြီး ပယ်ချတယ်လို့ နားလည်သူတွေဟာ မှားယွင်းမှုတမျိုးပဲ။ ယနေ့ မြေအောက်ပါတီအဖြစ်နဲ့ လှုပ်ရှားရတဲ့ ကာလမှာ ပုံမှန်အခြေအနေလို အစည်းအဝေးခေါ်ညှိနှိုင်း စဉ်းစားဆုံးဖြတ်တာ ဘယ်လိုမှ မရှိနိုင်ပါ။ ဒါပေမဲ့ ပါတီရဲ့ အဓိကတာဝန်ခံဟာ တခြားပါတီဝင်တွေရဲ့ သဘောထားတွေကိုလည်း တောင်းခံတာ အမြဲလုပ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်တင်ပြချက်တွေကို တခြားရဲဘော်တွေရဲ့ တင်ပြချက်တွေနဲ့ ညှိနှိုင်းပြီးမှ ကိုယ့်အယူအဆကို လက်ခံတာ ပယ်ချတာ လုပ်တယ်လို့ နားလည်ယုံကြည်ထားရပါမယ်။ အဲဒါကြောင့် ပါတီအဓိကတာဝန်ခံရဲ့ ပြန်ကြားချက်တွေဟာ အများစုသဘောထား အမြဲဖြစ်ပြီး ကိုယ့်ရဲ့တင်ပြချက် အပယ်ခံရရင် ကိုယ့်အယူအဆဟာ အနည်းစု ဖြစ်လို့ပဲလို့ နားလည်လက်ခံရလိမ့်မယ်။ အဲဒီလို နားလည်လက်ခံတတ်တယ်ဆိုရင် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစိတ် အာဃာတစတဲ့ တဖက်သတ်ကျတဲ့ အမြင်တွေကို ကျော်လွှားသွားနိုင်ပါလိမ့်မယ်။ ပါတီတွင်းတိုက်ပွဲကို နိုးနိုးကြားကြား တက်တက်ကြွကြွ လန်းလန်းဆန်းဆန်းနဲ့ မှန်မှန်ကန်ကန် ဆင်နွှဲသွားနိုင်ပါလိမ့်မယ်။

လက်ရှိအခြေအနေမှာ မြေအောက်ပါတီဖြစ်တာကြောင့် ဆက်

သွယ်ရေးစနစ်ဟာ ဒေါင်လိုက်စနစ်နဲ့ပဲ သွားမှာဖြစ်တယ်။ အထွေထွေအတွင်းရေးမှူး ရှိတဲ့နေရာဟာ ပါတီဗဟိုဌာနချုပ်ပဲဖြစ်ပြီး ဗဟိုဌာနချုပ်နဲ့ ဆက်သွယ်တာမှာ ဗဟိုဌာနချုပ်ကပေးတဲ့ လမ်းကြောင်းအရပဲ ဆက်သွယ်ရပါမယ်။ လုံခြုံရေးစည်းကမ်းတွေကို တင်းတင်းကျပ်ကျပ် လိုက်နာရပါမယ်။ ဒီလိုလုပ်ဆောင်တာမှာလည်း သံသယစိတ်၊ အာဃာတ၊ မာန၊ အညိုးအတေးစိတ်တွေ ကင်းရှင်းပြီး ယုံကြည်စိတ်အပြည့်နဲ့ လုပ်ဆောင်နိုင်ရမယ်။ လုပ်ဆောင်တတ်ရပါမယ်။ အဲဒီလိုမှ လုပ်ငန်းလည်ပတ်မှု အဆင်ပြေချောမောစေပါလိမ့်မယ်။

ပါတီဝင်တဦးဟာ ဘယ်နေရာမှာရောက်နေနေ ပါတီရဲ့အလုပ် ရှိနေရပါမယ်။ ပါတီရဲ့ထုတ်ပြန်ကြေညာချက်ဖြစ်ဖြစ်၊ နိုင်ငံရေးအစီရင်ခံစာ ထွက်လာတာပဲဖြစ်ဖြစ် အဲဒီမှာ ပါတီရဲ့အလုပ်တွေ အမြဲပါလာလေ့ ရှိပါတယ်။ အဲဒီလို စာစောင်တွေ၊ ပေါ်လစီတွေ၊ ကြေညာချက်တွေ၊ နိုင်ငံရေးအစီရင်ခံစာတွေ ထွက်လာပြီဆိုရင် ပါတီဝင်တဦးဟာ ပါတီဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းမှာပါတဲ့ ပါတီဝင်တဦးရဲ့ တာဝန်ဝတ္တရားနဲ့ အခွင့်အရေးတွေမှာပါတဲ့ အချက်တွေ၊ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ပါ အချက်တွေနဲ့ပါ ယှဉ်တွဲလေ့လာပြီး မိမိလက်တွေ့ဘဝမှာ ဘာကိုလုပ်နိုင်သလဲဆိုတာ စူးစမ်းလေ့လာမယ်ဆိုရင် နေ့စဉ်ဘဝမှာ ပါတီရဲ့ အလုပ်တခုခုကို လုပ်နေနိုင်တာ ဖြစ်ပါလိမ့်မယ်။ အဲဒီလို အပတ်တကုတ် စူးစမ်းလေ့လာလုပ်ကိုင်ရမှန်း မသိသူဟာ၊ မလုပ်တတ်သူဟာ ဘယ်တော့မှာလည်း ပါတီအလုပ်ကို လုပ်တတ်မှာ မဟုတ်တော့ပါ။ အဲဒါဆိုရင် ပါတီဖွဲ့စည်းအုပ်ချုပ်ပုံမှာပါတဲ့ ပါတီဝင်တဦးဟာ ပါတီအဖွဲ့အစည်းတခုခုမှာပါဝင်ပြီး ပါတီတာဝန်ကို ထမ်းဆောင်ရမယ်ဆိုတဲ့ အချက်ကို ချိုးဖောက်ပြီးသား ဖြစ်သွားမှာ ဖြစ်ပါတယ်။ ထောင်ထဲရောက်နေတဲ့ ပါတီဝင်မှာပင်လျှင် ပါတီအလုပ်ရှိနိုင်တာပါပဲ။ လုပ်တတ်ရင် ဘယ်နေရာရောက်ရောက် လုပ်စရာ ရှိနေမှာပါ။

ဗမာပြည်ကွန်မြူနစ်ပါတီဝင်အားလုံးဟာ ပါတီဖွဲ့စည်းအုပ်ချုပ်ပုံပါ အချက်တွေကို လက်တွေ့နေ့စဉ် လုပ်ငန်းနဲ့ ဆက်စပ်ပြီး ကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဒီဖွဲ့စည်းအုပ်ချုပ်ပုံပါ အချက်တွေထဲက ရနိုင်တဲ့တခုခုကို အကောင်အထည်ဖော်ဆောင်ရွက်နေတယ်ဆိုရင်တောင် ဒီပါတီဝင်ဟာ မမေ့မလျော့ နိုးနိုးကြားကြားရှိတဲ့ ပါတီဝင် ဖြစ်နေမှာသေချာပါတယ်။ ဒီဖွဲ့စည်းပုံပါ အချက်တွေကိုလက်ရှိပေါ်လစီတွေနဲ့ ယှဉ်လေ့လာလိုက်ရင် ပါတီဝင်တိုင်းမှာ နေ့စဉ်နဲ့အမျှ အလုပ်ကိုယ်စီရှိနေမှာ ဖြစ်တယ်။ မိမိရဲ့ မှားယွင်းတဲ့အမြင်တွေကိုလည်း တွေ့ရှိပြီး အချိန်မီ ပြုပြင်နိုင်မှာ ဖြစ်တယ်။ မိမိရဲ့ မှန်ကန်တဲ့ အားသာချက်တွေကိုလည်း တဆင့်တိုးပွားစေနိုင်ပါလိမ့်မယ်။

ပါတီဝင်တိုင်းသာ အဲဒီလို နိုးကြားတက်ကြွစွာ လုပ်ဆောင်ကြမယ်ဆိုရင် ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဂိုဏ်းဂဏစိတ်၊ ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲ၊ အာဃာတစိတ်စတဲ့ မှားယွင်းတဲ့ အတွေးအခေါ်လုပ်ဟန်တွေကို မှန်တမ်းကျတဲ့ ပါတီတွင်းတိုက်ပွဲနဲ့ ကျော်နင်းနိုင်ပြီး စည်းလုံးညီညွတ်တဲ့ ကြံ့ခိုင်တောင့်တင်းတဲ့၊ နိုင်ငံရေးအမြော်အမြင်ကြီးမားတဲ့၊ နိုင်ငံရေးအကင်းပါးတဲ့ နိုင်ငံရေးပါတီတရပ် ဖြစ်ပါလိမ့်မယ်။ ပါတီဝင်တိုင်းမှာ လန်းဆန်းတက်ကြွတဲ့ နိုင်ငံရေးဘဝကို ခံစားရရှိပါလိမ့်မယ်။

သမိုင်းက ပေးအပ်လာတဲ့ သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်တဲ့ ပစ္စည်းမဲ့နိုင်ငံရေး ပါတီတရပ်အဖြစ် ရှင်သန်ကြီးထွားနေပါလိမ့်မယ်။ ယနေ့ ပါတီဝင်တိုင်းဟာ ပါတီတာဝန်တွေကို ကျေပွန်နေဖို့ လိုအပ်လှပါတယ်။

သို့သော် ပါတီဝင်တယောက်ဟာ (ပါတီဝင် ကေဒါဖြစ်၊ ကေဒါမဟုတ်သူ ပါတီဝင်ဖြစ်စေ) ပါတီရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းပါ ပါတီဝင်တဦးရဲ့ ရှိရမယ့် နိုင်ငံရေးရေချိန် တောင်းဆိုချက်တွေ၊ ပါတီဝင်ဝတ္တရားတွေ၊ ပါတီဝင်အခွင့်အရေးတွေကို လက်တွေ့ကျင့်သုံးတာမှာ အမြင်မကြည်လင်တာ၊ ရှုပ်ထွေးလာတာတွေ ဖြစ်လာရင် မိမိကိုယ်ကို ဝေဖန်ရေးနဲ့ ဝေဖန်ရေးကိုလည်း မှန်မှန်ကန်ကန် မကျင့်သုံးတတ်တာ ဖြစ်လာတတ်ပါတယ်။ အဲဒီလိုဖြစ်လာရင် ဒီမိုကရေစီချုပ်ကိုင်မှုဆိုတာကို မှန်မှန်ကန်ကန် နားမလည်နိုင်တော့ပါ။ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ကို အယုံအကြည်ကင်းမဲ့လာတဲ့အခါမှာ ကျဉ်းကျပ်မှု ဝေဒနာ ခံစားလာရပါတယ်။ အဲဒီအခါမှာ သူ့ရဲ့လွတ်လပ်မှုဟာ ပါတီပြင်ပကို ထွက်ပြီး ပြောဆိုလုပ်ကိုင်တာသာဖြစ်တယ်လို့ ထင်လာတတ်ပါတယ်။ ပါတီကိုပြန်ပြီး ရန်တွေ့တတ်ပါတယ်။ ပါတီတွင်းတိုက်ပွဲကို ကမောက်ကမဖြစ်အောင် လုပ်တတ်ပါတယ်။ တိုတိုပြောရရင်တော့ ပါတီထဲမှာနေရတာ မလွတ်လပ်ဘူး၊ မိမိတင်ပြချက်တွကို အရေးတယူဂရုတစိုက်လုပ်တာ မခံရဘူး၊ အနှိမ်ခံရတယ် ဆိုတာမျိုးတွေ ဖြစ်တတ်ပါတယ်။ တဦးချင်းထင်ရာစိုင်းခွင့်ကို ပါတီထဲမှာ ဘယ်လိုမှ ရနိုင်မှာ မဟုတ်ပါ။ ဒီလိုဖြစ်လာသူတွေအတွက် ပါတီကလည်း လမ်းဖွင့်ပေးထားပါတယ်။ ပါတီကနေ အေးအေးသာသာ လမ်းခွဲသွား၊ ထွက်ခွာသွားနိုင်ပါတယ်။ ပါတီမှာ အဝင်ခက်ပြီး အထွက်လွယ်တဲ့ ပေါ်လစီ ကျင့်သုံးပါတယ်။ ဆိုလိုတာက ပါတီတွင်းမှာ လစ်ဘရယ်ဒီမိုကရေစီအတွက် နေရာမရှိပါ။ ပါတီတွင်းမှာ ဒီမိုကရေစီချုပ်ကိုင်မှုစနစ် ကျင့်သုံးတဲ့ဒီမိုကရေစီ အပြည့်အဝရှိပါတယ်။ ။

# ပါတီသမိုင်း ပညာပေးကြမည်ဆိုလျှင်

(၁) ပါတီဝင်သစ်များကို 'ပါတီသမိုင်း' ပညာပေးဖို့ လိုပါတယ်။ ပါတီဝင်လိုသူများကိုလည်း 'ပါတီသမိုင်း' မိတ်ဆက်ပေးဖို့ လိုပါတယ်။ ဒါကြောင့် လိုအပ်သလောက်ရေးပါတယ်။

ပါတီသမိုင်းကို ပညာပေးမယ်ဆိုရင် ပါတီရဲ့ နှစ် (၇၀) ခရီးမှာ ဖြတ်သန်းခဲ့ရတဲ့ "မှတ်တိုင်" များကို ဖော်ပြရမှာ ဖြစ်တယ်။ မှန်ခဲ့တာရော၊ မှားခဲ့တာရောဖော်ပြရမှာပဲ။

မှန်ခဲ့တာအတွက် ဂုဏ်ယူဖို့သက်သက်မဟုတ်ဘူး။ နောင်မှာ ဒီထက်ကောင်းအောင် တိုးချဲ့မယ်ဆိုတဲ့ သန္နိဋ္ဌာန်ချစေဖို့ဖြစ်ပြီး မှားခဲ့တာအတွက် နောင်မှာမမှားအောင်သင်ခန်းစာထုတ်ယူဖို့ ဖြစ်ပါတယ်။

(၂) မှန်ခဲ့တာတွေဟာ ပါတီကို ဂုဏ်ရောင်ပြောင်စေပါတယ်။ ဖက်ဆစ်တော်လှန်ရေးဟာ ပါတီကို ပထမဆုံးဂုဏ်ရောင်ပြောင်စေတဲ့မှတ်တိုင် ဖြစ်ပါတယ်။ ဒီကိစ္စကိုရေးတဲ့သူတွေ များပါတယ်။ ဦးနုရဲ့ 'ငါးနှစ်ရာသီ' စာအုပ်ဆိုရင် ပြန်ထုတ်နေတာတွေ့ရပါတယ်။ ပါတီရဲ့ဂုဏ်ရောင်ပြောင်မှုကို အခုထိ မမေ့ကြသေးပါလားလို့ဆိုပြီးဂုဏ်ယူရပါတယ်။ ပါတီမှာ တခြားဂုဏ်ယူစရာတွေလည်း ရှိပါတယ်။ အဲဒါကတော့ဘယ်တုန်းကမှ အဓိကရန်သူမပျောက်တာပဲ။ ပါတီက အင်အားကြီးသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ မိမိရဲ့လုပ်ငန်းစဉ်အပေါ် သစ္စာရှိပါတယ်။ ဘယ်သူတွေ ဘယ်လိုပဲယုံကြည်ချက်ပျက်ပျက် ပါတီက ယုံကြည်ချက်အပေါ်မှာ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ခဲ့ပါတယ်။ ပါတီခေါင်းဆောင်ကြီးတွေဟာလည်း တော်လှန်တဲ့သူရဲကောင်းဝါဒရဲ့နမူနာပြပြီး ကျဆုံးခဲ့တာပါ။

(၃) အခုဆောင်းပါးမှာ အဓိကတင်ပြချင်တာက အမှားထဲက သင်ခန်းစာထုတ်ယူခဲ့ပုံကို တင်ပြချင်တာပါ။ ပါတီသက်တမ်းနှစ် (၇၀) အတွင်းမှာ အကြီးဆုံးအမှားက 'ဖြုတ်ထုတ်သတ်လမ်းစဉ်' အမှား ဖြစ်ပါတယ်။ [တရားဝင်အမည်က

‘ပါတီတွင်းတော်လှန်ရေးလမ်းစဉ်’ ဖြစ်သည်။ ပါတီတွင်းဗန်းစကား (jargon) က ‘ဖြုတ်ထုတ်သတ်’ ဖြစ်သည်။ အဲဒီဗန်းစကားက သစ္စာဖောက်တွေနဲ့ ရန်သူရဲ့ဝါဒဖြန့်မှုကြောင့် တွင်ကျယ်နေသည်။ ဒါ့ကြောင့် တွင်ကျယ်နေတဲ့ ဗန်းစကားကိုပဲ ယူသုံးလိုက်ခြင်း ဖြစ်သည်။ (စကားချပ်)]

‘ဖြုတ်ထုတ်သတ်လမ်းစဉ်’ နှင့်ပတ်သက်ပြီး ထူးခြားချက်ကြီးများ ရှိပါတယ်။ အဲဒါတွေကတော့

(က) ပါတီသမိုင်းမှာ အရှည်ကြာဆုံးအမှားဖြစ်ခြင်း (၁၉၆၇ မှ ၁၉၇၅ ထိ (၈) နှစ် ကြာသည်။)

(ခ) အမှားကို ခေါင်းဆောင်စုက မြင်ချိန်၊ ပြင်ချိန် မရလိုက်ဘဲ ကျဆုံးကုန်ခြင်း။

(ဂ) အမှားကို ပါတီရဲ့ထိပ်ပိုင်း (PB) ထဲမှာပဲ နိဂုံးချုပ်လုပ်နိုင်ခြင်း၊ တပါတီလုံးကို ချမပြနိုင်ခြင်းတို့ ဖြစ်ပါတယ်။

အဲဒီထူးခြားချက်ကြီး (၃) ခု ဘာကြောင့်ဖြစ်ရသလဲဆိုတာကို အခု (အကျယ်) တင်ပြပါမယ်။

**<u>အရှည်ကြာဆုံးဖြစ်ခြင်း။</u>** ပါတီလမ်းစဉ်အမှားတွေ အများကြီးရှိဖူးပါတယ်။ အဲဒီအမှားတွေကို ချမှတ်ခဲ့တဲ့ ခေါင်းဆောင်များကပဲ အချိန်တိုအတွင်း ပြင်ဆင်နိုင်ခဲ့တာချည်း ဖြစ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ပါတီတွင်းဒီမိုကရေစီ ရှိနေလို့၊ ဗဟိုချုပ်ကိုင်မှုကိုချည်း အလေးမပေးလို့ ဖြစ်တယ်။ ‘ဖထသ’ မှာကျတော့ ပါတီတွင်းဒီမိုကရေစီ သင်းသတ်ခံနေရတယ်။ ဗဟိုချုပ်ကိုင်မှုလည်း ဖျက်သိမ်းခံနေရတယ်။ ဗဟိုချုပ်ကိုင်မှုအစား ဂိုဏ်းအစုတွေရဲ့ ချုပ်ကိုင်မှုကို အစားထိုးတာခံနေရတယ်။ လမ်းစဉ်ကိုယ်တိုင်က ဂိုဏ်းဖွဲ့ဖို့၊ အစုဖွဲ့ဖို့ အားပေးနေတာ ဖြစ်လို့ပါပဲ။

**အမှားရဲ့ရေခံမြေခံ။**

<u>ပထမရေခံမြေခံ။</u> + ပါတီဗဟိုကို အောက်ခြေက အယုံအကြည်မဲ့နေတာ ကြာပြီ။ ‘၂ နှစ်အတွင်းစစ်နိုင်ရေး’ အမှားလုပ်ပြီး ကတည်းက ပေါ်နေတာပါ။ ပထမတော့ တိုးတိုးတိတ်တိတ်ပဲ နီးစပ်ရာမှာ ဆွေးနွေးကြတာပဲ။ “ဒီ ခေါင်းဆောင်မှုနဲ့တော့ တော်လှန်ရေးမအောင်နိုင်ဘူး။ တရုတ်ပြည်ကွန်မြူနစ်ပါတီမှာ မော်စီတုန်းပေါ်သလို ဗကပ မှာလည်း မော်စီတုန်းလို ခေါင်းဆောင်မျိုးပေါ်မှ အောင်မြင်မှာပဲ” ဆိုတာကို ကြိတ်ပြီးဆွေးနွေး ကြတယ်။ ‘ကြိတ်ဝိုင်း’ တွေ အများကြီးပေါ်ပါတယ်။ ‘စစ်တမ်း’ တွေလည်း ရေးကြတယ်။ လက်ယာဘက် တိမ်းညွတ်သူတွေက “မ ‘၃’ လုံး စစ်တမ်း” လို၊ ‘ချမ်းအေးစစ်တမ်း’ လိုဟာမျိုး ရေးကြတယ်။ (‘မ ၃ လုံး’ က ဂိုဏ်းထောင်တယ်။ ‘ချမ်းအေး’ ကတော့ သူ့အနေအထားအရ တကိုယ်တော်ပဲ။ ‘ဂိုဏ်း’ မဖွဲ့နိုင်ပါဘူး။) နောက်ဆုံးတော့ သူတို့အားလုံး ‘လက်နက်ချ’ ကြတယ်။

+ အများစုကတော့ ‘မော်စီတုန်း’ လိုလူ ရှာကြတယ်။ မတွေ့ပါဘူး။ ဗဟိုခေါင်းဆောင်စုကို ဗဟိုကော်မတီစုံညီ အစည်းအဝေးကပဲ ဖြုတ်ချနိုင်တာပါ။ ဗဟိုကော်မတီကို ကွန်ဂရက်ကပဲ အသစ်လဲနိုင်တာပါ။ ကွန်ဂရက်က မခေါ်တာ ကြာခဲ့ပြီ။ ဗဟိုကော်မတီစုံညီအစည်းအဝေးကလည်း မထိုင်နိုင်တာ ကြာပြီ။ နောက်တော့ အယုံအကြည်မရှိအခိုက ဗဟိုကော်မတီထဲအထိ ရောက်လာတယ်။

<u>ဒုတိယရေခံမြေခံ။</u> “၁၉၆၂ ဇူလိုင် ၇ ရက်” ပြီးတော့ ကျောင်းသားခေါင်းဆောင်တွေ တောခိုလာတယ်။ သူတို့က ရန်သူအပေါ် သိပ်ပြတ်သားတယ်။ ပါတီတွင်း အခြေအနေကိုလည်း အားမရဘူး။ ၁၉၆၃ မှာ နေဝင်းနဲ့ ‘စေ့စပ်ရေး’ ကို အကြောင်းပြုပြီး တရုတ်ပြည်က ရဲဘော်တွေ ပြန်လာတယ်။ သူတို့ ဗမာပြည်က ထွက်သွားတုန်းက အခြေအနေမျိုး မဟုတ်ဘဲ အခြေအနေ နိမ့်ကျနေတာကို တွေ့တယ်။ သူတို့ကလည်း အားမရဘူး။

<u>တတိယရေခံမြေခံ။</u> ဒါကတော့ တရုတ်ပြည်မှာ ‘ယဉ်ကျေးမှုတော်လှန်ရေး’ ဆိုတာကြီး ဖြစ်တယ်။ မော်စီတုန်းကို ဗဟိုပြုတဲ့ တော်လှန်ရေး အမည်ခံ ဂိုဏ်းတွေ ပေါ်တယ်။ ဒီ ‘ရေခံမြေခံ’ က အထက်မှာပြောခဲ့တဲ့ ရေခံမြေခံတွေကို ‘ထွက်ရပ်လမ်း’ ပြလိုက်သလို ဖြစ်သွားတယ်။ ပီကင်းရေဒီယိုကလည်း ‘၄’ ဦးဂိုဏ်းရဲ့ အာဘော်တွေ လွှင့်နေတော့ – အသံလွှင့်တာနားထောင်ပြီး ဂိုဏ်းဂဏအစုစိတ်ခုတ်တွေ တဖွားဖွားပေါ်တာပဲ။

ဒီရေခံမြေခံ (၃) ခုက ပေါင်းစည်းမိသွားတော့ ‘ပါတီတွင်းတော်လှန်ရေး’ ပေါ်တာပဲ။ (CPC) မှာက ‘ယဉ်ကျေးမှု တော်လှန်ရေး’ ကို ထိန်းချုပ်နိုင်တဲ့ ပါတီထဲက တခြားအင်အားစုတွေ ရှိတယ်။ (၄) ဦးဂိုဏ်းပဲရှိတာ မဟုတ်ဘူး။

(CPB) ကျွန်တော်တို့မှာကတော့ ထိန်းချုပ်နိုင်တဲ့ တခြားအင်အားစု မရှိဘူး။ ဗမာပြည်ရဲ့ထူးခြားချက်ဆိုပြီး ‘သတ်’ တာတွေအထိ လက်လွန်ကုန်တယ်။ ဟုတ်တယ်လေ။ ဗမာပြည်မှာက ဖြုတ်ထား ထုတ်ထားသူကို နယ်နှင်တာ၊ အိမ်ချုပ်ချတာ၊ ထောင်ထဲတည့်တာ လုပ်နိုင်တာမှ မဟုတ်ဘဲ။ ‘သတ်’ ပစ်မှ ရတာပဲ။ အဲဒီလိုနဲ့ “ဗမာ လျူရှောက်ချီ” ဆိုတဲ့ (ရဲဘော်ကြီးဂိုရှယ်) တို့ ‘ဗမာတိန့်ရှောင်ပင်’ ဆိုတဲ့ (ရဲဘော်ဌေး) တို့ အသတ်ခံရတာပဲ။ တရုတ်ပြည်မှာက တိန့်ရှောင်ပင်အစစ်က ပြန်ပေါ်လာ

နိုင်တယ်။ ဗမာပြည်မှာ (နာမည်ပေးခံရတဲ့) တိန့်ရှောင်ပင်ကတော့ အသတ်ခံလိုက်ရတယ်။

ဒါလည်း ထူးခြားချက်ပဲ။ ဗမာပြည်မှာက အရှိန်သတ်ပေးနိုင်သူ မရှိဘူး။ ခါတိုင်းမှာတော့ သခင်သန်းထွန်းပဲမှား၊ သူပဲ အမှားပြင်နိုင်ခဲ့တာပဲ။ အခုတော့ သူက စောစောကပဲ လုပ်ကြံခံလိုက်ရပြီး သခင်ဇင်တို့၊ သခင်ချစ်တို့က အမှားကို 'မြင်' ဦးတော့ 'ပြင်' ဖို့ မလွယ်တော့ပါဘူး။

**'ပဲခူးရိုးမဟာ အောင်မြေ' ဆိုတဲ့အစွဲ။** အထက်ဗမာပြည်မှာ ထိုးစစ်ကြီးကို ရှောင်ရင်းတိမ်းရင်းနဲ့ (ဗဟို) က မိုးကုတ်ဘက် ရောက်လာတယ်။ ပြည်သူ့ရဲဘော်က လက်နက်ချသွားလို့ ရောက်လာတာပဲ။ မိုးကုတ်နယ်မှာရှိတဲ့ ပါတီရဲ့ ပြောက်ကျားတပ်နဲ့ လည်း အဆက်မရဘူး။ ဗဟိုဟာ တကယ့်ကို 'လိပ်ပက်လက်' ဘဝပဲ။ ဆက်ပြေးရင် တရုတ်ပြည်ထဲ ပြေးဖို့ပဲရှိတယ်။ ဒီအချိန်မှာ ဗဟိုက ဂုဏ်ရှောင်ပြောင်တဲ့ဆုံးဖြတ်ချက် ချလိုက်တယ်။ ပဲခူးရိုးမကို UG လမ်းကနေဆင်းဖို့ ဆုံးဖြတ်တယ်။ PB တွေ လူခွဲပြီး ဆင်းတယ်။ တလောက ဂျာနယ်တခုထဲမှာ ဝမ်းအိုဝမ်းကျော်ဝင်းမောင်ရဲ့ဆောင်းပါး ဖတ်လိုက်ရတယ်။ ရဲဘော်ကြီးဂိုရှယ်ကို မန္တလေးအထိ ခေါ်ထုတ်လာတာ သူပဲလို့ သိရတယ်။ ကျေးဇူးတင်ပါတယ်။ PB အားလုံး ပဲခူးရိုးမကို ချောချောမောမော ရောက်တယ်။ အဲဒီကတည်းက ပဲခူးရိုးမကိုစွန့်ရင် ဆုံးရှုံးတယ်။ ပဲခူးရိုးမဟာ အောင်မြေဆိုတဲ့အစွဲကြီး စွဲတော့တာပဲ။

အစွဲနဲ့တင် ရပ်နေရင် တော်သေးတယ်။ စစ်ရေးလမ်းစဉ်အဖြစ်ပါ သခင်သန်းထွန်းက ဆုံးဖြတ်ထားခဲ့တော့ ဥက္ကဋ္ဌ သခင်ဇင်၊ သခင်ချစ်တို့ ပြင်လို့မရတော့ဘူး။ ပဲခူးရိုးမကို ခွာခဲ့ဖို့ အရှေ့မြောက်နဲ့ ရှမ်းပြည်နယ်က ဘယ်လိုပဲတင်ပြပါစေ သူတို့ မပြင်ဝံ့တော့ဘူး။ ဒီစစ်ရေးအမြင်အမှားက ကျိန်စာသင့်သလို ဖြစ်တော့တာပဲ။

ဒီလိုနဲ့ပဲ (မြင်) ချိန် (ပြင်) ချိန်မရ ဖြစ်သွားလို့ 'ဖထသ အမှား' က ရေရှည်သွားတာပဲ။ မီးစာကုန်ဆီခန်းဖြစ်မှ အလိုလို ငြိမ်းသွားရတာပဲ။

**ဝွကျတဲ့အနေအထား။** သခင်ဖသိန်းတင်၊ သခင်တင်ထွန်းတို့ခေါင်းဆောင်တဲ့ အရှေ့မြောက်ရော၊ ရှမ်းပြည်နယ်ပါ ဖြုတ်ထုတ်သတ် မှားနေပြီဆိုတာကို (CPC ရဲ့ အကူအညီနဲ့) သိနေတာ ကြာပြီ။ ကိုယ့်အထက်က (ဗဟို) ကို ပြောဖို့ကျတော့ သိပ်ဝွကျနေတယ်။ ဗဟိုရဲ့ လမ်းစဉ်မှားကို တိုက်ရာမှာ မတိုက်တတ်ရင် ပါတီကွဲတတ်ပါတယ်။ (ဒါလည်း CPC ရဲ့ အကူအညီ။ သူတို့ရဲ့အတွေ့အကြုံ အရပေးတဲ့ အကြံဉာဏ်ပဲ။)

သခင်ဇင်၊ သခင်ချစ်တို့ကို ရောက်အောင်ပဲ လုပ်ပါ။ ရောက်လာရင်လည်း ခင်ဗျားတို့က 'ဖထသ လမ်းစဉ်အကြောင်း' တခွန်းမှ မဟပါနဲ့။ CPC က သူတို့ကို တရုတ်ပြည်ထဲ အလည်လာရင် ကြိုဆိုတယ်ဆိုတာလောက်ပဲ ပြောပြပါ။ တရုတ်ပြည်ထဲ ရောက်မှ သူတို့က 'ဖျောင်းဖျပြောဆိုပါမယ်' ဆိုတာအထိ နည်းလမ်းပေးပါတယ်။

တရုတ်ပြည်မှာကလည်း ရှုပ်ထွေးနေတာပါ။ 'ယဉ်ကျေးမှုတော်လှန်ရေး' ကလည်း လုပ်ဆဲပါ။ ဆိုဗီယက်ကိုခွာပြီး အမေရိကန်နဲ့ ရင်ကြားစေ့ရေးကလည်း လုပ်ဆဲပဲ။ (၄) ဦး ဂိုဏ်းကလည်း တန်ခိုးထွားဆဲပါ။ ရှုပ်ပါတယ်။ နိုင်ငံရေးအကွက်တွေ များပါတယ်။ ကျွန်တော်တို့ မသိနိုင်တဲ့ အရှုပ်တွေပါ။ ဥပမာတခုပဲ ပေးပါမယ်။

၁၉၇၁ မှာ CPB က CPC ကို သဝဏ်လွှာပေးနေကျ ထုံးစံအတိုင်း ပေးပါတယ်။ ရေးနေကျအတိုင်းပဲ ဗမာပြည်က အခြေအနေကို ရေးပါတယ်။ အမေရိကန်ရဲ့နောက်လိုက်ခွေး နေဝင်းစစ်အစိုးရဆိုတာ ပါတယ်။ အဲဒီတော့မှ CPC က သဝဏ်လွှာမှာပါတဲ့ အမေရိကန်ရဲ့နောက်လိုက်ခွေး ဆိုတာကို အဖြစ်မှန်နဲ့ မကိုက်လို့ ပြင်ပေးပါလို့ ပြောပါတယ်။ (အဲဒီတုန်းက ထုံးစံက သဝဏ်လွှာကို (၂) ဘက်က တပြိုင်တည်း အသံလွှင့်တာ၊ မီဒီယာမှာတင်တာ လုပ်ရလို့ မတတ်သာဘဲ သူတို့က ပြောလာတာ ဖြစ်ပါတယ်။) နိုင်ငံရေးအရပြောရင် နေဝင်းစစ်အုပ်စုဟာ ဆိုဗီယက်ဂိုဏ်းကို မှီခိုနေတာပဲ။ ဘဏ္ဍာရေးအရပြောရင် ဂျပန်က အကူညီဆုံးပဲ။ စစ်ရေးအရပြောရင် အမေရိကန်၊ ဗြိတိန်၊ အစ္စရေးလ် စတာတွေကပဲ ကူညီနေတာပဲဆိုတာကို ထောက်ပြ ပါတယ်။ အဲဒီကတည်းက 'နယ်ချဲ့ပေါင်းစုံကို မှီခိုနေတဲ့ နေဝင်းစစ်အုပ်စု' ဆိုတဲ့ အသုံးအနှုန်းကို ပါတီက ပြောင်းသုံးတာပါ။ ထားပါတော့။ ကြုံလို့ ရေးတာပါ။

'ဝွကျတဲ့' အနေအထားဟာ အဲဒီကတည်းက စပါတယ်။ 'ဖထသ ကြောင့်' ဝွကျတာ မဟုတ်ပါဘူး။ စစ်အစိုးရက CPB ရဲ့ အဓိကရန်သူဖြစ်နေပြီး CPC ရဲ့ မိတ်ဆွေ ဖြစ်နေတာဟာ ဝွကျတဲ့အနေအထား ဖြစ်စေပါတယ်။

**<u>'ဖထသ နိဂုံးချုပ်' ကို ဘာကြောင့် PB ထဲမှာပဲ ထားရသလဲ။</u>**

ဖထသ လုပ်တာကို အားပေးတဲ့သူတွေရဲ့ဂိုဏ်း CPC ထဲမှာ ရှိတယ်။ သူတို့ကြောင့်ပဲ နယ်စပ်မှာ အခြေခံဒေသတွေ၊ တပ်တွေ ဖော်နိုင်တာပဲ။ အခုမှတော့ မထူးပါဘူး။ ရန်သူကလည်း ခွဲထွက်တွေကတဆင့် သိနေတာမို့ အရေးမကြီးတော့ပါဘူး။ ဟိုတုန်းက ဒါတွေကို CPB က ဖွင့်ပြောလို့ မဖြစ်ပါဘူး။ CPB ဟာ ညီအစ်ကိုပါတီနဲ့ ဆက်ဆံရေးကို လျှို့ဝှက်ထားရပါတယ်။

သူ့အကြောင်းလည်း ကိုယ်မသိ နိုင်ပါဘူး။ သိသလောက်လည်း မပြောသင့်ပါဘူး။ တာဝန်ရှိရှိ ထိန်းသိမ်းရပါတယ်။ တရုတ် 'ယဉ်ကျေးမှုတော်လှန် ရေး' က ၁၉၇၈ ကျမှပြီးတယ်လို့ ပြောရပါမယ်။ CPB ရဲ့ PB က 'ဖထသ နိဂုံး ချုပ်' ကို (၁၉၇၅) မှာ လုပ်တာပါ။ ဒါကြောင့် PB က အဲဒီ 'နိဂုံးချုပ်စာတမ်း' ကို မဖြန့်ပါဘူး။ ထိန်းသိမ်းထားပါတယ်။ ဖုံးတဝက်ဖိတဝက်လည်း မလုပ်ချင်ဘူး။ ကိုယ်နဲ့ ထိတွေ့ခဲ့ရတာတွေကလည်း တပိုင်းတစပဲ ဖြစ်တယ်။ CPC မှာက ဂိုဏ်းအစုတွေ အမျိုးမျိုးရှိတယ်။ ကိုယ်သိတာလေးနဲ့ တတ်ယောင်ကား ဝင်ပြောလို့ မဖြစ်ဘူး။ 'ဖထသ' ကလည်း သူတို့ဆီက အတုယူထားတာဆိုတော့ 'တရုတ်ယဉ်ကျေးမှု တော်လှန်ရေး' အကြောင်း မပြောလို့ မပြီးဘူး။ ဒါကြောင့် မထုတ်ပြန်ဘဲ ထားတာပါ။

အခုတော့ ယဉ်ကျေးမှု တော်လှန်ရေးဆိုတာက အတိတ်ဖြစ်သွားပြီ။ ဒါကြောင့် 'ဖထသ' က ရလိုက်တဲ့ သင်ခန်းစာကို (လိုသလောက်) ရေးနိုင်ပါပြီ။

## မတူရင်မတုနဲ့ဆိုတဲ့ ပထမသင်ခန်းစာ။

တိုင်းပြည်တပြည်နဲ့ တပြည် မပြောနဲ့ ကိုယ့်တိုင်းပြည်တပြည်ထဲမှာ ပင်ဖြစ်စေ ချွတ်စွတ် – ထပ်တူ ဖြစ်တယ်ဆိုတာ လောကမှာ မရှိနိုင်ပါဘူး။ (၁၉၃၉) (၁၉၄၀) (၁၉၄၁) တွေတုန်းကလို အဖြစ်မျိုး ကျွန်တော်တို့ ဗမာပြည်မှာ ထပ်မဖြစ်နိုင်ပါဘူး။ ဆင်တူယိုးမှားတော့ ဖြစ်နိုင်ပါတယ်။

ကမ္ဘာ့အခြေအနေကလည်း ထပ်မဖြစ်နိုင်ဘူး။ ဆင်တူယိုးမှားတော့ ဖြစ်နိုင်တယ်။ ချွတ်စွတ် ထပ်တူတော့ ဘယ်တော့မှ မဖြစ်နိုင်ဘူး။

တိုင်းပြည်တပြည်နဲ့တပြည် သမိုင်းဖြစ်ပေါ်မှု တူဖို့ဆိုတာ ပိုပြီး ဝေးတယ်။

'ဖထသ' ရဲ့ (ပထမဆုံး အမှား) က တရုတ်ပြည်နဲ့ ဗမာပြည် တူသလိုလို ပုံတူကူးချတာပဲ။ တရုတ်နဲ့ဗမာ မတူဘူးဆိုတာကို တရုတ်ခေါင်းဆောင်ကြီးတွေ သိသလို ကျွန်တော်တို့ နယ်စပ်က ခေါင်းဆောင်တွေကလည်း သိနေတာပဲ။

– တရုတ်ယဉ်ကျေးမှု တော်လှန်ရေးက တော်လှန်ရေးအောင်မြင်ပြီး (၁၇) နှစ်နေမှ လုပ်တာဖြစ်တယ်။ ချန်ကေရှိတ်က ထိုင်ဝမ်ပြေးနေရပြီ။ အမေရိကားက ဆိုဗီယက်ကိုပဲ အဓိကထားနေရပြီ။

ကျွန်တော်တို့ကတော့ တော်လှန်ရေးက တအိအိကျဆင်းနေတာပဲ။ နေဝင်းကလည်း မိုင်အနည်းငယ်ပဲဝေးတဲ့ ရန်ကုန်မှာ အထိုင်ကျနေတယ်။ ပဲခူးရိုးမဆိုတာက ရန်သူဝိုင်းဝိုင်းလည်နေတယ်။ မိမိနဲ့ရန်သူအင်အားအချိုးအစားက ၁း၁၀၀၀ လောက် ဖြစ်နေတယ်။ 'ရန်သူကလည်း ထိုးစစ် မိမိကလည်း ထိုးစစ်' ဆိုတဲ့ စစ်ရေးလမ်းစဉ်က ကမ္ဘာမှာ ဘယ်တုန်းကမှ မရှိဖူးတဲ့ သေနင်္ဂဗျူဟာအမြင်ပဲ။

## ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုကို မဖျက်ဆီးနဲ့ဆိုတဲ့ ဒုတိယသင်ခန်းစာ။

ကွန်မြူနစ်ပါတီရဲ့ စည်းရုံးရေးမူဟာ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှု (DC) ဖြစ်တယ်။ ဒီမိုကရေစီကို ဖျက်သိမ်းရင် ပါတီတွင်းဘဝကို ဖျက်ဆီးတာပဲ။ ဂိုဏ်းတွေ၊ အုပ်စုတွေ၊ ကြိတ်ဝိုင်းတွေ မုချပေါ်မှာပဲ။ ''ပါတီရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်း'' မှာ ပါတီဝင်တွေရဲ့ အခွင့်အရေးတွေ ဖော်ပြထားတယ်။ (၆) ချက်ရှိတယ်။ ပါတီက ချမှတ်တဲ့ လုပ်ငန်းစဉ်၊ လမ်းစဉ်၊ ပေါ်လစီ၊ ခြေလှမ်းတွေသာမက နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုနဲ့ဆိုင်တဲ့ ပြဿနာများမှာပါ ပါတီဝင်တိုင်း ပါဝင်ဆွေးနွေးနိုင်ခွင့် ပေးထားတယ်။ အများစုရဲ့ ဆုံးဖြတ်ချက်ကို သဘောမတူရင်လည်း မိမိထင်မြင်ချက်တွေကို ထိန်းသိမ်းထားနိုင်တယ်။ မိမိပါဝင်တဲ့ ပါတီအဖွဲ့အစည်းမှာ ဖြစ်စေ၊ အထက်အဖွဲ့အစည်းသို့ဖြစ်စေ တင်ပြနိုင်ခွင့်ရှိတယ်။ ဗဟိုရဲ့ ဆုံးဖြတ်ချက်ကို သဘောမတူရင် ပြည်လုံးကျွတ်ပါတီကွန်ဂရက်အထိ တင်ပြနိုင်ခွင့်ရှိတယ်။

'ဖထသ' က အဲဒီစည်းရုံးရေးမူတွေကို ဖျက်ဆီးပစ်တာပဲ။ 'ဖထသ' ကာလမှာ (ဗဟို) မရှိတော့ဘူး။

တရုတ်ယဉ်ကျေးမှု တော်လှန်ရေးမှာက (ဗဟို) ကို ဖျက်သိမ်းမပစ်ဘူး။ ဖျက်သိမ်းလို့လည်း မဖြစ်ဘူး။ သူကတရုတ်ပြည်ကြီးတခုလုံးကို ကိုယ်စားပြုနေရတဲ့ အစိုးရ (အာဏာရ) ပါတီ ဖြစ်တယ်။ ရဲဘော်ချူအင်လိုင်း ဦးစီးတဲ့ အစိုးရအဖွဲ့က အစိုးရတခုရဲ့အလုပ်ကို ပုံမှန်လည်ပတ်အောင် လုပ်နေတာ ဖြစ်တယ်။

ကျွန်တော်တို့က သူပုန်ထနေရတုန်းပဲ။ ပါတီဗဟိုမရှိရင် ဘာမှမရှိတော့တာပဲ ဖြစ်မယ်။ အရှေ့မြောက်မှာ ဖထသ မလုပ်ဘဲနေတာဟာ တကယ်တော့ (ဗဟို) ကို ဆန့်ကျင်တာပဲ။ တဖက်ကလည်း (ဗဟိုစစ်စစ်) လုပ်ဖို့ တင်ပြနေတာပဲ။ စင်ပြိုင်ဗဟိုထောင်ချင်ရင် လွယ်ပါတယ်။ ကိုယ့်မှာ တပ်ကြီးကြီးမားမား ရှိတယ်။ တည်ငြိမ်တဲ့အခြေခံဒေသကြီး ရှိတယ်။ နိုင်ငံတကာ့အဆက်အသွယ် ရှိတယ်။ အသံလွှင့်ရုံ ရှိတယ်။ စင်ပြိုင်လုပ်ချင်ရင် လွယ်ပါတယ်။ ဒါပေမဲ့ ဘယ်လိုမှ မလုပ်ခဲ့ဘူး။ ဥက္ကဋ္ဌသခင်ဇင်ရဲ့ မိန့်ခွန်းတွေကို (တည်းဖြတ်ပြီး) လွှင့်ပေးပါတယ်။ တည်းဖြတ်တာဟာ ဗဟိုချုပ်ကိုင်မှုကို အပြည့်အဝ နာခံတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ မတည်းဖြတ်လို့

မဖြစ်ဘူး။ တပါတီလုံး 'ဖထသ' လုပ်ကြဆိုတာမျိုးကိုတော့ တည်းရမှာပဲ။ ဖြတ်ရမှာပဲ။ ဒါဟာ ဗဟိုချုပ်ကိုင်မှုကို တစိတ်တပိုင်း ချိုးဖောက်တာလို့ ဆိုနိုင်တယ်။ ဒီလို ချိုးဖောက်ဖို့ လိုနေလို့ မတတ်သာဘဲ လုပ်ရတာပဲ။ မီးစာကုန်ဆီခန်းဖြစ်ပြီး ပဲခူးရိုးမမှာ (ဗဟို) မရှိတော့မှ ၁၉၇၅ ဗဟိုဆိုတာကို ဖော်ထုတ်တာဖြစ်တယ်။ ဗကပ အလံလဲလို့ မဖြစ်ဘူး။ ဒါကြောင့် အလံထူလိုက်တာပဲ။ ဒုတိယကွန်ဂရက် (၁၉၄၅) က တင်မြှောက်ခဲ့တဲ့ လက်ကျန်ဗဟိုကော်မတီတွေကို အခြေခံပြီး တိုးချဲ့လိုက်တာ ဖြစ်တယ်။ ပါတီသစ်ထောင်တာ မဟုတ်ဘူး။

ဒုတိယကွန်ဂရက်က ၁၉၄၅ မှာ လုပ်ခဲ့တာဖြစ်လို့ ကြာခဲ့ပါပြီ။ တတိယကွန်ဂရက်ကို '၇၅ ဗဟိုကော်မတီ' က ၁၉၈၅ ကျမှ လုပ်နိုင်တယ်။ နှစ် (၄၀) ကြာသွားတယ်။ ကွန်ဂရက်ကို ဖြစ်ကတတ်ဆန်းလုပ်လို့ မဖြစ်ပါဘူး။ သခင်စိုးက ၁၉၄၄ ခုနှစ်မှာ အဲဒီလို ဖြစ်ကတတ်ဆန်း "လယ်တဲကွန်ဂရက်" လုပ်ခဲ့လို့ ၁၉၄၆ မှာ အလံနီခွဲမှု ပေါ်ခဲ့တာပဲ။ ဒီသင်ခန်းစာကို ဘယ်တော့မှာ မမေ့ဖို့ လိုပါတယ်။ အထူးသဖြင့် U/G ကာလမှာ အဓိကခေါင်းဆောင် လုပ်နေသူက သတိကြီးကြီးထားရပါမယ်။ ပါတီကွန်ဂရက် ကျင်းပနိုင်တဲ့ အခြေအနေရှိနေရင် ပါတီဗဟိုက ကွန်ဂရက် ခေါ်ပေးရမှာ ဖြစ်သလို ဖြစ်ကတတ်ဆန်း ကွန်ဂရက်မျိုးကိုလည်း မလုပ်မိဖို့ သတိထားရပါမယ်။ ၁၉၈၅ မှာ '၄၅ ဗဟိုကော်မတီ' က များများစားစား ကျန်တော့တာ မဟုတ်ဘူး။ အသက်ဆက်ရုံကလေးပဲ ကျန်တော့တာပဲ။ [လက်နက်ကိုင်တိုက်ပွဲ တိုက်နေတဲ့ပါတီအဖို့ ကွန်ဂရက်ကို ပုံမှန်ကျင်းပနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါ။ ဒီလိုပဲ နိုင်ငံတကာမှာ လုပ်ခဲ့ကြတာ ဖြစ်သည်။ ဒီချို့ယွင်းချက်ကို ပြင်တဲ့အနေနဲ့ '၇၅ ဗဟိုကော်မတီ' က ပါတီစည်းမျဉ်းတွင် ပုဒ်မ (၃၃) ကို ပြဌာန်းခဲ့တာ ဖြစ်သည်။ ပုဒ်မ (၃၃) က ဒီလို ဆိုသည်။ "ကွန်ဂရက်ခေါ်နိုင်သည့် အခြေအနေလည်းမရှိ၊ ပါတီဗဟိုကော်မတီကို တိုးချဲ့ဖွဲ့စည်းရန် အပူတပြင်း တောင်းဆိုနေသော အရေးတကြီးအခြေအနေမျိုးတွင် ဗဟိုကော်မတီသည် ... ... ဗဟိုကော်မတီတိုးချဲ့ဖွဲ့စည်းခြင်းကို ခြွင်းချက်အနေဖြင့် ပြုလုပ်နိုင်သည်" လို့ ရေးထားသည်။ ယခုပါတီက ဗဟိုစည်းရုံးရေးကော်မတီ COC ကို ဖွဲ့စည်းထားခြင်းဟာ ထိုပုဒ်မအရ ဖြစ်သည်။ စတုတ္ထကွန်ဂရက် ကျင်းပနိုင်တဲ့ အချိန်အထိ COC က ဗဟိုတာဝန်ကို ယူနေမှာ ဖြစ်သည်။ (ဤကား စကားချပ်)]

## တတိယသင်ခန်းစာက ဂိုဏ်းအုပ်စုဖွဲ့တာကို ဘယ်တော့မှ အားမပေးနဲ့။

ပါတီဗဟိုကို မယုံကြည်တော့ရင် ဂိုဏ်းအုပ်စုဆိုတာ ပေါ်စမြဲပါ။ ပါတီဗဟိုကို မယုံကြည်တော့တာက 'ဖထသ' မပေါ်ခင်ကတည်းကပါ။ (က) တရုတ်ပြည်မှာ ယဉ်ကျေးမှုတော်လှန်ရေးပေါ်တာ (ခ) နေဝင်းက တရုတ်ဆန့်ကျင်ရေးလုပ်ပြီး မူကြီး (၅) ချက်ကို ချိုးဖောက်ပေးတာ (ဂ) တရုတ်ပြည်ပါတီမှာ '၄' ဦးဂိုဏ်းက အာဏာတစိတ်တပိုင်းရနေတာ အဲဒါတွေ (မတော်တဆ) ပေါင်းစပ်မိသွားလို့ အရှေ့မြောက် NE ပေါ်တာပဲ။ NE ပေါ်လာလို့လည်း 'ဗကပ ရဲ့သက်တမ်း ရှည်တာပဲ'။ ဒီ (ကွင်းဆက်) ကို အသိအမှတ်မပြုရင် မှားပါတယ်။

[ဒီ (ကွင်းဆက်) ကို သိနေရင် ဘာကြောင့် 'ဗကပ' မှာ ခွဲထွက်တွေ ပေါ်သလဲ၊ ဘာ့ကြောင့် တရုတ်ကွန်မြူနစ်အစိုးရက (နဝတ/နအဖ) နဲ့ ရင်းနှီးချစ်ကြည်နေရတာလဲ ဆိုတာတွေရဲ့ အဖြေက ပေါ်လာမှာပါ။ (စကားချပ်)]

အဓိက သင်ခန်းစာကြီး (၃) ရပ်ကို တင်ပြပြီးပါပြီ။

## နောက်ဆုံးတင်ပြချင်တာ။

ပါတီရဲ့ သက်တမ်း (၇၀) အတွင်းမှာ အမှန်တွေ၊ အမှားတွေ အများကြီးလုပ်ဖူးပါတယ်။ ဒါပေမဲ့ ဂုဏ်ယူပြီးပြောနိုင်တာက အမှားတွေ ဘယ်လိုပဲ ကျူးလွန်ကျူးလွန် **'ရန်သူမပျောက်ပါဘူး။'**

'ဖထသ' ရဲ့ အမှားဟာ သေလောက်တဲ့အမှားပဲ။ ဒါပေမဲ့ သူက 'ရန်သူပျောက်သွားတာ' မဟုတ်ဘူး။ 'ပြန်လည်ပြင်ဆင်ရေးဝါဒ' သားစဉ်မြေးဆက် ဘယ်တော့မှ မပေါ်စေဖို့ဆိုတဲ့ (လွဲမှားတဲ့ရည်မှန်းချက်) နဲ့ ကိုယ့်ပါတီတွင်းမှာ 'ရန်သူ' ရှာခဲ့လို့ ဖြစ်တယ်။ ပြည်သူတွင်းပဋိပက္ခ (ပါတီတွင်းပဋိပက္ခ) ကို 'ရန်/ငါ ပဋိပက္ခ' အဖြစ် မြှင့်တင်လိုက်လို့ မှားတာပဲ။

တကယ်က 'ပါတီတွင်းလမ်းစဉ်တိုက်ပွဲ' ကို 'ပါတီရဲ့စည်းမျဉ်းဥပဒေ' အရ ဆင်နွှဲတာကို အားပေးရမှာပါ။ 'ပါတီတွင်းမှာ လမ်းစဉ်တိုက်ပွဲ' က ဘယ်တော့မဆို ရှိနေမှာပဲ။ မရှိနဲ့ဆိုပြီး ကွပ်ညှပ်လို့ မဖြစ်ပါဘူး။ 'ဒီမိုကရေစီဗဟိုချုပ်ကိုင်မှု' ဘောင်ထဲမှာ လမ်းစဉ်တိုက်ပွဲ တိုက်တာကို အားပေးရပါမယ်။ 'ပါတီတွင်း လမ်းစဉ်တိုက်ပွဲ' ကို ဒီမိုကရေစီလည်းရှိ၊ ဗဟိုချုပ်ကိုင်မှုလည်းရှိတဲ့အခြေအနေမှာ တိုက်ကြဖို့ အားပေးရပါမယ်။

အထူးသဖြင့် အင်အားကြီးနိုင်ငံတွေ ကမ္ဘာ့စနစ်သစ် (NWO) လွှန်ပွဲဆွဲနေချိန်မှာ ပြည်တွင်းမှာလည်း NLD-SPDC လွှန်ပွဲဆွဲနေချိန်မှာ သတိထားရမယ့်ထာဝရသင်ခန်းစာဖြစ်ကြောင်း တင်ပြပါတယ်။

လေ့လာရေး

## “ရန်သူကိုမိတ်ဆွေဖြစ်အောင်လုပ်ရေး” နဲ့ ပတ်သတ်တဲ့ အတွေးအခေါ် (ဆွေးနွေးချက်)

(၁) ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တဲ့ အတွေ့အကြုံတွေ မိမိတို့မှာလည်း ရှိပါတယ်။ ပြည်ပအတွေ့အကြုံတွေလည်း လေ့လာဖူးပါတယ်။ တွေ့ရှိရ တာက မိမိတို့ရန်ပွဲထက် ပိုပြီးကြီးကျယ်တဲ့ ခြိမ်းခြောက်မှုကြီး၊ အန္တရာယ် ကြီးကို (၂) ဘက်စလုံးက မြင်ကြမှ၊ အသိအမှတ်ပြုကြမှ မိတ်ဆွေဖြစ်အောင်လုပ်ရေး အောင်မြင်တာပဲ။

၁၉၃၈ – ၃၉ က မိမိတို့နဲ့အင်္ဂလိပ်ဟာ ရန်ဘက်ပဲ။ ဒါပေမဲ့ ဂျပန်ဖက်ဆစ်ဝါဒရဲ့ ခြိမ်းခြောက်မှုကြီး အန္တရာယ်ကြီးပေါ်လာတော့ မိတ်ဆွေဖြစ်ရေးကို စတင်ပြီးကြိုးစားခဲ့တာပဲ။ အင်္ဂလိပ်ဘက်က အင်တင်တင်လုပ်ခဲ့ပေမယ့် နောက်ဆုံးကျတော့ မိတ်ဆွေဖြစ်သွားကြတာပဲ။ ဒါက ကိုယ်ပိုင်အတွေ့အကြုံ ဖြစ်တယ်။

ပြည်ပအတွေ့အကြုံကို လေ့လာတော့လည်း ဒီလိုပဲ တွေ့ရတာပဲ။ ရုရှားနဲ့အင်္ဂလိပ် ရန်ဘက်ဖြစ်နေတာ ကနေ ဟစ်တလာနာဇီတို့ရဲ့ ခြိမ်းခြောက်မှုကြီး စစ်အန္တရာယ်ကြီး ကျရောက်လာတော့ မိတ်ဆွေဖြစ်သွားကြတာပဲ။ အိမ်နီးချင်း တရုတ်ပြည်ကိုလေ့လာတော့လည်း ဒီလိုပဲ တွေ့ရတယ်။ အခုဆိုရင် တရုတ်ပြည်ကွန်မြူနစ်ပါတီ (CPC) နဲ့ ကူမင်တန် (KMT) တကျော့ပြန်ပြီး မိတ်ဖက်ဖြစ်နေကြပြန်ပြီ။ ဘာကြောင့်လဲ။ ပိုကြီးတဲ့ခြိမ်းခြောက်မှုကြီးကို (၂) ဘက်စလုံးက မြင်ကြလို့ပဲ။

(၂) ဘက်စလုံးက မြင်ကြမှ၊ အသိအမှတ်ပြုကြမှလည်း အောင် မြင်တာပဲ။ တဖက်တည်း မြင်နေလို့ကတော့ ဘာမှဖြစ်မလာနိုင်ဘူး။

(၂) လက်တွေ့ကျကျစဉ်းစားရမယ်။ နဝတ/နအဖ က NLD ကို “ဘုံရန်သူ” လို့ သတ်မှတ်ထားတယ်။ ထွက်သမျှ စာနယ်ဇင်းမှာ ရှေ့ဆုံးကနေပြီး ဖော်ပြခိုင်းထားတယ်။ ချေမှုန်းကြရမယ်လို့လည်း ဆိုတယ်။ ဒီလိုသဘောထားရှိသူကို ‘မိတ်ဆွေ’ ဖြစ်အောင် ဘယ်လိုမှ မလုပ်နိုင်ပါဘူး။ ဒါကြောင့် စေ့စပ်ဆွေးနွေးပြီး ရင်ကြားစေ့ရအောင်လို့ NLD က အာပေါက်မတတ် ပြောနေတာပဲ။ SPDC ဗိုလ်သန်းရွှေတို့ကတော့ အဲဒီလို မမြင်ဘူး။ ‘၂၀၀၈ အခြေခံဥပဒေ’ ရဲ့အာဏာ သက်ရောက်လာရင် “ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်” ဖြစ်လာမယ်လို့ မြင်နေတယ်။ ‘ပြည်တွင်း ပြည်ပ အဖျက်သမားတွေကို ဘုံရန်သူအဖြစ်’ ချေမှုန်းပစ်ရမယ်လို့ ဆော်ဩနေတယ်။ လက်တွေ့လည်း လုပ်နေတယ်။ အခုဆိုရင် အင်းစိန်ထောင်ထဲမှာ NLD ချေမှုန်းရေး လုပ်နေတယ်။ မိတ်ဆွေဖြစ်လာဖို့နေနေသာသာ ရန်ပွဲက ပိုပြီးကြီးလာမယ့် အခြေအနေ ရှိနေတယ်။

(၃) သူ့ဘက်က မမြင်ရင်လည်း မြင်တဲ့ဘက်က လျှော့ပေးလိုက်လို့ ပြောရင်တော့ အဲဒါဟာ ‘မူ’ မဲ့တဲ့ ကျေအေးရေးပဲ။ သစ္စာဖောက်မှုပဲ ဖြစ်လိမ့်မယ်။ ‘မူ’ ပေါ်မှာ ကြံ့ကြံ့ခိုင်၊ နည်းနာမှာပျော့ပျောင်းဖို့ပဲ လိုတယ်။

‘မူ’ မဲ့တဲ့ ကျေအေးရေးလုပ်ရင် ပြည်သူက လက်မခံဘူး။ ဒဏ်ခတ်လိမ့်မယ်။ ဦးနု ‘ပထစ’ အကျနာတာကို သင်ခန်းစာ ယူရမယ်။ ဦးနုလည်း ‘ရန်သူကို မိတ်ဆွေဖွဲ့ခဲ့တာပဲ’ မဟုတ်လား။ ဒီအရင်ကလည်း ‘စောစိန်မော်’ အကျနာခဲ့တယ် မဟုတ်လား။

(၄) ရန်သူက မိတ်ဆွေဖြစ်ဖို့ဆိုရင် "ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် ချေမှုန်းကြ" ဆိုတဲ့ သဘောထားကို ဖြုတ်ပေးတာက အစချီပါ။ ဒုတိယက "နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးပါ။" တတိယ ခြေလှမ်းက "စေ့စပ်ဆွေးနွေးပါ။" အဲဒီခြေလှမ်း (၃) လှမ်း SPDC က လှမ်းရင် မိတ်ဆွေဖြစ်ဖို့ နီးစပ်ပါပြီ။ နအဖ က ဒီခြေလှမ်းလှမ်းမယ့် အရိပ်အယောင်မတွေ့ပါဘူး။ ဒီခြေလှမ်း (၃) လှမ်းသာလှမ်းရင် ဘယ်သူနဲ့မဆို မိတ်ဆွေဖြစ်မှာပဲ။

(၅) 'လက်တွေ့နိုင်ငံရေး' ထောင့်က ချဉ်းကပ်ပြီးတဲ့နောက်မှာ အတွေးအခေါ် (အဘိဓမ္မာ) ထောင့်က ချဉ်းကပ်ကြည့်ကြပါဦးစို့။ ကွန်မြူနစ်တွေ ယုံကြည်တာက ဆန့်ကျင်ဘက်ချင်း ပေါင်းစည်းရေး (ညီညွတ်မှု) ဟာ အခြေအနေတခုသာ ဖြစ်ပါတယ်။ ယာယီသာ ဖြစ်ပါတယ်။ နှိုင်းယှဉ်ချက်အရသာ ဖြစ်ပါတယ်။ ဆန့်ကျင်ဘက်ချင်း တိုက်ခိုက်မှုကတော့ အကြွင်းမဲ့ဖြစ်တယ်လို့ ယုံကြည်ပါတယ်။

ညီညွတ်မယ်ဆိုရင် ဘာအတွက် ညီညွတ်မှာလဲ။ ရန်ဖြစ်ရမှာ ကြောက်သွားလို့လား။ ပျင်းသွားလို့လား။ ကိုယ့်ဘက်က ရှုံးမှာပဲ ထင်လို့လား။ အဲဒီလို ညီညွတ်ရေးမျိုးဆိုရင် ကြာရှည်မခံပါဘူး။ ကျွန်တော်တို့ရဲ့ ဦးသိန်းဖေ (မြင့်) ဟာ 'ရက်ကိုးရက်ကန်းမာ့က်စ်ဝါဒီ' အဖြစ်နဲ့ပဲ ဘဝနိဂုံးချုပ်သွားရပါတယ်။ သူဟာ ဦးနု၊ ဦးကျော်ငြိမ်း၊ ဗိုလ်နေဝင်းတို့နဲ့ မိတ်ဆွေဖြစ်ခဲ့ပါတယ်။ ဦးကျော်ငြိမ်းကဆိုရင် 'ဗကပ' ကို မတရားသင်းမကြေညာဘဲ ထားပါသေးတယ်။ ဦးသိန်းဖေ (မြင့်) က 'ဗကပ' ကို အပိုင်စီးနိုင်လိမ့်မယ် ထင်လို့ပါ။

အဲဒီဦးကျော်ငြိမ်းရဲ့ လှည့်ကွက်ကြောင့်ပဲ အထက်ဗမာပြည်မှာ ပြဿနာပေါ်ဖူးတယ်။ ကွန်မြူနစ်ဖမ်းပွဲကနေ ထွက်ပြေးလွတ်မြောက်လာတဲ့ ခရိုင်ခေါင်းဆောင်တွေ မတ်လ ၃၀ ရက်နေ့မှာ 'မိုးစပ်တောင်ဆွေးနွေးပွဲ' လုပ်တယ်။ '၃' ခရိုင် မြင်းခြံ၊ စစ်ကိုင်း၊ ကျောက်ဆည်ကလူတွေ တက်ပါတယ်။ အများစုက လက်နက်ကိုင်တိုက်ဖို့ ပြောကြတယ်။ မြင်းခြံသံမဏိမောင်မောင် (ကိုအောင်သူ) ကတော့ ပါတီကို မတရားသင်းကြေညာတာ မဟုတ်ဘူး။ ဗဟိုရဲ့ ညွှန်ကြားချက် (လက်နက်ကိုင်တိုက်ပွဲတိုက်ဖို့) လည်း မရှိဘူး။ လက်ဝဲကျွံနေတဲ့ ခင်ဗျားတို့ကိုသာ ဖမ်းတာပဲ။ မြို့ပေါ်မှာ ပါတီဆိုင်းဘုတ်တွေ ဖြုတ်မပစ်ဘဲထားတာ ကြည့်ပါ။ ဒါကြောင့် သူကတော့ မြင်းခြံပြန်မယ်။ ဗဟိုနဲ့ဆက်မယ်။ ခင်ဗျားတို့ကို လက်ဝဲကျွံတဲ့လူတွေအဖြစ် ပါတီက ထုတ်ပစ်တဲ့ ကြေညာချက် ထုတ်မယ်လို့ပြောပြီး မြင်းခြံပြန်သွားတာပါ။ နောက်ကျမှ သိရတာက သူမန္တလေးထောင်ထဲ ရောက်နေတယ်ဆိုတာ သိရတာပဲ။ ကိုသိန်းဖေ အဖြစ်မရှိမှုန်းကိုကျော်ငြိမ်းသိမှ မတရားသင်း ကြေညာတာပဲ။ ဒီကိစ္စရေးတာက 'NLD' အစဉ်းစားမမှားဖို့ ရေးတာပဲ။

(၆) အခု ဖဆပလ တို့၊ ဆိုရှယ်လစ်ပါတီတို့ ပြန်ပြီးထူထောင်မယ်ဆိုရင် နအဖ အပေါ် သူတို့ရဲ့ သဘောထားလည်း သိရရင် အားပေးမှာပါ။ ဒါကို 'ရန်သူကို မိတ်ဆွေဖြစ်အောင်' လုပ်တာပဲလို့ပြောရင် ရပါတယ်။ ထာဝရရန်သူ၊ ထာဝရ မိတ်ဆွေဆိုတာ မရှိနိုင်ပါဘူး။ ဘယ်သမိုင်းတကွေ့မှာ ဘယ်လိုရပ်တည်သလဲဆိုတာကိုပဲ ကြည့်ရမှာပါ။ ပြည်ပရေးရာမှာ ဆိုရင်လည်း ဒီလိုပဲ ချဉ်းကပ်ရပါမယ်။ သမိုင်းဆိုတာ နောက်ပြန်ရစ်ကြည့်လို့သာ ရပါတယ်။ ရှေ့ကိုရစ်ကြည့်လို့ မရပါဘူး။ ဒီကိစ္စ နောင်မှာ ဆွေးနွေးသင့် ဆွေးနွေးကြတာ ကောင်းပါတယ်။ အခုတော့ ပစ္စုပ္ပန်နဲ့ အနာဂတ်ကိုပဲ ကြည့်တာ ကောင်းပါလိမ့်မယ်။

**ထာဝရရန်သူ၊ ထာဝရ မိတ်ဆွေဆိုတာ မရှိနိုင်ပါဘူး။**
**ဘယ်သမိုင်းတကွေ့မှာ**
**ဘယ်လိုရပ်တည်သလဲဆိုတာကိုပဲ ကြည့်ရမှာပါ။**

# ဗမာပြည်ကွန်မြူနစ်ပါတီ ဖြတ်သန်းခဲ့တဲ့ နှစ် (၇၀) အတွင်းက ထူးခြားတဲ့ သမိုင်းကာလများ

၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ စတင်တည်ထောင်ခဲ့တဲ့ ဗမာပြည်ကွန်မြူနစ် ပါတီဟာ ၂၀၀၉ ခုနှစ်မှာ နှစ် ၇၀ ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ ပါတီ ဖြတ်ကျော်ခဲ့တဲ့ နှစ်ပေါင်း (၇၀) အတွင်း ရရှိခဲ့တဲ့ အတွေ့အကြုံနဲ့သင်ခန်းစာတွေ အများအပြားရှိပါတယ်။ အုပ်စိုးသူလူတန်းစားအပြောင်းအလဲ အမျိုးမျိုးကို ကြုံခဲ့ရသလို တော်လှန်ရေးအခြေအနေ အမျိုးမျိုးကိုလည်း ဖြတ်သန်းခဲ့ရပါတယ်။ ကြုံလာရတဲ့ အခြေအနေအမျိုးမျိုးမှာ ပါတီဟာ တိုင်းပြည်နဲ့ အဖိနှိပ်ခံပြည်သူလူထုရဲ့ အကျိုးကို ရှေ့ရှုပြီး အကောင်းဆုံး စဉ်းစားဆုံးဖြတ်ကာ ရဲရဲရင့်ရင့်ရင်ဆိုင်တိုက်ပွဲဝင်ခဲ့ပါတယ်။ ဒီလိုအတွေ့အကြုံတွေထဲက ၁၉၄၈၊ ၁၉၆၈၊ ၁၉၈၉ ခုနှစ်ကာလများရဲ့ အဖြစ်အပျက်တွေဟာ ထူးခြားထင်ရှားတဲ့ သမိုင်းအကွေ့အချိုးများ ဖြစ်ခဲ့တာ တွေ့ကြရမှာ ဖြစ်ပါတယ်။

<u>၁၉၄၈</u> -- ၁၉၃၉ မှာ မြေအောက်ပါတီအဖြစ် စတင်ဖွဲ့စည်းခဲ့တဲ့ ပါတီဟာ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး၊ ဂျပန်နယ်ချဲ့ဆန့်ကျင်ရေးများမှာ ရှေ့တန်းက ရဲဝံ့စွာ ပါဝင်ခဲ့ပါတယ်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွင်းမှာ နိုင်ငံရေးအင်အားစုအသီးသီးနဲ့အတူ တိုက်ပွဲဝင်ခဲ့တဲ့ ပါတီဟာ ဂျပန်တော်လှန်ရေး အောင်မြင်ပြီးဆုံးသွားချိန်တွင် ဥပဒေတွင်းမှာ တရားဝင်ပေါ်ထွက်လာခဲ့ပါတယ်။ ဥပဒေတွင်း ဖြတ်သန်းခဲ့တဲ့ အချိန်ကာလ အတွင်း အလုပ်သမား၊ လယ်သမား၊ မြို့နေဆင်းရဲသား၊ ဝန်ထမ်းပေါင်းစုံကို စည်းရုံးပြီး အခြေခံလူတန်းစားများရဲ့ အကျိုးစီးပွားအတွက် တိုက်ပွဲဝင်နိုင်ခဲ့ပါတယ်။ တိုင်းပြည်နဲ့ အခြေခံလူတန်းစားများရဲ့ အကျိုးစီးပွားအတွက် ပြည်သူလူထုကို စည်းရုံးတိုက်ပွဲဝင်လာတဲ့ ဥပဒေတွင်းကာလ (၃) နှစ် အတွင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လမ်းစဉ်ကို ထောက်ခံတဲ့ လူထုအင်အား တစတစ တိုးများလာခဲ့ပါတယ်။ ဒီလို ပြည်သူလူထုထောက်ခံမှု တစတစ တိုးများလာတဲ့ အခြေအနေကို ဖဆပလ အစိုးရက သူတို့အတွက် အန္တရာယ်လို့ ကြည့်မြင်ပါတယ်။ ဥပဒေတွင်းမှာ အတိုက်အခံပြိုင်ဘက် ပါတီအဖြစ် နေရာမပေးလိုပါဘူး။ ဒါကြောင့်ပဲ ဗမာပြည်ကွန်မြူနစ်ပါတီကို အပြတ်ချေမှုန်းဖို့ လုပ်ဆောင်ပါတယ်။ ၁၉၄၈ မတ်လ ၂၈ မှာ တပြည်လုံးက ကွန်မြူနစ်ပါတီဝင်ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ပါတယ်။ ဒီကာလမှာ တပ်မတော်ထဲက ကွန်မြူနစ်ပါတီဝင်အရာရှိတဦးရဲ့ သတင်းပေးမှုအရ ပါတီရဲ့ထိပ်ပိုင်း ခေါင်းဆောင်အများစု ရှောင်တိမ်းနိုင်ခဲ့တာပါ။ ရှောင်တိမ်းလွတ်မြောက်လာတဲ့ ပါတီထိပ်ပိုင်းခေါင်းဆောင်များအတွင်း ဆွေးနွေးပွဲပြုလုပ်ပြီး ဖဆပလ အစိုးရရဲ့ ဒီလို အကြမ်းဖက် ချေမှုန်းတိုက်ခိုက်မှုကို တုံ့ပြန်ဖို့နည်းလမ်း ရှာဖွေခဲ့ကြပါတယ်။ ဒါဟာ ပါတီရဲ့ ဥပဒေတွင်းတရားဝင် တည်ရှိပြီး ဒီမိုကရေစီနည်းကျ လူထုကို စည်းရုံးလှုပ်ရှား တိုက်ပွဲဝင်မှုကို လုံးဝပိတ်ပင်ချေမှုန်းလိုက်တာ ဖြစ်ပါတယ်။ ပါတီဟာ ဒီအတိုင်းသာ ငုံ့ခံလိုက်ရင် ပါတီတည်ရှိမှု ပျက်စီးသွားမှာဖြစ်ပြီး ပြည်သူလူထု အကျိုးစီးပွားကို ဆက်လက်ဦးဆောင်တိုက်ပွဲဝင်ပေးမှုလည်း ရပ်ဆိုင်းသွားတော့မှာ ဖြစ်ပါတယ်။ ဒီအခြေအနေမျိုး အရောက်မခံနိုင်တဲ့ ပါတီခေါင်းဆောင်စုဟာ ဥပဒေတွင်း ရပ်တည်တိုက်ပွဲဝင်ခွင့် မရတော့ရင်လည်း ရတဲ့နည်းနဲ့ ခုခံဆန့်ကျင်တိုက်ပွဲဝင်ပြီး ရပ်တည်သွားဖို့ ဆုံးဖြတ်ချက် ချခဲ့ကြပါတယ်။ ဒီလိုအခြေအနေမျိုးမှာ တိုင်းပြည်နဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ဆက်လက် တိုက်ပွဲဝင်မယ်ဆိုရင် ဒီလမ်းကြောင်းကလွဲပြီး တခြားလမ်း ရွေးစရာမရှိပါ။ ဒါဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဂုဏ်ပြောင်တဲ့ လက်နက်ကိုင်တော်လှန်ရေးကို ပေါ်ပေါက်စေခဲ့တာ ဖြစ်ပါတယ်။ မဲ့ကံစ်လီနင်ဝါဒနဲ့ မော်စီတုန်းအတွေးအခေါ်ကို

ကိုင်စွဲတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီက ဗမာပြည်ရဲ့ အဖိနှိပ်ခံ အလုပ်သမား၊ လယ်သမားနဲ့ ပြည်သူတရပ်လုံးရဲ့ အကျိုးစီးပွားအတွက် ဥပဒေပမှာ ဆက်လက် ရပ်တည်ပြီး လက်နက်ကိုင်ခုခံစစ်ပွဲ ဆင်နွှဲခဲ့တာ ဖြစ်ပါတယ်။ ပါတီဗဟိုရဲ့ တပြည်လုံးရှိ ပါတီအဖွဲ့အစည်း အသီးသီးကို ရရာလက်နက်ဆွဲကိုင်ပြီး အုပ်စိုးသူ ဖဆပလ အစိုးရကို ဆန့်ကျင် တိုက်ပွဲဝင်ဖို့ ဆော်ဩချက်ကြောင့် ပါတီအဖွဲ့အစည်းရှိရာ ဒေသအသီးသီးမှာ လက်နက်ကိုင်တိုက်ပွဲများ အကျယ်အပြန့် ဖြစ်ပေါ်ခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ နှစ် (၇၀) လုံးလုံး ရှင်သန်ရပ်တည်နိုင်ခဲ့တာဟာ ရန်သူရဲ့ ဖိနှိပ်မှုကို ငုံ့မခံဘဲ ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ပွဲဝင်ရဲတဲ့ စိတ်ဓာတ် ရှိခဲ့လို့ ဖြစ်ပါတယ်။ ဒါဟာ ဥပဒေတွင်းပါတီအဖြစ်ကနေ လက်နက်ကိုင် တော်လှန်တဲ့ပါတီအဖြစ် ပြောင်းလဲသွားခဲ့ရတဲ့ သမိုင်းအကွေ့အချိုးတခု ဖြစ်ပါတယ်။

<u>၁၉၆၈</u> –– ၁၉၄၈ က စခဲ့တဲ့ လက်နက်ကိုင် တော်လှန်ရေး ခရီးကြမ်းဟာ နှစ် (၂၀) အတွင်း အတက်အကျ အမျိုးမျိုးကို ကြုံခဲ့ရပါတယ်။ လက်နက်ကိုင်တပ်အင်အား၊ ပါတီရဲ့ အခြေခံလှုပ်ရှားနိုင်ရာဒေသ၊ အတိုးအလျော့၊ အတက်အကျ အမျိုးမျိုးကို ရင်ဆိုင်ပြီး အဆက်မပြတ် ဆက်လက်တိုက်ပွဲဝင်ရင်း ကျော်လွှားခဲ့ပါတယ်။ ၁၉၆၇ မှာတော့ ဗိုလ်နေဝင်းစစ်အုပ်စုဟာ တရုတ်ဆန့်ကျင်ရေး ဖန်တီးခဲ့ပါတယ်။ ဒါရဲ့အကျိုးဆက်အဖြစ် ဗမာပြည်ကွန်မြူနစ်ပါတီကို တရုတ်ကွန်မြူနစ်ပါတီက နိုင်ငံတကာ့အကူအညီတွေ ဖုံးပေါလအောပေးခဲ့တဲ့အခြေအနေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သမိုင်းတလျှောက် ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ လက်နက်ခဲယမ်း အကြီးအငယ်မျိုးစုံကို ရရှိခဲ့ပြီး သမိုင်းတလျှောက် မရှိခဲ့ဖူးတဲ့ တပ်အင်အား၊ အခြေခံဒေသတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ အရင်က မသိခဲ့ဖူးတဲ့ လူမျိုးစုအင်အားစုတွေဟာ ဗမာပြည်ကွန်မြူနစ်ပါတီဝင်နဲ့ တပ်မတော်သားတွေ ဖြစ်လာခဲ့ပါတယ်။ ပါတီအင်အားမရှိခဲ့ဖူးတဲ့ ဗမာပြည်ရဲ့ အစွန်အဖျားဒေသတွေမှာ ကြီးမားတဲ့ တပ်အင်အားနဲ့ အခြေခံဒေသတွေ နှစ်အချို့အတွင်း ပေါ်ထွက်လာခဲ့ပါတယ်။ ဒီဒေသများအတွင်း ဖြစ်ပေါ်ခဲ့တဲ့ စစ်ရေးတိုက်ပွဲများမှာ ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ခဲ့မှုရဲ့ရလဒ်များ ဖြစ်ပါတယ်။ ရန်သူဟာ ပြည်တွင်းစစ်အတွင်း မကြုံဖူးတဲ့ ထိခိုက်ဆုံးရှုံးမှုတွေ အမြောက်အမြား ကြုံတွေ့ခဲ့ပါတယ်။

ဒီကာလ ပြည်မမှာရှိခဲ့တဲ့ ပါတီရဲ့ အင်အားနဲ့ဒေသများရဲ့ အခြေအနေဟာ အလွန်အင်အားချည့်နဲ့တဲ့ အခြေအနေ ဖြစ်နေပါပြီ။ ဖြုတ်ထုတ်သတ် လမ်းစဉ်အမှားကြောင့် ခေါင်းဆောင်အင်အား ယုတ်လျော့ခဲ့ပြီး ပါတီရဲ့ အင်အားစုအားလုံး နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ အင်အားအရ ယုတ်လျော့နေချိန် ဖြစ်ပါတယ်။ ဒီအခြေအနေမှာ ရရှိလာခဲ့တဲ့ နိုင်ငံတကာ့အကူအညီဟာ ပါတီအတွက် တန်ဖိုးကြီးမားလှပါတယ်။ ဒီအခွင့်ကောင်းကို ဆုပ်ကိုင်ပြီး ပါတီဟာ လက်နက်ကိုင်တော်လှန်ရေး အရှိန်ကို မြှင့်တင်နိုင်ခဲ့ပါတယ်။ ပြည်တွင်းက တော်လှန်ရေးအင်အားစု အသီးသီးကို တိုက်ရိုက်နဲ့သွယ်ဝိုက် အကူအညီတွေ ပေးနိုင်ခဲ့ပါတယ်။ လူမျိုးစုလက်နက်ကိုင် အင်အားစု အသီးသီးကိုလည်း ကြီးမားတဲ့ ရုပ်ဝတ္ထု အကူအညီတွေ ပေးနိုင်ခဲ့လို့ လက်နက်ကိုင်တော်လှန်ရေးအရှိန် မြင့်မားလာခဲ့ပါတယ်။

၁၉၆၈ အဖြစ်အပျက်ဟာ ထူးခြားတဲ့အခြေအနေကြောင့် ရှောင်တခင် ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။ အခွင့်ကောင်း ကြုံကြိုက်ချိန်မှာ ပြည်တွင်းတော်လှန်ရေး အင်အားများ ချည့်နဲ့နေပြီး လူထုကို လက်နက်ကိုင်တော်လှန်ရေးထဲ ပါဝင်လာအောင် စည်းရုံးနိုင်မှု မလုံလောက်ခဲ့လို့ အောင်ပွဲရသည်အထိ မချီတက်နိုင်ခဲ့ပေမယ့် ဗမာပြည်ကွန်မြူနစ်ပါတီ အနေနဲ့ ဒီအခွင့်ကောင်းကို အကောင်းဆုံးပေါင်းစပ်ပြီး တော်လှန်ရေးအတွက် အကျိုးရှိအောင် လုပ်ဆောင်ခဲ့ပါတယ်။ ဒါဟာ လက်နက်ကိုင်တော်လှန်ရေး အခြေအနေနိမ့်နေရာက မြင့်မားလာခဲ့တဲ့ သမိုင်းအချိုးအကွေ့တခုပါပဲ။

<u>၁၉၈၉</u> –– ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သမိုင်းတလျှောက်မှာ မကြုံဖူးတဲ့ အဖြစ်အပျက်တွေ ပေါ်ပေါက်လာခဲ့တဲ့နှစ်တနှစ်ပါပဲ။ ၁၉၈၁ ခုနှစ်မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ နိုင်ငံတကာ့အခြေအနေနဲ့ ပြည်တွင်းအခြေအနေအပေါ် သုံးသပ်အကဲဖြတ်ချက်များအရ ဗမာပြည်မှာ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့ လုပ်ဆောင်သင့်တယ်လို့ ယူဆမှုရှိခဲ့ပါတယ်။ ဒီမြော်မြင်မှုရလဒ်အဖြစ် မဆလ နဲ့ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ ဖြစ်လာခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီက ဗမာပြည်ရဲ့ အကျိုးကို မျှော်ကိုးပြီး မပြီးစီးနိုင်တဲ့ ပြည်တွင်းစစ်ကို ရပ်စဲနိုင်ဖို့နည်းလမ်းများ တင်ပြခဲ့ပါတယ်။ ဒီတင်ပြချက်တွေထဲမှာ ဗမာပြည်မှာ 'ပါတီစုံစနစ်' ကျင့်သုံးဖို့ တင်ပြတာ ပါဝင်ပါတယ်။ အကောင်အထည်မပေါ်ခဲ့ပါဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဗိုလ်နေဝင်းက တဖက်သတ်ရပ်ဆိုင်းပစ်ခဲ့ပါတယ်။ ဒီလိုဆွေးနွေးပွဲ ပျက်သွားပေမယ့် ပါတီဟာ "ပါတီစုံစနစ်" ပေါ်ပေါက်ရေးကို နည်းပရိယာယ်တခုအဖြစ် ဆက်လက်ကျင့်သုံးခဲ့ပါတယ်။ ဒီနည်းပရိယာယ်အရ ပြည်တွင်းက နိုင်ငံရေးအင်အားစု အသီးသီးကိုလည်း စည်းရုံးခဲ့ပါတယ်။ ၁၉၈၇ ခုနှစ်၊ မတ်လ ၂၈ ရက် လက်နက်ကိုင်တော်လှန်ရေးနေ့မှာ မဆလ အစိုးရကို ဖျက်သိမ်းပြီး ယာယီအစိုးရတရပ်ထူထောင်ကြဖို့ ပါတီဗဟိုက

ကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။ မဆလ ရဲ့ (၂၆) နှစ် သက်တမ်းအတွင်း ဘက်စုံမအောင်မြင်မှုတွေကို စိတ်ကုန်ပြီး အခြေအနေသစ်ကို မျှော်လင့်နေတဲ့ ပြည်တွင်းက နိုင်ငံရေး အင်အားစုဟောင်း၊ အင်အားစုသစ်များနဲ့ ပါတီဟာ လက်တွဲ လှုပ်ရှားနိုင်ခဲ့ပါတယ်။ ဒီလို နိုင်ငံရေးအင်အားစုများရဲ့ အင်အားရှိရှိ လှုပ်ရှားမှုရယ်၊ ၁၆ နှစ်လုံးလုံး မဆလ လက်အောက်မှာ ဖိနှိပ်ခံနေရတဲ့ လူထုကြီး တရပ်လုံးရဲ့ မကျေနပ်မှုပေါင်းစုံကြောင့် ဆန့်ကျင်အုံကြွလိုမှုရယ်၊ မဆလ တွင်းမှာ ဗိုလ်နေဝင်းရဲ့ လမ်းစဉ်နဲ့ ခေါင်းဆောင်မှုကို စိတ်ကုန်လာကြတဲ့ ဝန်ထမ်းပေါင်းစုံတို့ရယ် ပေါင်းဆုံမိပြီး ၁၉၈၈ မှာ လူထုအုံကြွမှုကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ ပါတီဟာ ဒီလှုပ်ရှားမှုကြီးအတွင်းမှာ ဒီကာလရဲ့ နည်းပရိယာယ်အရ ယာယီအစိုးရတရပ် ပေါ်ပေါက်ရေးကို ဦးတည်လုပ်ဆောင်ခဲ့ပါတယ်။ ဒီဦးတည်ချက်ကို အကောင် အထည်မဖော်နိုင်မီ နဝတ စစ်အုပ်စုရဲ့ အာဏာသိမ်းမှု ပေါ်ပေါက်လာခဲ့တယ်။ ၁၉၈၈ လူထု အုံကြွမှုကြီးဟာ ရည်မှန်းချက် မရောက်ဘဲ ဆက်လက်တိုက်ပွဲဝင်ရဖို့ ဖြစ်လာခဲ့ပါတယ်။

၁၉၆၈ ကစပြီး ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ ပါလာကြတဲ့ အရှေ့မြောက်စစ်ဒေသက လူမျိုးစုလက်နက်ကိုင်အင်အားစု အသီးသီးမှာ တော်လှန်ရေးရှည်ကြာမှုကြောင့် တော်လှန်ရေးအပေါ်မှာ ငြီးငွေ့စိတ်ခတ်ကျလာနေကြတာ ၁၉၈၈ မတိုင်မီကတည်းက ဖြစ်ပါတယ်။ နိုင်ငံတကာ့အခြေအနေ အပြောင်းအလဲများအရ တရုတ်ပြည်ကွန်မြူနစ်ပါတီက ပေးနေတဲ့ နိုင်ငံတကာ့အကူအညီများ ရပ်ဆိုင်းသွားခဲ့တာဟာလည်း စိတ်ခတ်ကျဆင်းမှုအတွက် အကြောင်းအချက်တခု ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ အနေနဲ့နိုင်ငံတကာ့အကူအညီရမှ တော်လှန်ရေးလုပ်မယ်ဆိုတဲ့ စဉ်းစားမှုမျိုး မရှိခဲ့ဖူးပါ။ အကြောင်းအချက်တခုခုကြောင့်၊ အခြေအနေတခုခုကြောင့် အကူအညီရလာခဲ့ရင်ယူပြီး အင်အားရှိရှိနဲ့ ဆက်လက်တိုက်ပွဲဝင်သွားမှာ ဖြစ်သလို အကူအညီမရတော့တဲ့ အခြေအနေမှာလည်း ရှိတဲ့အခြေအနေအရ ဆက်လက်တိုက်ပွဲဝင်သွားမှာသာ ဖြစ်ပါတယ်။ ကွန်မြူနစ်ပါတီတရပ်အနေနဲ့ အင်အားချည့်နဲ့သွားလို့ အလျှော့ပေးအညံ့ခံသွားရိုးထုံးစံ မရှိပါဘူး။ ဗမာပြည်ပြည်သူတွေဘဝ မလွတ်မြောက်သေးပါဘူး။ မဖွံ့ဖြိုးမတိုးတက်သေးပါဘူး။ စစ်အုပ်စုနဲ့ဆွေမျိုးသားချင်းများနဲ့ အပေါင်းပါများသာ ချမ်းသာကြွယ်ဝဖွံ့ဖြိုးတိုးတက်နေတာ ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ အနေနဲ့ ၁၉၈၈ လူထုအုံကြွမှုကြီးအပြီးမှာ အောင်ပွဲမရဘဲ ဆက်တိုက်ဖို့ ပြင်ဆင်နေချိန်မှာပဲ ပါတီရဲ့ အရှေ့မြောက်စစ်ဒေသက အင်အားစုအသီးသီးဟာ ပါတီခေါင်းဆောင်မှုအောက်ကနေ ခွဲထွက်သွားကြပြီး စစ်အုပ်စုနဲ့ ပေါင်းသွားကြပါတယ်။ ဒီလို လက်နက်ကိုင်အင်အားစုများ ဆုံးရှုံးသွားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ မြေအောက်ပါတီအဖြစ် ပြောင်းလဲရပ်တည်ပြီး ဆက်လက်တိုက်ပွဲဝင်ခဲ့ပါတယ်။ ဒါဟာ ၁၉၈၉ မှာ ဖြစ်ပေါ်ခဲ့တဲ့ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲနေတဲ့ ပါတီအဖြစ်မှ မြေအောက်ပါတီအဖြစ်သို့ ပြောင်းလဲခဲ့ရတဲ့ သမိုင်းအချိုးအကွေ့တခု ဖြစ်ပါတယ်။

ဒီသမိုင်းဖြစ်ရပ် ၃ ခုကို ကြည့်လိုက်ရင် ဗမာပြည်ကွန်မြူနစ်ပါတီဟာ တော်လှန်ရေးအတွက် အရေးကြီးတဲ့အခြေအနေကြုံတွေ့လာရချိန်များမှာ တိုင်းပြည်နဲ့ပြည်သူလူထုရဲ့ အကျိုးကို ဦးတည်ဆောင်ရွက်နိုင်မယ့် တော်လှန်ရေးလမ်းကြောင်းကိုသာ ပြတ်ပြတ်သားသား ရွေးချယ်လျှောက်လှမ်းခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒီနေ့ ၁၉၈၉ ပြီးနောက် နှစ် (၂၀) ရှိလာခဲ့ချိန်မှာ ပြည်တွင်းရဲ့ နိုင်ငံရေးတိုက်ပွဲဟာ ဆက်လက်ပြင်းထန်နေဆဲဖြစ်ပါတယ်။ နအဖ စစ်အုပ်စုဟာ မဆလ စစ်အုပ်စုလိုပဲ အမြော်အမြင်နည်းပါးလွန်းပါတယ်။ ဗိုလ်နေဝင်းလိုပဲ စစ်အုပ်စုအကျိုးကို ကြည့်လွန်းပါတယ်။ ဒီနေ့ခေတ်ရဲ့နိုင်ငံတကာ့အခြေအနေအရ၊ ပြည်တွင်းအခြေအနေအရ ပြည်တွင်းက နိုင်ငံရေးအင်အားစုအသီးသီးနဲ့ ဒီမိုကရေစီနည်းလမ်းကျကျ စေ့စပ်ဆွေးနွေးဖြေရှင်းပြီး တတိုင်းပြည်လုံး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်နိုင်မယ့် လမ်းကြောင်းကို လျှောက်လို့ရနေပါလျက်နဲ့ မလျှောက်ပါ။ ပြည်တွင်းက နိုင်ငံရေးအင်အားစုအသီးသီးကို ထိပ်တိုက်ဆန့်ကျင် ထိန်းချုပ်ပြီး နာမည်ခံရပ်သေးအင်အားစုများနဲ့ စစ်အုပ်စုနန်းဆက် ရေရှည်တည်တံ့ခိုင်မြဲရေးကို အာမခံမယ့်၊ နာမည်ခံအရပ်သားအစိုးရတရပ် ပေါ်ပေါက်ရေးကိုသာ ခေါင်းမာစွာ ဆက်လက်လုပ်ဆောင်နေပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဒီနေ့ကာလရဲ့ အခြေအနေအရ တည်ရှိလာမယ့် အင်အားစုများနဲ့ လက်တွဲပြီး စစ်အုပ်စုမင်းဆက် တရားဝင်တည်ရှိရေး ပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပျက်သည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမှာ ဖြစ်ပါတယ်။ ပါတီဟာ နှစ် (၇၀) သမိုင်းအတွင်း သမိုင်းအချိုးအကွေ့မျိုးစုံမှာ ရှင်သန်ရပ်တည်ပြီး တိုင်းပြည်နဲ့ အဖိနှိပ်ခံပြည်သူလူထုအကျိုးအတွက် ရပ်တည်တိုက်ပွဲဝင်ခဲ့ကြောင်း လက်တွေ့အဖြစ်အပျက်များက ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲကာလမှာ ဖြစ်တည်လာမယ့် အခြေအနေများအရ ဆက်လက်တိုက်ပွဲဝင်သွားဖို့ ပြင်ဆင်ပြီး ဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်